# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**စေတနာကောင်းကိုထား**

လက်ဝါးပြင်တွင် အနာမရှိသော် အဆိပ်သည် ထိုသူအား လောင်ခြင်းငှာ မတတ်နိုင်သကဲ့သို့ မကောင်းမှုပြုလိုသောစိတ်မရှိသူအား မကောင်းမှုသည်မရှိ။ အရာရာတွင် စေတနာသာလျှင် အဓိကဖြစ်၍ စေတနာကောင်းကို ထားသင့်လှ၏။

ပါဠိပဒ(ဓမ္မပဒ-၁၂၄)


၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday , 23 November 2016 (၈၇၅၄)




## တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပိုလန်နိုင်ငံသံအမတ်ကြီးအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် လက်ခံတွေ့ဆုံ


စာမျက်နှာ ၃ »»




## ရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး သမ္မတအိမ်တော်၌ ကျင်းပ


စာမျက်နှာ ၃ »»


# တတိယအကြိမ်မြောက် မြန်မာ-အီးယူ လူ့အခွင့်အရေးဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**

တတိယအကြိမ်မြောက် မြန်မာ-အီးယူ လူ့အခွင့်အရေးဆိုင်ရာဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။ ဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ဥရောပသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် Mr.Stavros Lambrinidis တို့က ပူးတွဲသဘာပတိအဖြစ်ဆောင်ရွက်ခဲ့ကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း၊ ရန်ကုန်မြို့ရှိ ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ သံအမတ်ကြီး မစ္စတာရိုလန်ကိုဘီယား၊ သက်ဆိုင်ရာဝန်ကြီးဌာန (၁၁) ခုမှ အဆင့်မြင့်အရာရှိကြီးများ၊ ဥရောပသမဂ္ဂမှ အဆင့်မြင့်အရာရှိကြီးများနှင့် ရန်ကုန်မြို့ရှိ ဥရောပသမဂ္ဂအဖွဲ့ဝင်သံရုံးများမှသံတမန်များ တက်ရောက်ကြသည်။


**စာမျက်နှာ ၃ ကော်လံ ၅ သို့ ◆**




တတိယအကြိမ်မြောက် မြန်မာ-အီးယူ လူ့အခွင့်အရေးဆိုင်ရာဆွေးနွေးပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

## တိုင်းပြည်အတွက် မဖြစ်မနေဆောင်ရွက်ရမည့် စီမံကိန်းများကိုသာ ပြည်ပချေးငွေဖြင့် အကောင်အထည်ဖော်သင့်


ပြည်ထောင်စုလွှတ်တော် စာ ၅ »»


## နိုင်ငံစီးပွားရေးတည်ငြိမ်သည့်အချိန်၊ သင့်လျော်သောကာလတွင် ငွေစက္ကူများကို ပြောင်းလဲသုံးစွဲနိုင်ရေး ဆောင်ရွက်သွားမည်


ပြည်သူ့လွှတ်တော် စာ ၅ »»


## သိမ်းဆည်းခံလယ်ယာမြေများအား မြေမဲ့ယာမဲ့ ဒေသခံများနှင့် ရွှေ့ပြောင်းလုပ်သားများအတွက် ဥပဒေ၊နည်းဥပဒေများနှင့်အညီ ခွင့်ပြုပေးလျက်ရှိ


အမျိုးသားလွှတ်တော် စာ ၆ »»



KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ကြေးမုံ

## လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး

မျက်မှောက်ကာလတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးမှာ အလွန်အရေးကြီးလာသည်။ အရည်အချင်းမြင့်မားသော လူ့အရင်းအမြစ်များ ထွန်းကားမှသာ နိုင်ငံတည်ဆောက်ရေးအတွက် အထောက်အပံ့ကောင်းဖြစ်နိုင်သလို အလုပ်အကိုင်အခွင့်အလမ်းပေါများပြီး လူတစ်ဦးချင်းအလိုက် ဝင်ငွေမြင့်မားကာ လူမှုဘဝမြင့်မားတိုးတက်လာမည်ဖြစ်သည်။

လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုရာ၌ ဘာသာရပ်အလိုက်ကျွမ်းကျင်သူများ၊ ပညာရှင်များဖြစ်သည့်အပြင် ကျွမ်းကျင်သူအသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ကျွမ်းကျင်သူ အလုပ်သမားများလည်းပါဝင်သည်။ ယနေ့ကာလတွင် ဘာသာရပ်အလိုက် နယ်ပယ်အလိုက် ကျွမ်းကျင်မှုပညာရပ်နိမ့်ကျခြင်း သို့မဟုတ် ကိုယ်ရည်ကိုယ်သွေး မမီခြင်းအကြောင်းတစ်မျိုးမျိုးကြောင့် လုပ်ငန်းနယ်ပယ်အလိုက် အဆင့်မမီဟု သတ်မှတ်မှုရှိလာသည်။

အထူးသဖြင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာနယ်ပယ်တို့၌ အဖြစ်များလာပြီး အသက်မွေးဝမ်းကျောင်း သင်တန်းဆင်းပြီးသူများပင် မိမိတို့သင်ယူခဲ့ရာ ဘာသာရပ်နှင့်ပတ်သက်၍ပင် နှံ့နှံ့စပ်စပ် နားလည်သိရှိနိုင်မှု အားနည်းလာသည်ကိုတွေ့ရသည်။ ဤသည်မှာ သင်ကြားမှုနယ်ပယ်တွင်သာမက သင်ယူမှုနည်းစနစ်အပိုင်းတွင်ပါ လိုအပ်ချက်ရှိလာခြင်းကြောင့်ဟု သုံးသပ်ရမည်ဖြစ်သည်။

အခြေခံကျွမ်းကျင်မှုနယ်ပယ် သို့မဟုတ် အလုပ်သမားနယ်ပယ်တွင်လည်း စနစ်တကျကျွမ်းကျင်တတ်မြောက်သူနည်းလာပြီး သာမန်ကာလျှံကာ တတ်မြောက်သူများ များလာသည်ဟုဆိုရမည်ဖြစ်သည်။ ဘွဲ့ရပညာတတ်ဟု ဆိုသော်လည်း လုပ်ငန်းခွင်နယ်ပယ်၌ ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု အားနည်းချက်များရှိလာသဖြင့် လုပ်ငန်းခွင်အရည်အချင်းဆန်းစစ်မှုတွင် အရည်အချင်းပြည့်မီသူ နည်းလာသည်ဟု ဆိုနိုင်သည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် မြန်မာနိုင်ငံသားများ လုပ်ကိုင်နိုင်ခြင်းသည် နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းတိုးစေသည်သာမက ကောင်းမွန်သော ဝင်ငွေလစာရရှိနိုင်သည့်အပြင် ရင်းနှီးမြှုပ်နှံသူအတွက်လည်း နိုင်ငံခြားသားကိုပေးရသည့် လုပ်ခလစာထက် လျော့နည်းသက်သာစေသည်။ သို့သော် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတို့အနေဖြင့် လုပ်ခသက်သာမှုထက် အရည်အသွေးမြင့်မားမှုကို လိုအပ်သဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းမီသူကိုသာ အသုံးပြုလိုကြသည်။

ယခုအခါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများရှိလာသည့်အပြင် အနာဂတ်ကာလတွင်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုကျယ်ပြန့်လာမည်ဖြစ်သောကြောင့် ကျွမ်းကျင်သူအမျိုးမျိုး ပိုမိုလိုအပ်လာမည်ဖြစ်သည်။ လက်ရှိတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၌ ၎င်းတို့နိုင်ငံမှ နိုင်ငံခြားသားများကို ပိုမိုအသုံးချလာမှုရှိလာရာ မြန်မာနိုင်ငံသားများ၏ ကျွမ်းကျင်မှုကို ပြန်လည်အကဲဖြတ်ဆန်းစစ်ရန် လိုအပ်လာပြီဟု ဆိုရမည်ဖြစ်သည်။

လူသားအရင်းအမြစ်ဟုဆိုသည်နှင့် ပညာသင်ကြားခဲ့ရာ ကျောင်းတော်ကြီးကို လက်ညှိုးထိုးခြင်းထက် လုပ်ငန်းဝင်ကျွမ်းကျင်မှုနယ်ပယ်မှာ ပိုမိုအဓိကကျသဖြင့် သက်ဆိုင်ရာလုပ်ငန်းခွင်နယ်ပယ်သို့ ဝင်မည့်သူများ၊ အလုပ်ရှင်များနှင့် အလုပ်သမားဌာနများ ပူးပေါင်း၍ လုပ်ငန်းခွင်အရည်အသွေးမြှင့်တင်ရေးကို အလေးထားဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်သည်။

တစ်ချိန်သောကာလက လုပ်ငန်းဝင်ကျွမ်းကျင်မှုရရှိစေရန်အတွက် စက်မှုလက်မှုအထက်တန်းကျောင်းများ၊ ညနေပိုင်းသင်တန်းများ၊ သိပ္ပံများမှ သင်တန်းသားများသည် ကျွမ်းကျင်မှုအရည်အသွေးမြင့်မားခဲ့ကြသကဲ့သို့ အနာဂတ်ကာလအတွက် စက်မှုလက်မှုအသက်မွေးဝမ်းကျောင်းပညာသင်တန်းများကို အဆင့်မြှင့်တင် တိုးချဲ့ဖွင့်လှစ် ထူထောင်ပေးသွားရန် လိုအပ်မည်ဖြစ်သည်။

သို့ဖြစ်ရာ တူတူတန်တန်လိုချင်လျှင် တန်ရာတန်ကြေးပေးရန်လိုအပ်သကဲ့သို့ တန်ရာတန်ကြေးလိုချင်လျှင် တူတူတန်တန် လုပ်ကိုင်နိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များကို ခေတ်မီတိုးတက်သည့် ခေတ်ကာလနှင့်အညီ တိုးမြှင့်ဖွင့်လှစ် သင်ကြားပေးသွားရန် တိုက်တွန်းပါသည်။ ။

## နယ်မြေတည်ငြိမ်ရေးနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၂**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်အား အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jurg Montani သည် ယမန်နေ့ နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Andrew Patrick သည် ယင်းနေ့ နံနက် ၁၁ နာရီတွင်လည်းကောင်း ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီ လာရောက်တွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်းရှိ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်ရေးနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်ရှိ နှစ်ဖက်လူ့အဖွဲ့အစည်းအတွင်း ရေရှည်သဟဇာတဖြစ်စွာ အတူလက်တွဲနေထိုင်ရေးနှင့် လိုအပ်သော စားနပ်ရိက္ခာများ မျှမျှတတ ကူညီထောက်ပံ့ပေးနေမှု အခြေအနေများ၊ ရခိုင်ပြည်နယ် မြေပြင်အခြေအနေမှန်များအား နိုင်ငံတကာမှ သိရှိနိုင်ရန်အတွက် သတင်းထုတ်ပြန်ရေးအဖွဲ့များ ဖွဲ့စည်းပြီး အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပြသပေးနေမှု အခြေအနေများ၊ နယ်စပ်ဒေသများရှိ IDPs များနှင့်ပတ်သက်၍ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများနှင့် နှစ်နိုင်ငံ ပိုမိုပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဦးစားပေးလုပ်ငန်းများ အလုပ်ရုံဆွေးနွေး

**ပုသိမ် နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနနှင့် UNDP တို့ပူးပေါင်းကျင်းပသည့် ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာကိစ္စရပ်များနှင့် ဦးစားပေးလုပ်ငန်းများ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပုသိမ်ဟိုတယ်၌ကျင်းပသည်။



အလုပ်ရုံဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီးရှိ ဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှု၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှု စီမံချက်အပါအဝင် ဘေးအန္တရာယ် စီမံခန့်ခွဲမှုစနစ်များ၊ တိုင်းဒေသကြီးအတွင်း ရင်ဆိုင်ရသော ဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များ၊ စိန်ခေါ်မှုများကို သတ်မှတ်ဖော်ထုတ်ရန်၊ လုပ်ငန်းစဉ်များ၊ ကဏ္ဍများ၊ ပုံစံများ၊ အချိန်ကာလ၊ ရန်ပုံငွေ၊ ဒေသဖွံ့ဖြိုးရေးအတွက် စီမံကိန်းများ ရေးဆွဲမှုအား ညှိနှိုင်းဆောင်ရွက်ခြင်းဆိုင်ရာများ၊ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ UNDP မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများက နှစ်ရက်ကြာ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

## လူထုဗဟိုပြုစီမံကိန်း၏ လူထုစစ်ဆေးပွဲ ဘီးလင်း၌ကျင်းပ

**ဘီးလင်း နိုဝင်ဘာ ၂၂**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း လူထုစစ်ဆေးပွဲကို နိုဝင်ဘာ ၂၀ ရက်က မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဆင်အင်းကျေးရွာအုပ်စု ဆပ်သွားကျေးရွာ မူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြင့်နိုင်က လူထုစစ်ဆေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် လူထုဗဟိုပြုစီမံကိန်းအကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**




ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ ရက်တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး ၀၂-၈၆၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



# တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပိုလန်နိုင်ငံသံအမတ်ကြီးအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၂**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဗန်ကောက်မြို့အခြေစိုက် ပိုလန်နိုင်ငံသံရုံးမှ သံအမတ်ကြီး H.E.Mr.Zenon Kuchciak အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# သံအမတ်ကြီး ဦးကျော်မျိုးထွဋ် ကနေဒါနိုင်ငံ ဘုရင်ခံချုပ်ထံ သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ကနေဒါနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်မျိုးထွဋ်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် အော်တာဝါမြို့၌ ကနေဒါနိုင်ငံ ဘုရင်ခံချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် ဒေးဗစ်ဂျွန်စတန်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

◆ **ရှေ့ဖုံးမှ**

**အမြင်ချင်းဖလှယ်**

ဆွေးနွေးပွဲတွင် အလုပ်သမားအခွင့်အရေး၊ မြေယာဆိုင်ရာအခွင့်အရေး၊ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုစာချုပ်များနှင့် လူ့အခွင့်အရေးကိစ္စရပ်များ၊ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းသွားလာသူများ၏ လူ့အခွင့်အရေးများ၊ လူကုန်ကူးမှုနှင့် ဆက်စပ်အသုံးချခံရမှုကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အခြေအနေ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများရှိ လူနည်းစုများ၏ အခွင့်အရေးများ၊ ဘာသာရေးဆိုင်ရာ သည်းမခံမှုများနှင့် အမုန်းတရားလှုံ့ဆော်မှုများ ကာကွယ်တားဆီးခြင်းဆိုင်ရာ ကိစ္စရပ်များအပြင် နိုင်ငံတကာဆွေးနွေးပွဲများတွင် လူ့အခွင့်အရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအပါအဝင် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး သမ္မတအိမ်တော်၌ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးဖေဇင်ထွန်း၊ ဦးဝင်းခိုင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**





**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် အီးယူလူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Stavros Lambrinidis နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အီးယူလူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အီးယူလူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Stavros Lambrinidis နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကုလသမဂ္ဂမျက်နှာစာတွင် လူ့အခွင့်အရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ရခိုင်ပြည်နယ်တွင် လတ်တလောဖြစ်ပေါ်တိုးတက်မှုများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

ကြေးမုံ





# ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကို တိုက်ဖျက်ရန် အေပက်ခေါင်းဆောင်များ သဘောတူ

လီမာ နိုဝင်ဘာ ၂၂

**ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကို စုပေါင်းတိုက်ဖျက်ကြရန် ပစိဖိတ်နှုတ်ခမ်းသတ်နိုင်ငံများမှ ခေါင်းဆောင်များက ကတိ ကဝတ်ပြုလိုက်ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။**

အမေရိကန်ပြည်ထောင်စုတွင် သမ္မတအဖြစ် ဒေါ်နယ်ထရန့် ရွေးကောက်တင်မြှောက်ခံခဲ့ရပြီးနောက် တရုတ်နိုင်ငံဦးဆောင်သော ကုန်သွယ်ရေးအုပ်စုတစ်စုတွင် ပါဝင်ရန် နိုင်ငံများ စိတ်ဝင်စားလျက်ရှိကြောင်း၊ အဖွဲ့ဝင် ၁၂ နိုင်ငံပါဝင်သော ပစိဖိတ်သမုဒ္ဒရာဖြတ် မိတ်ဖက်ပြု အစီအစဉ် (တီပီပီ) အမည်ပေးထားသော ကုန်သွယ်ရေးသဘောတူညီချက်ကို ဖျက်သိမ်းခြင်း သို့မဟုတ် ပြန်လည်ဆွေးနွေးညှိနှိုင်းခြင်း ပြုလုပ်မည်ဟု ဒေါ်နယ်ထရန့်က မဲဆွယ်စည်းရုံးရေးကာလအတွင်း ကတိပြုပြောကြားခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

တီပီပီ သဘောတူညီချက်အတိုင်း ဆက်လက်အကောင်အထည်ဖော်သွားရန် ပီရူးနိုင်ငံ လီမာမြို့၌ အေပက်ခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။

**ရိုက်တာ။**

## အာဏာသိမ်းရန်ကြိုးပမ်းမှုတွင် ပါဝင်ပတ်သက်သော တပ်ဖွဲ့ဝင် ၁၀၀၀၀ ကျော်အား တူရကီအစိုးရ ထုတ်ပယ်

**အန်ကာရာ နိုဝင်ဘာ ၂၂**

အစိုးရ၏ တရားဝင်အမိန့်ပြန်တမ်းဝက်ဘ်ဆိုက် ဖော်ပြချက်အရ ဇူလိုင်လကဖြစ်ပွားခဲ့သည့် အာဏာသိမ်းရန်ကြိုးပမ်းမှုနှင့်ပတ်သက်သည့် တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် ပြည်သူ့အဖွဲ့အစည်းများမှ လူပေါင်း ၁၀၀၀၀ ကျော်ကို စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ပြီးနောက် တူရကီအစိုးရက ထုတ်ပယ်လိုက်ကြောင်း ယနေ့သတင်းများအရ သိရသည်။

သံသယရှိသူများမှာ တူရကီနိုင်ငံ၌ဖြစ်ပွားခဲ့သည့် ဇူလိုင် ၁၅ ရက် အာဏာသိမ်းမှုအတွက် ဇာတ်တိုက်ပါဝင်သူများဟု စွပ်စွဲခြင်းခံထားရသည့် ဖီတူလာဂူလန် လှုပ်ရှားမှုနှင့် ပတ်သက်နေသည်ဟုဆိုသည်။ နောက်ဆုံး အကြိမ်ထုတ်ပြန်သည့်အမိန့်အရ မြေပြင်တပ်ဖွဲ့ဌာနချုပ်မှ တပ်ဖွဲ့ဝင် ၁၂၅၉ ဦး၊ ရေတပ်ဖွဲ့ဌာနချုပ်မှ ၃၉၁ ဦးနှင့် လေတပ်ဌာနချုပ်မှ ၃၃၈ ဦးတို့ကို တပ်မတော်က ထုတ်ပယ်ခဲ့သည်။

စုစုပေါင်း လူ ၄၀၃ ဦးကိုလည်း ဂျန်ဒါမာရီ ဌာနချုပ်မှ ထုတ်ပယ်ခဲ့ပြီး ရဲတပ်ဖွဲ့ဝင် ၇၅၈၆ ဦးကို လုံခြုံရေး ညွှန်ကြားမှုဌာနမှ ထုတ်ပယ်ခဲ့သည်။ အကြမ်းဖက်စုံစမ်းစစ်ဆေးမှု၏ တစ်စိတ်တစ်ဒေသအဖြစ် ထုတ်ပယ်ခံခဲ့ရသော ပြည်သူ့ဝန်ထမ်း ၁၅၇ ဦးကို ၎င်းတို့၏သက်ဆိုင်ရာ ရာထူးနေရာများသို့ ပြန်ပို့ခဲ့သည်။ အစိုးရမဟုတ်သော အဖွဲ့အစည်း ၅၅၀ ပုဂ္ဂလိက ကျန်းမာရေးအဖွဲ့အစည်း ၁၉ ခုနှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုးခုကိုလည်း ပိတ်သိမ်းခဲ့သည်။

ယခုလုပ်ဆောင်ချက်မှာ မအောင်မြင်သော အာဏာသိမ်းရန်ကြိုးပမ်းမှုဖြစ်ပွားပြီးနောက် ပြဋ္ဌာန်းခဲ့သည့် လာမည့်ဇန်နဝါရီလထိ သက်တမ်းတိုးချဲ့ထားသော အရေးပေါ်အခြေအနေတစ်ရပ်အရ ဆောင်ရွက်ခြင်းဖြစ်သည်။

ထို့အတူ အကြမ်းဖက်မှုတိုက်ဖျက်ရေး စုံစမ်းစစ်ဆေးမှုအတွင်း လေယာဉ်မှူးများ အပါအဝင် လေတပ်မှဝန်ထမ်း ၆၀ အား ယနေ့နံနက်ပိုင်းက ဖမ်းဝရမ်းများ ထုတ်ခဲ့ကြောင်းသိရသည်။ **ဆင်ဟွာ ။**



## အင်အားပြင်းမြေငလျင် လှုပ်ခတ်အပြီး ဖူကူရှီးမားဒေသအနီး ဆူနာမီလှိုင်းများသင့်ရောက်

**တိုကျို နိုဝင်ဘာ ၂၂**

နိုဝင်ဘာ ၂၂ ရက် နံနက်စောစောပိုင်းက ဂျပန်နိုင်ငံ မြောက်ဘက်ပိုင်းတွင် အင်အားပြင်းထန်သော မြေငလျင် လှုပ်ခတ်ခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်အတွင်းက လှုပ်ခတ်ခဲ့သော ငလျင်ကြီးကြောင့် ဆူနာမီရေလှိုင်းဒဏ်များ သင့်ရောက်ခံခဲ့ရသော ဖူကူရှီးမားဒေသတွင် တည်ရှိသည့် အဏုမြူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအနီး၌ ဆူနာမီရေလှိုင်း အသေးစားရိုက်ခတ်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

နိုဝင်ဘာ ၂၂ရက် အရှေ့ဗ်တက်ချိန်တွင် အရှေ့မြောက်ပိုင်းပင်လယ်ကမ်းရိုးတန်းဒေသ၌ ပြင်းအား ၇ ဒသမ ၄ အဆင့်ရှိ မြေငလျင်လှုပ်ခဲ့ရာတွင် တိုကျိုမြို့အထိ တုန်ခါခဲ့သည်။

ပင်လယ်ကမ်းရိုးတန်းဒေသ၌ နေထိုင်သူ ထောင်ပေါင်းများစွာသော ပြည်သူများသည် ဆူနာမီရေလှိုင်းဘေးမှ ရှောင်ရှားနိုင်ရန် ကုန်းမြင့်ပေါ် ထွက်ပြေးခဲ့ကြရသည်။

ဒေသစံတော်ချိန် နံနက် ၅ နာရီ ၅၉ မိနစ်တွင် ငလျင်လှုပ်ခတ်ခဲ့ကြောင်း၊ ထိခိုက်သေကျေမှုသတင်းများမရရှိကြောင်း၊ အဆိုပါငလျင်သည် ဖူကူရှီးမားစီရင်စု၏ ပင်လယ်ကမ်းလွန် ရေအောက်အနက် ၁၀ ကီလိုမီတာ (ခြောက်မိုင်) ကို ဗဟိုပြုကာ လှုပ်ခတ်ခဲ့သည်ဟု ဂျပန်အစိုးရ မိုးလေဝသအေဂျင်စီ (ဂျေအမ်အေ) က သတင်းထုတ်ပြန်သည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် ဖူကူရှီးမားမြို့၏ မြောက်ဘက် ကီလိုမီတာ ၇၀ (၄၅မိုင်) အကွာရှိ ဆိုင်ဒိုင်းမြို့၌ အမြင့် ၁ ဒသမ ၄ မီတာ (၄ ဒသမ ၅) ပေရှိ ရေလှိုင်းများ ကမ်းခြေအနှံ့သို့ ရိုက်ခတ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေ ပြည်သူ့ဝန်ဆောင်မှု အသံလွှင့်ဌာနက ပြောကြားသည်။

**ဆင်ဟွာ။**

# ကာလီနင်ဂရက်ဒေသ၌ ဒုံးကျည်ဖြန့်ကြက်မည်ဟု ရုရှားအထက်လွှတ်တော်အမတ်တစ်ဦးပြော



**မော်စကို နိုဝင်ဘာ ၂၂**

ရုရှားနိုင်ငံ၏ အနောက်ဘက်နယ်စပ်ဒေသအနီးတွင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)က စစ်ရေးတည်ဆောက်မှုကိုလက်တုံ့ပြန်သည့်အနေဖြင့် အက်စ်-၄၀၀ မြေပြင်မှ ဝေဟင်ပစ် ဒုံးကျည်များနှင့် ချူကလီးယား ထိပ်ဖူးသယ်ဆောင်နိုင်သော အစ်ခန်ဒါ ဒုံးကျည်များကို ကာလီနင်ဂရက်ဒေသ၌ ဖြန့်ကြက်မည်ဖြစ်ကြောင်း အစိုးရလိုလားသော ဝါရင့်အမတ်တစ်ဦးက နိုဝင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။

ကာလီနင်ဂရက်ဒေသ၌ အစ်ခန်ဒါ ဒုံးကျည်များကို အခါအားလျော်စွာ ပေးပို့ခဲ့သည်ဟု ရုရှားအစိုးရက ယခင်က ပြောကြားခဲ့သည်။ ဒုံးကျည်များ ပေးပို့ခြင်းမှာ ပုံမှန်စစ်ရေးလေ့ကျင့်မှုအရ ဖြစ်သည်ဟု ဆိုသည်။ သို့ရာတွင် ကာလီနင်ဂရက်ဒေသသို့ ဒုံးကျည်များ ပေးပို့ခြင်းနှင့် ရုရှားနိုင်ငံ၏ အနောက်ဘက်နယ်စပ်ဒေသအနီး နေတိုး၏ စစ်ရေး တည်ဆောက်ခြင်းတို့ ဆက်နွှယ်မှု ရှိမရှိ အစိုးရအဖွဲ့က အသေးစိတ်ပြောကြားခြင်း မရှိပေ။

ရုရှားနိုင်ငံသည် အရှေ့ဥရောပဒေသ၌ စစ်ရေးအရ အင်အားပြမှု ပိုမိုဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည်ဟု အမေရိကန်ပြည်ထောင်စု၌ သမ္မတအဖြစ် ဒေါ်နယ်ထရန့် ရွေးချယ်တင်မြှောက်ခံခဲ့ရပြီးနောက် နိုင်ငံရေးလေ့လာသူများက ပြောကြားကြသည်။ ဒေါ်နယ်ထရန့် သည် ရုရှားနိုင်ငံနှင့် ဆက်ဆံရေးတိုးမြှင့်လိုသည်ဟု ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလတွင် ပြောကြားခဲ့သည်။

အရှေ့ဥရောပ၌ အမေရိကန်က ဒုံးကျည်ကာကွယ်ရေးဒိုင်းလွှား ဖြန့်ကြက်ရန် စီစဉ်နေခြင်းအတွက် ရုရှားနိုင်ငံက တုံ့ပြန်ရန် လိုအပ်ကြောင်း ရုရှားအထက်လွှတ်တော် ကာကွယ်ရေးကော်မတီဥက္ကဋ္ဌ ဗစ်အိုဇာရော့ဗ်က ပြောကြားသည်။

**ရိုက်တာ။**

# တိုင်းပြည်အတွက် မဖြစ်မနေဆောင်ရွက်ရမည့်စီမံကိန်းများကိုသာ ပြည်ပချေးငွေဖြင့် အကောင်အထည်ဖော်သင့်

**နေပြည်တော် နိုဝင်ဘာ ၂၂**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သော ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ချေးငွေရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာ သက်သက်ခိုင်က JICA ချေးငွေဖြင့် ဆောင်ရွက်မည့် သန်လျင်တံတား အမှတ်-၃ တည်ဆောက်ခြင်းသည် သီလဝါ အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်တိုးတက်လာမည့် ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းများအတွက် လမ်းပန်းဆက်သွယ်မှုနှင့် ရန်ကုန်တောင်ပိုင်းခရိုင် မြို့နယ်များ၏ လူမှုစီးပွားဘဝကို တိုးတက်စေနိုင်သည့်အပြင် အဆောက်အအုံ တိုးတက်မှုရှုထောင့်မှ ကြည့်ရှုပါက



ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာ သက်သက်ခိုင်



ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း

ဆောင်ရွက်သင့်သည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း။

သို့သော်လည်း ပြည်ထောင်စုအစိုးရအနေဖြင့် အထူးစဉ်းစားရမည်မှာ ရေရှည်တွင်အစိုးရမှ ငွေချေးယူရန်မလိုအပ်ဘဲ တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ မည်ကဲ့သို့အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုသည့် မေးခွန်းပင်ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရမှ ပုဂ္ဂလိကကဏ္ဍကို ဖွံ့ဖြိုးမှုမိတ်ဖက်အနေဖြင့် သဘောထားပြီး စီမံကိန်းများ အကောင်အထည်ဖော်စေခြင်းသည် ရွေးချယ်စရာနည်းလမ်းတစ်ခုဖြစ်ပါကြောင်း။

ပြည်ထောင်စု၏ ဖွံ့ဖြိုးရေးစီမံကိန်းကြီးများကို ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်စေခြင်းသည် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများကို မတည်ရင်းနှီးငွေများ စိုက်ထုတ်ကျခံစေခြင်းဖြစ်ပြီး စီမံကိန်းတည်ဆောက်ခြင်းအပါအဝင် နှစ်ရှည်ဝန်ဆောင်မှုနှင့် ပြုပြင်ထိန်းသိမ်းရေးများကိုပါ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ နောင်တွင် တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်သည့် ဖွံ့ဖြိုးမှုစီမံကိန်းကြီးများထဲမှ စီးပွားရေးအရ တွက်ခြေကိုက်သည့် စီမံကိန်းများကို အစိုးရပုဂ္ဂလိကပူးပေါင်းဆောင်ရွက်သည့် ပုံစံဖြင့် ချေးငွေကင်းရှင်းအောင် အကောင်အထည်ဖော်စေပြီး စီးပွားရေးအရတွက်ခြေမကိုက်သော်လည်း တိုင်းပြည်၏ဖွံ့ဖြိုးမှုအတွက် မဖြစ်မနေဆောင်ရွက်ရမည့် စီမံကိန်းများကိုသာ ပြည်ပချေးငွေဖြင့် အကောင်အထည်ဖော်သင့်ပါကြောင်း ဆွေးနွေးသည်။

မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်းက ယခုချေးငွေမှာ ပြန်ဆပ်ကာလ နှစ်ပေါင်း(၄၀)အချိန်ရမည်ဖြစ်ပြီး အတိုးနှုန်းနည်းသည့် ချေးငွေဖြစ်သောကြောင့် ချေးယူရန် ထောက်ခံပါကြောင်း၊ သို့သော်လည်း အစိုးရတစ်ရပ်အနေဖြင့် ဝင်ငွေ/ထွက်ငွေ ဖြန့်ဖြူးမှုကို ညီမျှစေရန်အတွက် ဖွံ့ဖြိုးမှုနည်းပါးသည့် ဒေသများကို ဦးစားပေး ဆောင်ရွက်သင့်ပါကြောင်း၊ သို့ဖြစ်၍ နောင်ချေးငွေများ ချေးယူသည့်အခါ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်ကဲ့သို့ဆောင်ရွက်သွားမည်ကို ပြည်ထောင်စုလွှတ်တော်သို့ အသိပေး တင်ပြသင့်ပါကြောင်း ဆွေးနွေးသည်။

ကျိုက်လတ်မဲဆန္ဒနယ်မှဦးရန်လင်းက ယခုသန်လျင်တံတားမှာ ကြံ့ခိုင်မှုနည်းပါးနေသည့်အတွက် တံတားတစ်စင်း ထပ်မံတည်ဆောက်သင့်ပါကြောင်း၊ ယခုအခါတွင် မော်တော်ယာဉ်များ များပြားလာသည့်အတွက် တံတားပေါ်၌ ယာဉ်ပျက်မှုဖြစ်ပွားပါက ယာဉ်ကြောပိတ်ဆို့မှု အချိန်များစွာစောင့်ဆိုင်းရပါကြောင်း၊ သန်လျင်မြို့သည် ရန်ကုန်မြို့သစ်စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းတွင် ပါဝင်ပါကြောင်း၊ ချေးငွေမှာ နှစ်(၄၀) ဖြစ်ပြီး အတိုးနှုန်းမှာ (သုည ဒသမ ဝ၁)ဖြစ်သည့်အတွက် သက်သာသည့် အတိုးနှုန်းဖြစ်ပါကြောင်း၊ တံတားတည်ဆောက်ရာတွင် မြစ်ကြောင်း မထိခိုက်စေရေးအတွက် လေ့လာဆန်းစစ်မှုများပြုလုပ်ရန် အကြံပြုလိုပါကြောင်း၊ ယခုစီမံကိန်းတည်ဆောက်ရန်အတွက် ချေးငွေရယူရန် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေမှ ချေးငွေရယူရန်ကိစ္စနှင့် စပ်လျဉ်း၍ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေမှ ရယူမည့် ချေးငွေ အမေရိကန်ဒေါ်လာ (၆၁ ဒသမ ဝဝ)သန်းကို ခြောက်နှစ်တာကာလအတွင်း ချေးယူရမည်ဖြစ်ပြီး ပြန်ဆပ် ဆိုင်းငံ့ကာလ (၁၅)နှစ်၊ ပြန်ဆပ်ကာလ(၂၅)နှစ်ဖြစ်ပြီး အတိုးနှုန်းနှင့် ဝန်ဆောင်ခမှာ သက်သာသည့် နှုန်းထားဖြစ်သောကြောင့် ချေးယူရန် သင့်လျော်မှုရှိပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် တွံတေးတူးမြောင်း ရေလမ်းကြောင်း လုံခြုံမှုရှိစေရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်လာရေး၊ ခရီးသွားလာမှု တိုးတက်လာစေရေး၊ ကမ်းပြိုကမ်းစားမှုနှင့် ရေကြီးရေလျှံမှု နည်းပါးစေရေး၊ စိုက်ပျိုးမြေ ဆုံးရှုံးမှုလျော့ပါးစေရေး စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်သည့်အတွက် ယခုချေးငွေများ ချေးယူသင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ချေးငွေရယူရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူခြင်းကို အစည်းအဝေး ပဉ္စမနေ့တွင် ဆောင်ရွက်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# နိုင်ငံစီးပွားရေးတည်ငြိမ်သည့်အချိန်၊ သင့်လျော်သောကာလတွင် ငွေစက္ကူများကို ပြောင်းလဲသုံးစွဲနိုင်ရေး ဆောင်ရွက်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၂၂**

မြို့ဝင်၊ မြို့ထွက်ဂိတ်များအားရုပ်သိမ်းပေးရန် အစီအစဉ်မရှိကြောင်း နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်က ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ပြောကြားလိုက်သည်။

ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၏ မြန်မာနိုင်ငံအတွင်း လုံခြုံရေးအရ ထားရှိသည့် မြို့ဝင်၊ မြို့ထွက် ဂိတ်များမှအပ ကျန်ဒေသများရှိ မြို့ဝင်၊ မြို့ထွက် ဂိတ်များကို ရုပ်သိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် နေပြည်တော်ကောင်စီဝင်က ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် နေပြည်တော်ကောင်စီဝင်က မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏ ကွပ်ကဲမှုအောက်တွင်ရှိသော မြို့နယ်များတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် လိုင်စင်များစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း၊ ဥပဒေများနှင့်အညီ မြို့ဝင်၊ မြို့ထွက်ဂိတ်များထားရှိပြီး နှစ်စဉ်လေလံစနစ်ဖြင့် ကောက်ခံဆောင်ရွက်လျက်ရှိပါကြောင်း။

မြို့တွင်းလမ်းများအတွင်း ဖြတ်သန်းသွားသည့်ယာဉ်များကို ကောက်ခံခြင်းဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသာယာလှပရေးနှင့် လမ်း၊ တံတားများဖျက်ဆီးမှုတို့ကို ပြင်ဆင်ဆောင်ရွက်ခြင်းစသည့် စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် မြို့နယ်အလိုက် ကောက်ခံရရှိသည့် မြို့ဝင်ကြေးဝင်ငွေများဖြင့် ကျခံသုံးစွဲနေကြရသည့်အတွက် အဆိုပါ မြို့ဝင်၊ မြို့ထွက်ဂိတ်များအား ရုပ်သိမ်းပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၏ မြန်မာပြည်တစ်ဝန်းတွင် ကိုင်တွယ်သုံးစွဲနေသော ငွေစက္ကူအမျိုးမျိုးပေါ်ရှိ တံဆိပ်ရုပ်ပုံများအစား ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ပုံပါသော ငွေစက္ကူများဖြင့် အစားထိုးရိုက်နှိပ်ထုတ်ဝေသုံးစွဲရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက ငွေစက္ကူအသစ်ရိုက်နှိပ်ထုတ်ဝေမည်ဆိုပါက လှည့်လည်သုံးစွဲလျက်ရှိသည့် ငွေပမာဏကိုလဲလှယ်ပေးရမည်ဖြစ်ပြီး လှည့်လည်သုံးစွဲလျက်ရှိသည့်ပမာဏနီးပါးကို ရိုက်နှိပ်သိုလှောင်ထားရမည်ဖြစ်ပါကြောင်း။

လှည့်လည်သုံးစွဲလျက်ရှိသော ငွေစက္ကူတစ်ခုကို အပြည့်အဝလဲလှယ်ပေးနိုင်ရန် ရိုက်နှိပ်သိုလှောင်ရမည်ဆိုပါက ဘီလီယံ ၁၀၀ ခန့် ကုန်ကျမည်ဖြစ်ပါကြောင်း၊ အသုံးများသည့် ငွေစက္ကူများပါရိုက်နှိပ်မည်ဆိုပါက ဘီလီယံ ၃၀၀ ခန့် ကုန်ကျမည်ဖြစ်ပါကြောင်း၊ ပုံစံသစ်ငွေစက္ကူများ ထုတ်ဝေမည်ဆိုပါက လက်ရှိသုံးစွဲနေသည့် ငွေစက္ကူများကို ဖျက်ဆီးရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ ကုန်ကျစရိတ်ပိုမိုလာရန်ရှိနေခြင်း၊ ပုံစံအမျိုးမျိုးရှိနေသည့်အတွက် ပြည်သူများ ငွေစက္ကူအပေါ်တွင် ယုံကြည်မှုအားနည်းလာနိုင်ခြင်း၊ ငွေစက္ကူများအပေါ် မရေမရာ၊



သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်



မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း

ဇဝေဇဝါဖြစ်ပေါ်ခြင်းများရှိလာနိုင်သည့် အခြေအနေများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံစီးပွားရေးတည်ငြိမ်သည့်အချိန်၊ အနှောင့်အယှက်မဖြစ်စေနိုင်သည့် သင့်လျော်သောကာလတွင် ငွေစက္ကူများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၆၅၊ ၆၆ တို့နှင့်အညီ ပြောင်းလဲသုံးစွဲနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ငွေစက္ကူများ ပြောင်းလဲရိုက်နှိပ်ရာတွင် သုံးစွဲရမည့်ကုန်ကျစရိတ်၊ ဒီဇိုင်းရေးဆွဲခြင်း၊ ဒီဇိုင်းအတည်ပြုခြင်း၊ မှာကြားခြင်း၊ ရိုက်နှိပ်ခြင်းနှင့်ကြိုတင်သိုလှောင်ထားရှိခြင်း လုပ်ငန်းစဉ်များရှိသည့်အတွက် အချိန်ကာလတိကျစွာ သတ်မှတ်နိုင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း၊ ဗန်းမော်မဲဆန္ဒနယ်မှ ဦးအောင်သိန်း၊ မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍လည်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်တို့က ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး တင်သွင်းထားသည့် အိမ်အကူအလုပ်သမားများအပါအဝင် အလုပ်သမားများခန့်ထားရာတွင် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ အလုပ်သမားမှတ်ပုံတင်ထားပြီးမှ ခန့်ထားရန်နှင့် အလုပ်ရှင်များမှ အလုပ်သမားများကို အဓမ္မခိုင်းစေခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းကဲ့သို့သော ဥပဒေမဲ့လုပ်ရပ်များ မလုပ်နိုင်ရန် ကာကွယ်တားဆီးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခ္ခာညိုဦးက ပြဋ္ဌာန်းထားသောဥပဒေများနှင့်အညီ အလုပ်သမားများ အလုပ်ချိန်သတ်သတ်မှတ်မှတ်ရှိရန်၊ လုပ်ခမှန်ကန်စွာရရှိရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရန်၊ ကျန်းမာရေးအပါအဝင် အလုပ်သမားများ၏ရပိုင်ခွင့်ကို ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်ပါကြောင်း၊ အလုပ်သမားကို ခန့်အပ်ရာတွင် အလုပ်သမားနှင့်အလုပ်ရှင်အကြား စာချုပ်ချုပ်ဆို၍ တရားဝင်ခန့်အပ်ရန် လိုအပ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရန် ဥပဒေများပြဋ္ဌာန်းထားသော်လည်း လိုက်နာကျင့်သုံးခြင်းမရှိဘဲ အလုပ်ခန့်ခြင်း၊ အလုပ်ဖြုတ်ခြင်းများ ရှိနေပါကြောင်း၊ ဥပဒေများကို အလုပ်ရှင်များဘက်က နားလည်သော်လည်း အလုပ်သမားများဘက်က အပြည့်အဝ မသိရှိခြင်းကြောင့် အားနည်းချက်များဖြစ်နေပါကြောင်း၊ ဥပဒေများအတိုင်း ဆောင်ရွက်ခြင်း ရှိ၊ မရှိကို အလုပ်ခွင်များသို့ သွားရောက်၍ ပုံမှန်စစ်ဆေးပေးခြင်းဖြင့် အလုပ်သမားများအား ကာကွယ်ပေးစေလိုပါကြောင်း ဆွေးနွေးသည်။

ကွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီက အလုပ်ရှင်များသည် အမျိုးသမီးနှင့် ကလေးသူငယ်များကို ခိုင်းစေရာတွင် အမျိုးသားများနှင့်တန်းတူ လုပ်ခလစာနှင့် အခကြေးငွေမပေးဘဲ လျော့နည်းပေးခဲ့ပါကြောင်း၊ ကလေးသူငယ်များသည် လုပ်ခကြေးငွေနည်းနည်းဖြင့် အဆမတန်ခိုင်းစေခံရပြီး အမှားအယွင်းတစ်စုံတစ်ရာရှိပါက ညှဉ်းပန်းနှိပ်စက်ခံနေရပါကြောင်း၊ ဆင်းရဲမွဲတေမှု၊ ပညာမတတ်မှုများကြောင့် မိဘများကိုယ်တိုင်က မိမိတို့၏ကလေးများကို လုပ်ငန်းရှင်များထံ အပ်နှံ၍ စရန်ငွေ ၁၀ သိန်းမှ သိန်း ၂၀ အထိ ရယူ၍ စေခိုင်းနေသည်ကို တွေ့ရပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် အဆိုနှင့်စပ်လျဉ်း၍ ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း၊ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်နှင့် ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်းတို့ကလည်း ထောက်ခံဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူမှုဝင်ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၅ခုနှင့် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး ၇၈ ရုံးဖွင့်လှစ်၍ မှတ်ပုံတင်ပေးခြင်း၊ မှတ်ပုံတင်အလုပ်သမားများအား အလုပ်ရှင်ထံ ပေးပို့ခြင်း၊ အလုပ်ရှင်ကခန့်အပ်ရွေးချယ်သူများအား အလုပ်ခန့်ထားရေးကတ်ပြားထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အိမ်အကူအလုပ်သမားများ အခကြေးငွေရရှိရေးကိစ္စများအတွက် ၂၀၁၆ ခုနှစ် အခကြေးငွေပေးချေရေးဥပဒေအရ ဆောင်ရွက်နိုင်ပါကြောင်း၊ လက်ရှိပြဋ္ဌာန်းထားသော အလုပ်သမားဥပဒေများတွင် အိမ်အကူအလုပ်သမားများနှင့် ပတ်သက်၍ သီးခြားပြဋ္ဌာန်းထားသည့် ဥပဒေမရှိသေးပါကြောင်း။ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❐

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ချီလီသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်တို့အား သီးခြားစီလက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ချီလီသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Javier Becker အား ယနေ့ ညနေ ၃ နာရီတွင်လည်းကောင်း၊ **(ယာပုံ)** ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Stavros Lambrinidis နှင့် အဖွဲ့အား ညနေ ၄ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ချီလီသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေးနှင့် ကဏ္ဍစုံ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် တွေ့ဆုံစဉ် တရားဥပဒေစိုးမိုးရေးနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးကဏ္ဍများတွင် ဥရောပသမဂ္ဂ၏ ကူညီပံ့ပိုးမှုများ၊ ရွေးကောက်ပွဲ ဥပဒေဆိုင်ရာကိစ္စရပ်များ၊ လူသားချင်း စာနာထောက်ထားမှုကဏ္ဍတွင် ဥရောပသမဂ္ဂမှ အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ ဥပဒေများ ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ရေးဆွဲပြဋ္ဌာန်းခြင်း စသည့် လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော် အစည်းအဝေး

# သိမ်းဆည်းခံလယ်ယာမြေများအား မြေမဲ့ယာမဲ့ ဒေသခံများနှင့် ရွှေ့ပြောင်းလုပ်သားများအတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး၏ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့် မရရှိသေးဘဲ ခာတ်ဆီဆိုင် ဆောက်လုပ်ခြင်းနှင့် အဆိုပါ လယ်မြေဧကများအတွက် ၂၀၁၆ ခုနှစ်တွင် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ယူထားခြင်း ရှိ၊ မရှိ တို့ကို သိရှိလိုကြောင်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီအရောင်းဆိုင်အသစ် ဖွင့်လှစ်ခွင့်ပြုရန်အတွက် အဆိုပြုမြေနေရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံစာနှင့်အတူ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှ အတည်ပြုပြီးသည့် အရောင်းဆိုင်၏ အကွက်ချပုံစံ၊ တည်ဆောက်မည့် အရောင်းဆိုင်၏ ပုံစံနှင့် အသေးစိတ်ပုံစံတို့ဖြင့် ပြည့်စုံစွာ တင်ပြလျှောက်ထားလာပါက မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းနှင့် သတ္တုတွင်းဦးစီးဌာနတို့မှ ပညာရှင်အရာထမ်းများ ပါဝင်သောအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ

စက်သုံးဆီ အရောင်းဆိုင်တစ်ဆိုင်၏ အခြေခံလိုအပ်ချက်များနှင့် ပြည့်စုံကိုက်ညီမှုရှိပြီး သက်ဆိုင်ရာဌာန၏ စက်သုံးဆီ သိုလှောင်ခွင့်ပြုမိန့် လိုင်စင်ရရှိပြီးဖြစ်သဖြင့် ဖွင့်လှစ်ခွင့်ပြုသင့်ကြောင်း စစ်ဆေးရေးအဖွဲ့မှ ထောက်ခံတင်ပြလာပါက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အမှုဆောင်ကော်မတီ အစည်းအဝေးမှ စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ကို စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်း၊ အုတ်တွင်းမြို့နယ်အတွင်း ဦးညီညီထွေး (ရာဇာမင်းကုမ္ပဏီ)မှ လယ်ယာမြေအား စက်သုံးဆီအရောင်းဆိုင် အသုံးပြုရန် လျှောက်ထားဆဲ ကာလအတွင်း လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်မရရှိဘဲ စက်သုံးဆီအရောင်းဆိုင် ပြုလုပ်ရန် မြေညှိခြင်း၊ အုတ်ပုံခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သဖြင့် တင်းကုတ္တန်းကျေးရွာ အုပ်စုနှင့် အုတ်တွင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ လယ်ယာမြေပေါ်တွင် ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်း သုံးစွဲနေသဖြင့် ဖယ်ရှားပေးရန် အကြောင်းကြားစာများ ရေးပို့၍ အရေးယူဆောင်ရွက်ခဲ့ပါကြောင်း၊ ဦးညီညီထွေး(ရာဇာမင်းကုမ္ပဏီ)မှလည်း လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းမရှိဘဲ ရပ်ဆိုင်းထားပြီးဖြစ်ပါကြောင်း၊ လယ်ယာမြေပေါ်တွင် ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်း အသုံးပြုမှုများ ဆက်လက်ဆောင်ရွက်ပါကလည်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အနေဖြင့် လယ်ယာမြေ ဥပဒေပုဒ်မ ၂၀ အရ ဆက်လက်အရေးယူဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါ လယ်မြေနှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးထားခြင်း မရှိပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း၏ ပိုးစာပင်စိုက်ပျိုးရေး စီမံချက်အတွက် သိမ်းဆည်းထားသည့် ယာမြေဧကပေါင်းများစွာအား ပိုးစာစိုက်ပျိုးရေးစီမံချက် ဖျက်သိမ်းပြီးနောက်ပိုင်း မူလပိုင်ရှင်များထံ ပြန်လည်လွှဲအပ်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း မြန်မာ့ပိုးချည်စီမံကိန်းကို ၁၉၉၃ - ၉၄ ခုနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ စီမံကိန်းတွင် ဌာနအနေဖြင့် စံပြပိုးစာ စိုက်ပျိုးမွေးမြူခြင်းလုပ်ငန်း၊ တောင်သူများကို စည်းရုံးခြင်းနှင့် နည်းပညာပေးခြင်း လုပ်ငန်းတို့ကို လုပ်ဆောင်ခဲ့ပါကြောင်း၊ မြေယာစီမံခန့်ခွဲမှု လုပ်ငန်းများကို လုပ်ဆောင်ခဲ့ခြင်း မရှိဘဲ ဒေသအာဏာပိုင်အဖွဲ့မှ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ပိုးချည်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်မှုမရှိသည့် အခါတွင်လည်း မြေယာခန့်ခွဲခြင်း အပိုင်းကို ဌာနအနေဖြင့် ပါဝင်ဆောင်ရွက်ခြင်း မရှိပါကြောင်း။



တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခင်မောင်ဝင်း

မျိုးပိုးဥနှင့် ပိုးစာသုတေသနခြံကို ၁၉၅၂ - ၁၉၅၃ ခုနှစ်တွင် လည်းကောင်း၊ ပိုးချည်စက်ရုံနှင့် ပိုးစာသုတေသနခြံကို ၁၉၅၄ ခုနှစ်တွင် လည်းကောင်း ဂျပန်စစ်လျော်ကြေးဖြင့် စတင်တည်ထောင်ခဲ့ပါကြောင်း၊ ထို့ပြင် ဒိုးကွင်ကော်ဖီခြံ ဧရိယာမှ ၁၉၉၄ - ၁၉၉၅ ခုနှစ်တွင် ဧက ၄၀ နှင့် ၁၉၉၅ - ၁၉၉၆ ခုနှစ်တွင် ဧက ၂၀ စုစုပေါင်းဧက ၆၀ ကို လွှဲပြောင်းရယူခဲ့ပြီး ဒိုးကွင်ပိုးစာခြံအဖြစ် တည်ထောင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပိုးစာခြံများ၏ မြေယာများသည် မည်သည့် တောင်သူ တစ်ဦးတစ်ယောက်ထံမှ သိမ်းယူထားခြင်း မဟုတ်ပါကြောင်း၊ ဌာနအနေဖြင့် ပိုးစာခြံများတွင် ပိုးစာပင်စိုက်ပျိုးနည်း သုတေသနလုပ်ငန်း၊ ပိုးမွေးမြူခြင်း သုတေသနလုပ်ငန်း၊ လက်ကျစ်ချည် ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် တန်ဖိုးမြှင့် ထုတ်ကုန်များ စမ်းသပ်ထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း ကုမ္ပဏီများသို့လည်း ငှားရမ်းခဲ့ပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခင်မောင်ဝင်း၏ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်အတွင်းရှိ သိမ်းဆည်းခံခဲ့ရသည့် ဥယျာဉ်ခြံမြေများကို ဒေသခံများထံသို့ ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် နစ်နာကြေးပေးခြင်း၊ မြေမဲ့ယာမဲ့ဖြစ်လျက်ရှိသော ဒေသခံများနှင့် ရွှေ့ပြောင်းလုပ်သားများအတွက် မြေယာမျှဝေပေးနိုင်ခြင်း ရှိ၊ မရှိ နှင့် ဆီအုန်းစိုက်ခင်းများကြောင့် ပြုန်းတီးသွားသော သစ်တောများအပြင် ယင်းစိုက်ခင်းများအတွင်းရှိစမ်းချောင်းများအား ဒေသခံများနှင့် ဆီအုန်းကုမ္ပဏီတို့ ပူးပေါင်းထိန်းသိမ်းပြီး ကျေးရွာများအတွက် အားကစားကွင်း၊ စားကျက်မြေများ ဖန်တီးပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက သိမ်းဆည်းခံလယ်ယာမြေများအား မူလပိုင်ရှင်များသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိပါကြောင်း၊ မြေမဲ့ယာမဲ့ ဒေသခံပြည်သူများနှင့် ရွှေ့ပြောင်းလုပ်သားများအတွက်လည်း ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ ထူထောင်ပေးလျက် ရှိပါကြောင်း၊ ဆီအုန်းခြံများအတွင်းရှိ စမ်းချောင်းများအား မြို့နယ်၊ ရပ်ကွက်နှင့် ဒေသခံပြည်သူများ၊ ကုမ္ပဏီများ ပူးပေါင်း၍ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါကြောင်း၊ ကျေးရွာများအတွက် လိုအပ်သော စားကျက်မြေ၊ အားကစားကွင်းများ၊ စာသင်ကျောင်းများ ဆောက်လုပ်ရန် မြေနေရာများ တည်ရှိပြီးဖြစ်ပါကြောင်း၊ ထပ်မံလိုအပ်ပါကလည်း အသုံးပြုမည့်မြေ လိုအပ်သည့် ဧရိယာအပေါ် မူတည်၍ သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီစဉ်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဂျေယောဝူ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွန်းတို့၏ သိမ်းဆည်းယာမြေ၊ စိုက်ပျိုးစရိတ်ချေးငွေနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နိုဝင်ဘာ ၂၃ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

### ❒ ပြည်သူ့လွှတ်တော်မှ

ယင်းဥပဒေအား သင့်တော်သည့် အချိန်ကာလတွင် ဆက်လက်ဆောင်ရွက်သွားနိုင်ရန် စဉ်းစားဆောင်ရွက်လျက်ရှိပါကြောင်း၊ အလုပ်ရှင်များမှ အလုပ်သမားများ၊ ကလေးသူငယ်များအား အဓမ္မစေခိုင်းခြင်း၊ နှိပ်စက်ခြင်းကဲ့သို့ လုပ်ရပ်များနှင့်ပတ်သက်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၂၇ (က)အရလည်းကောင်း၊ ကလေးသူငယ်ဥပဒေပုဒ်မ ၆၅ (က)အရလည်းကောင်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ပါကြောင်း၊ အဓမ္မစေခိုင်းမှု ၃ နှစ် စီမံကိန်းကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ နည်းဥပဒေများအရ အလုပ်သမားအဖွဲ့အစည်းများကို ဖွဲ့စည်းခွင့်ပြုခဲ့ပါကြောင်း၊ ယင်းအဖွဲ့များကလည်း အလုပ်သမားများ၏ အခွင့်အရေးများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလုပ်သမားရေးရာ ဆွေးနွေးပွဲများ၊ အသိပညာပေးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနေပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ တင်ပြဆွေးနွေးခဲ့သည့် အချက်များကို ဥပဒေများနှင့်အညီ စဉ်ဆက်မပြတ် ဆောင်ရွက်နေပါကြောင်း၊ ဆက်လက်၍လည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် အဆိုအား မှတ်တမ်းအဖြစ်ထားရှိသင့်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်ပတ်သက်၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်ရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန မန္တလေးနည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်းကို ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးငွေလှိုင်ကို ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# အမျိုးသားအောင်ပွဲမှသည်. . . .

## ရိုးမြေ(အညာ)

အရင်ဆုံးဒီဆောင်းပါးအကြောင်း ပြောချင်သည်။ တစ်နေ့က မိတ်ဆွေတချို့နှင့် လက်ဖက်ရည်ဆိုင်ထိုင်ပြီး နိုဝင်ဘာ ၂၄ ရက်နေ့ ရုံးပိတ်ကြောင်း ပြောလျှင် တစ်ယောက်က ဘာနေ့လဲ၊ အမျိုးသားနေ့လေလို့ပြောကြရင်း စကားဝိုင်းက အမျိုးသားနေ့အကြောင်းရောက်သွားသည်။ ကျွန်တော့်မိတ်ဆွေတွေက အရာရှိ၊ ဈေးသမား၊ ပွဲစား၊ ရွှေဆိုင်ပိုင်ရှင်၊ ယာသမား စုံလှ၏။ အမျိုးသားနေ့အကြောင်း ကျောင်းနေစဉ်က သင်ခဲ့ရသော်လည်း မမှတ်မိတော့။ တချို့က ဝေဝေဝါးဝါး။ အမျိုးသားနေ့အစ ကျောင်းသားသပိတ်ကဆိုတာပင် မေ့သူက မေ့နေချေပြီ။

မြန်မာ့နိုင်ငံရေးသမိုင်း လွတ်လပ်ရေးကြိုးပမ်းမှု အမျိုးသားရေးတို့တွင် ကျောင်းသားများရှေ့ဆုံးက ပါဝင်ပတ်သက်ခဲ့သည်မှ ခေတ်အဆက်ဆက်ကပင် ဖြစ်သည်။ သမိုင်းကိုပြန်လှန်ရလျှင် အမျိုးသားနေ့သည် ပထမအကြိမ် ကျောင်းသားသပိတ်မှ ပေါက်ဖွားလာသောလွတ်လပ်ရေးကြိုးပမ်းမှုဖြစ်သည်။ နယ်ချဲ့ဗြိတိသျှလက်အောက်တွင် ကျောင်းသားသပိတ် သုံးကြိမ်ဖြစ်ပွားခဲ့သည်။

၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ်မှ အမျိုးသားနေ့ပေါ်ပေါက်လာခဲ့သည်။ ဒုတိယကျောင်းသားသပိတ်ကား ၁၉၃၆ ခုနှစ်၊ တတိယကျောင်းသားသပိတ်က ၁၉၃၈ ခုနှစ်တွင်ဖြစ်သည်။ အမျိုးသားနေ့ပေါ်ထွက်လာခဲ့သော ပထမကျောင်းသားသပိတ်အကြောင်းပြောပြရလျှင် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်၊ ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့တွင် ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်မှ ကျောင်းသား ၅၀၀ ကျော်တို့ စတင်သပိတ်မှောက်ကြသည်။ ဗဟန်းရပ် ရွှေကျင်ကျောင်းတိုက်ရှိ ဇရပ်များတွင် သပိတ်မှောက်ကျောင်းသားများ စခန်းချကြသည်။

ကျောင်းသားသပိတ်အစကား အင်္ဂလိပ်အစိုးရသည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ဥပဒေသစ်တစ်ရပ်ကို အတည်ပြုကြောင်း ကြေညာရာက စသည်။ မြန်မာပြည်တွင် သီးသန့်တက္ကသိုလ်တစ်ခု ဖွင့်လှစ်ရန်ရည်ရွယ်ချက်ဖြင့် ရေးဆွဲသောဥပဒေဟုဆိုသည်။ ယခင်က အိန္ဒိယလက်အောက်ခံ ကာလကတ္တားတက္ကသိုလ်သာဖြစ်သည်။ သို့သော် ဥပဒေသစ်မှာ မြန်မာလူမျိုးများ တက္ကသိုလ်ပညာမသင်ယူနိုင်ရန် ဟန့်တားထားသောအချက်များစွာပါဝင်လေသည်။ ဥပဒေပါအချက်များကို ဗဟုသုတအဖြစ်တင်ပြရလျှင် တက္ကသိုလ်ပညာကို ကျောင်းအိပ်ကျောင်းစားနေသူများသာ သင်ခွင့်ပြုရန် (ဤအချက်က ယခုခေတ်အခါတွင် မခက်ခဲသော်လည်း ထိုခေတ်အခါက မလွယ်ကူလှ။ ငွေကုန်ကြေးကျအတော်များသဖြင့် ငွေကြေးတတ်နိုင်သူများသာ သင်ခွင့်ရသလိုဖြစ်ခဲ့သည်။ အခြားအချက်အလက်များမှာ တက္ကသိုလ်ကျောင်းသားဦးရေကန့်သတ်ခြင်း၊ အင်္ဂလိပ်စာထူးချွန်သူများသာ သင်ယူခွင့်ပြုခြင်း၊ တက္ကသိုလ်စာမေးပွဲများကို ရေးဖြေအပြင် နှုတ်ဖြေပါဖြေဆိုရခြင်း၊ တက္ကသိုလ်ဝင်တန်းနှင့် ဟိုက်စကူးဖိုင်နယ်အောင်မြင်သော်လည်း တက္ကသိုလ်တက်ခွင့်မရဘဲ preliminary class အတန်းတစ်တန်းတက်ပြီးမှ တက္ကသိုလ်ဝင်ခွင့်ပြုခြင်း စသည့်ချုပ်ချယ်သောအချက်များ ဖြစ်သည်။

**အမျိုးသားနေ့ရောက်တိုင်း အမျိုးသားရေးစိတ်ဓာတ် နိုးကြားရန်၊ စည်းလုံးညီညွတ်သောပြည်ထောင်စု ဖြစ်ရန် သမိုင်းနောက်ခံများပြန်လည်ဖော်ဆောင်ခြင်း၊ ဖြန့်ဝေခြင်း၊ သွေးစည်းညီညွတ်ရေးအတွက် ရှုထောင့်စုံမှ ပြုလုပ်သင့်**

ထိုဥပဒေကိုပြင်ရန် ဂျီစီဘီအေက တောင်းဆိုသော်လည်းမရခဲ့။ထိုဥပဒေ အတည်ပြုပြီး နောက်တစ်နေ့ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂ ရက်နေ့တွင် တက္ကသိုလ်ကျောင်းသား ၁၁ ဦးတို့ ရွှေတိဂုံရင်ပြင်တွင် ဆွေးနွေးကြသည်။ ထိုခေတ် ထိုအခါက ကျောင်းသားသပိတ်သည် သီပေါမင်းပါတော်မူပြီးနောက် သူ့ကျွန်ဘဝတွင် နယ်ချဲ့ကိုဆန့်ကျင်သော ပထမဆုံးသောလှုပ်ရှားမှုဟုခေါ်ဆိုနိုင်သည်။ တက္ကသိုလ်ကျောင်းသားများ သပိတ်မှောက်ပြီး တစ်ပတ်ခန့်အကြာတွင် မြန်မာပြည်အနယ်နယ်အရပ်ရပ်သို့ ပျံ့နှံ့ပြီး ၈ တန်း၊ ၉ တန်း၊ ၁၀တန်း ကျောင်းသားများပါ သပိတ်မှောက်ကြသည်။ ကျောင်းသားများက တက္ကသိုလ်ဥပဒေများကိုအမြန်ဆုံးပြင်ဆင်ပေးရန် ရန်ကုန်တက္ကသိုလ်အဓိပတိလက်ထောက်ဘုရင်ခံထံ တောင်းဆိုချက်စာတစ်စောင်ပေးပို့သည်။ အစိုးရက အကြောင်းမပြန်သောအခါ အစိုးရနှင့်ကျောင်းသားသပိတ် ပိုမိုတင်းမာလာခဲ့လေသည်။ ထို့နောက် မကြာမီ ၁၉၂၁ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့မှစ၍ အစိုးရက အလျှော့ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ ရန်ကုန်တက္ကသိုလ်နှင့် ကောလိပ်ကျောင်းများက ကျောင်းလုံးဝပြန်တက်တော့မည်မဟုတ်ကြောင်း ကြေညာသည်။ မြန်မာပြည်အနှံ့အပြား ၇ တန်း၊ ၈ တန်း၊ ၉တန်း၊ ၁၀ တန်းကျောင်းသားများကလည်း အစိုးရအထောက်အပံ့ကျောင်းများကို သပိတ်မှောက်လိုက်ကြသည်။ ကျောင်းသားများ၏ ရဲရဲတောက်သပိတ်က ရဟန်းရှင်လူပြည်သူအများကို နယ်ချဲ့မကြောက်တရားဟောလိုက်သကဲ့သို့ပင်။ မျိုးချစ်စိတ်များ နိုးကြားခဲ့သလို တစ်ခဲနက်ထောက်ခံခဲ့ကြသည်။ သပိတ်ကျောင်းသားများအတွက် အမျိုးသားကျောင်းများ ပေါ်ပေါက်ခဲ့သည်။ ထိုစဉ်က အမျိုးသားတက္ကသိုလ်ကျောင်းတွင် သင်ပြခဲ့သောဆရာများအနက် သခင်ကိုယ်တော်မှိုင်း၊ ဒီးဒုတ်ဦးဘချိုတို့ ပါဝင်ခဲ့သည်။ ထိုပထမကျောင်းသားသပိတ်သည် ပြည်သူလူထုနှင့် ကျောင်းသားထုအတွင်း မျိုးချစ်စိတ်များ ပြင်းပြစေခဲ့သည်။ အမျိုးသားလွတ်မြောက်ရေးအတွက် စည်းလုံးလာခဲ့ကြသည်။ ပြည်သူလူထုကို နိုးကြားတက်ကြွလာစေခဲ့သည်။

အမျိုးသားနေ့ဟုသတ်မှတ်ခဲ့ပုံကား ၁၉၂၁ ခုနှစ် အောက်တိုဘာလတွင် အမျိုးသားပေါင်းချုပ် ဂျီစီဘီအေကွန်ဖရင့်ကို မန္တလေးမြို့တွင် ကျင်းပသည်။ မြန်မာပြည်အရပ်ရပ်မှ ကိုယ်စားလှယ်များတက်ရောက်ကြပြီး မြန်မာပြည် လွတ်လပ်ရေး စီးပွားရေး၊ ပညာရေး၊ ညီညွတ်ရေးတို့ကို ဆွေးနွေးကြသည်။ ထိုကွန်ဖရင့်တွင် အမျိုးသားတို့၏အထိမ်းအမှတ်နေ့တစ်နေ့သတ်မှတ်ရန် ဆွေးနွေးကြသည်။ သူရိယသတင်းစာမှ ဦးတုတ်ကြီးက သီပေါမင်းပါတော်မူနေ့ကို အမျိုးသားနေ့ဟုသတ်မှတ်ရန် အဆိုတင်သည်။ ပျဉ်းမနားဦးဒွေးက ဦးဥတ္တမထောင်ကျသောနေ့ကို အဆိုတင်သည်။ ဤတွင် တက္ကသိုလ်ကျောင်းသားကိုယ်စားလှယ် ဦးမြင့်က သီပေါမင်းပါတော်မူသောနေ့၊ ဦးဥတ္တမထောင်ကျသောနေ့များသည် မင်္ဂလာရှိသောနေ့များမဟုတ်။ အမျိုးသားစိတ်တက်ကြွနိုးကြားမှုပြင်းထန်ခြင်း မရှိ။ မြန်မာတို့၏ အနိုင်မဟုတ် အရှုံးသာဖြစ်သည်။ ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ကြီးသာလျှင် တစ်မျိုးသားလုံးစည်းလုံးမှု၊ ဇာတိမာန်တက်ကြွမှုကိုဖြစ်စေသည်။ အရှုံးပြယုဂ်မဟုတ် အနိုင်သာဖြစ်သည်။ ထို့ကြောင့် ကျောင်းသားများ သပိတ်မှောက်ခဲ့သော ၁၂၈၂ ခုနှစ် တန်ဆောင်းမုန်းလပြည့်ကျော် ၁၀ ရက်နေ့ကိုအမျိုးသားနေ့(National Day)ဟု သတ်မှတ်ရန် အဆိုတင်သွင်းခဲ့သည်။

ဤကား အမျိုးသားနေ့သတ်မှတ်ခဲ့ပုံဖြစ်သည်။အဆိုတင်သွင်းသည့် ဦးမြင့်ကိုလည်း နေရှင်နယ်ဦးမြင့်ဟု ဂုဏ်ပြုခဲ့ကြလေသည်။ ထို့ကြောင့် နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ရောက်တိုင်း အမျိုးသားနေ့အထိမ်းအမှတ်ကို ကျင်းပကြသည်။ ၁၉၄၀ ပြည့်နှစ်တွင်မှ အစိုးရက အမျိုးသားနေ့ကို တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ခဲ့သည်။ အမျိုးသားနေ့ရောက်တိုင်း အမျိုးသားရေးစိတ်ဓာတ်နိုးကြားရန်၊ စည်းလုံးညီညွတ်သောပြည်ထောင်စု ဖြစ်ရန် သမိုင်းနောက်ခံများပြန်လည်ဖော်ဆောင်ခြင်း၊ ဖြန့်ဝေခြင်း၊ သွေးစည်းညီညွတ်ရေးအတွက် ရှုထောင့်စုံမှ ပြုလုပ်သင့်ပေသည်။

အမျိုးသားအောင်ပွဲနေ့မှသည် မျိုးချစ်စိတ်၊ ညီညွတ်စိတ်၊ သွေးစည်းမှုများ ပိုမိုအားကောင်းလာပါစေဟု ဆန္ဒပြုရင်း. . . . ။

---

**၂၀၁၆ ခုနှစ်၊ (၉၆)နှစ်မြောက်**
**အမျိုးသားနေ့ ဆောင်ပုဒ်**

**တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့၊**
**ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်စို့။**

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်
(၂၄-၁၁-၂၀၁၆)

---

**၂၀၁၆ ခုနှစ်၊ (၉၆)နှစ်မြောက်**
**အမျိုးသားနေ့ ဦးတည်ချက်များ**

- ☆ **ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊**
- ☆ **ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်ရေး၊**
- ☆ **တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊**
- ☆ **ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး။**

---

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒွါဒသမအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

**ရန်ကုန် နိုဝင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒွါဒသမ အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာရက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဖွဲ့ဝင်ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာ၊ ဝေဖန်ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်ဆရာတော်ကြီးများက ပြန်လည်ရှင်းလင်းလျှောက်ထားတော်မူကြပြီး ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော်က အတည်ပြုချက်ရယူကာ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။




နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒွါဒသမအစည်းအဝေး ဒုတိယနေ့သို့ ကြွရောက်သော ဆရာတော်များအား တွေ့ရစဉ်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား အလှူရှင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံ ဝေဠုဝန်ရွှေကျင်ကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတနှင့် ရွှေပြည်တံခွန်မိသားစု တပည့်ဒါယကာ ဒါယိကာမများက (၁၉)ကြိမ်မြောက် တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၂၂**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ မိတ်ဆက်ချစ်ကြည်ရေးခရီးနှင့် မြန်မာ-ထိုင်းတပ်မတော်တို့၏ 4th High Level Committee Meeting သို့တက်ရောက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Surapong Suwana-Adth အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့ညနေ ၅ နာရီတွင် ဇေယျာသီရိဗိမာန်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့သည် ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။**(ဓာတ်ပုံ)**

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်နှစ်ရပ် ပူးပေါင်းညှိနှိုင်းထိန်းသိမ်းလုပ်ဆောင်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးကိစ္စရပ်များတွင် လျင်မြန်စွာတုံ့ပြန်အရေးယူဆောင်ရွက်ရေး၊ တပ်မတော်နှစ်ရပ်အကြား အားကစားအဖွဲ့၊ ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန်စေလွှတ်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို ဆွေးနွေးကြသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့်အဖွဲ့အား ဇေယျာသီရိဗိမာန်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

## အပြစ်မဲ့ကုမ္ပဏီဝန်ထမ်းသုံးဦးကို ဖမ်းဆီး ညှဉ်းပန်းနှိပ်စက်၊ တစ်ဦးလွတ်မြောက်



ထွက်ပြေးလွတ်မြောက်ခဲ့သူ ကျော်ဇင်ဦးအားတွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၂**
ကွတ်ခိုင်မြို့နယ်အတွင်း လမ်းလုပ်ငန်းဆောင်ရွက်နေသော ယာဉ်မောင်းသုံးဦးအား ယမန်နေ့ မွန်းလွဲပိုင်းတွင် KIA၊ TNLA နှင့် MNDAA လက်နက်ကိုင်အဖွဲ့များက ဖမ်းဆီးသွားပြီး တစ်ဦးမှာ ဒဏ်ရာများဖြင့် ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်ထားသည်။

ကွတ်ခိုင်မြို့နယ်အတွင်း လမ်းတိုးချဲ့ခြင်း လုပ်ကိုင်နေသော အော်ရီယမ်တယ်လ်ဟိုင်းဝေး တိုးဂိတ်မှ ယာဉ်မောင်းများဖြစ်သည့် ဝင်းထွဋ်ကျော် (၂၇) နှစ်၊ ကျော်ဇင်ဦး (၂၆) နှစ်နှင့် တင့်နိုင် (၃၀) နှစ်တို့ သုံးဦးသည် နိုဝင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက ကွတ်ခိုင်မြို့၏ မြောက်ဘက် (၁၆) မိုင်ခန့်အကွာ လမ်းလုပ်ငန်းဆောင်ရွက်နေစဉ် KIA၊ TNLA နှင့် MNDAA လက်နက်ကိုင်အဖွဲ့များက ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီးနောက် ၎င်းတို့ သုံးဦးအနက် ကျော်ဇင်ဦးသည် ထုရိုက်ခံရသော ဒဏ်ရာများဖြင့် ထွက်ပြေးလွတ်မြောက်လာခဲ့ပြီး လားရှိုးမြို့ရှိ ပြင်ပဆေးခန်းတွင် ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## ကမ္ဘောဒီးယားကို အနိုင်ကစားမည်ဟု မြန်မာအသင်းနည်းပြချုပ်ဆို

**ရန်ကုန် နိုဝင်ဘာ ၂၂**
၂၀၁၆ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စု (ခ) ဒုတိယနေ့ပွဲစဉ်များဖြစ်သည့် အိမ်ရှင်မြန်မာနှင့်ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့်မလေးရှားတို့ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက Novotel ဟိုတယ်၌ ကျင်းပသည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က ဆီမီးဖိုင်နယ်တက်ရောက်ရေးမျှော်လင့်ချက်အတွက် ကမ္ဘောဒီးယားကို အနိုင်ကစားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



မြန်မာအသင်း နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်

မြန်မာအသင်း နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က "အဖွင့်ပွဲမှာ ဗီယက်နမ်အသင်းကို ရှုံးခဲ့လို့ ကမ္ဘောဒီးယားအသင်းနဲ့ပွဲက မဖြစ်မနေ အနိုင်ကစားရတော့မယ့်ပွဲဖြစ်ပါတယ်။ ပွဲတိုင်းမှာ ဖိအားတော့ရှိပါတယ်။ ဖိအားတွေကို ကျော်ဖြတ်နိုင်အောင်လည်း ပြင်ဆင်ထားပါတယ်။ ကစားသမားတွေရဲ့ ယုံကြည်မှုနဲ့ စိတ်ဓာတ်ပိုင်းတက်လာအောင် သေချာပြုလုပ်ပေးထားပါတယ်။ ကမ္ဘောဒီးယားအသင်းက ခြေစွမ်းပိုင်းကောင်းမွန်တဲ့ အသင်းဖြစ်ပြီး တစ်ဦးချင်း ခြေစွမ်းပိုင်းကောင်းမွန်သူတွေ ပါပါတယ်။ အထူးသဖြင့် နံပါတ်(၁၁)ဗာသာနာကာကိုသတိထားရပါမယ်"ဟု ပြောကြားခဲ့သည်။ ကမ္ဘောဒီးယားအသင်းနည်းပြချုပ် လီတေးဟွန်က "ဒီပွဲက အလွန်ကိုခက်ခဲမှာပါ။ နှစ်သင်းစလုံးအဖွင့်ပွဲမှာရှုံးထားပြီး ဆီမီးဖိုင်နယ်တက်ရောက်ဖို့ အရေးပါနေလို့ဖြစ်ပါတယ်။ မလေးရှားနဲ့ယှဉ်ပြိုင်ခဲ့တဲ့ပွဲမှာ လိုချင်တဲ့ရလဒ်ကို မယူနိုင်ခဲ့ပါဘူး။ ကျွန်တော့်ကစားသမားတွေအပေါ် ယုံကြည်မှုအပြည့်ရှိပါတယ်။ ဒီပွဲမှာ မြန်မာအသင်းဆီက အမှတ်ရယူနိုင်မှာပါ"ဟု ပြောကြားခဲ့သည်။

အုပ်စု (ခ) ဒုတိယနေ့ပွဲစဉ်များကို နိုဝင်ဘာ ၂၃ ရက်တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်း၊ ညနေ ၆ နာရီတွင် အိမ်ရှင်မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ**
**ရှိုင်းထက်ဇော်**

## ကွတ်ခိုင်မြို့နယ်နှင့်မူဆယ်မြို့နယ်တို့တွင် KIA/TNLA လက်နက်ကိုင်များ ဆက်ကြေးကောက်ခံ

**နေပြည်တော် နိုဝင်ဘာ ၂၂**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်နှင့် မူဆယ်မြို့နယ်တို့တွင် KIA၊ TNLA လက်နက်ကိုင်များ ဆက်ကြေးကောက်ခံခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

ကွတ်ခိုင်မြို့၏မြောက်ဘက် (၁၆) မိုင်ခန့်အကွာ အောက်နမ့်ဖတ်လွန်းကျေးရွာအနီး ပြည်ထောင်စုကားလမ်း မိုင်တိုင် (၂၃၈/၃)အနီး၌ နိုဝင်ဘာ ၂၁ ရက် ညနေ ၃ နာရီမှ ၄ နာရီခွဲအထိ KIA/TNLA လက်နက်ကိုင် အင်အား ၂၀၀ ခန့်သည် လမ်း၏ ဝဲ/ယာ တောင်ကုန်းများပေါ်၌ အသီးသီး ဖြန့်ခွဲနေရာယူထားပြီး (၂၂) ဘီးတွဲဆီဘောက်ဆာယာဉ်အား ကန့်လန့်ခံလမ်းပိတ်ဆို့၍ လမ်းပေါ်တွင် သွားလာနေသည့် ယာဉ်များအား တစ်စီးလျှင် သုံးသောင်း/ငါးသောင်းကျပ်နှုန်းဖြင့် ဆက်ကြေးကောက်ခံမှုများပြုလုပ်ကာ ကောင်းခါ၊ မန်ပြိန်းကျေးရွာများဘက်သို့ ထွက်ခွာသွားကြောင်း သိရသည်။

အလားတူ နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မူဆယ်မြို့ ဟိုမွန်ရပ်ကွက် သိန်းသန်းချိကားကြီးဝင်းရှိ သိန်းသန်းချိဆောက်လုပ်ရေးကုမ္ပဏီသို့ KIO တောင်ပိုင်းတိုင်း တပ်မဟာ(၄)အခွန်ဌာနခွဲ၏ ဆက်ကြေးပေးဆောင်ရန် အကြောင်းကြားစာလာရောက်ပေးပို့သော KIA တပ်မဟာ (၃) မှ တပ်သားအဆင့်ရှိ ဇော်ရှန် (ခ) မာတီး (၂၉)နှစ် (ဘ) ဦးဇော်လ ဟိုမွန်ရပ်ကွက် မူဆယ်မြို့နေသူအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့သည်။

**(သတင်းစဉ်)**

## တိုင်းရင်းဆေးပညာစဉ်ဆက်မပြတ်ပညာပေးရေးအစီအစဉ်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၏ တိုင်းရင်းဆေးပညာစဉ်ဆက်မပြတ်ပညာပေးရေးအစီအစဉ် (Continuing Traditional Medical Education -CTME) Programme ကို နိုဝင်ဘာ ၁၉ ရက်က ခုတင်(၁၀၀) တိုင်းရင်းဆေးရုံ (နေပြည်တော်)၌ ကျင်းပရာ သဘာပတိဦးအောင်ကျော်မင်း (ပါမောက္ခ/ဌာနမှူး)(ငြိမ်း) တိုင်းရင်းဆေးတက္ကသိုလ်မန္တလေးကအဖွင့်အမှာစကားပြောကြားပြီး တိုင်းရင်းဆေးရုံ(နေပြည်တော်) အနာပေါက်ဌာနမှ တိုင်းရင်းဆေးမှူး ဦးစံလင်းကမန်းက အနာပေါက်ရောဂါများအကြောင်းကိုရှင်းလင်းပြောကြားသည်။

ယင်းနောက်တက်ရောက်လာကြသူများက သိရှိလိုသည်များကိုမေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

**(ရွှေရဲရင့်)**

| စဉ် | အကြောင်းအရာ | ကျဆုံး/သေဆုံး | | | ဒဏ်ရာရ | | |
|---|---|---|---|---|---|---|---|
| | | အမျိုးသား | အမျိုးသမီး | ပေါင်း | အမျိုးသား | အမျိုးသမီး | ပေါင်း |
| ၁ | ရဲတပ်ဖွဲ့ဝင် | ၃ | | ၃ | ၉ | | ၉ |
| ၂ | ဝန်ထမ်း | | | | ၂ | | ၂ |
| ၃ | ပြည်သူ့စစ် | ၂ | | ၂ | | | |
| ၄ | အရပ်သား | ၃ | ၂ | ၅ | ၁၅ | ၇ | ၂၂ |
| | စုစုပေါင်း | ၈ | ၂ | ၁၀ | ၂၆ | ၇ | ၃၃ |

၂၀-၁၁-၂၀၁၆ မှ ၂၂-၁၁-၂၀၁၆ မွန်းတည့် ၁၂ နာရီအချိန်ထိ မူဆယ်ခရိုင်/လားရှိုးခရိုင်အတွင်း KIA, TNLA နှင့် MNDAA အဖွဲ့များ ဝင်ရောက်တိုက်ခိုက်မှုကြောင့် ထိခိုက်၊ သေဆုံး၊ ဒဏ်ရာရ စာရင်း

| | | |
|---|---|---|
| (က) | မူဆယ်မြို့ မြောက်ရပ်ကွက်၊ မဟာပန်မြောက်ကျောင်း | (၇၀၅) ဦး |
| (ခ) | မူဆယ်မြို့ တောင်ရပ်ကွက်၊ ဇေတာပန်ကမ္ဘာ့ဌာန်းကျောင်း | (၁၁၄၅) ဦး |
| (ဂ) | မူဆယ်မြို့ ဟိုမွန်ရပ်ကွက်၊ ကချင်နှစ်ခြင်းခရစ်ယာန်ကျောင်း | (၁၅၃) ဦး |
| (ဃ) | မူဆယ်မြို့ စွပ်စော်ရပ်ကွက်၊ အောင်မင်္ဂလာကျောင်း | (၈၂၂) ဦး |
| (င) | မူဆယ်မြို့ နမ့်ခွမ်ရွာ ဘုန်းတော်ကြီးကျောင်း (လူ+သီလရှင်) | (၅၁၉) ဦး |
| | စုစုပေါင်း | ([illegible]) ဦး |

မူဆယ်မြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိလာသော ဒေသခံစစ်ဘေးရှောင် ပြည်သူများစာရင်း

# မောင်တောခရိုင်အတွင်း ရပ်ဆိုင်းထားသော စာမေးပွဲများ ပြန်လည်ဖြေဆို

**မောင်တော နိုဝင်ဘာ ၂၂**

ရခိုင်ပြည်နယ် မောင်တောဒေသတွင် အောက်တိုဘာ ၉ ရက်က ဖြစ်ပွားခဲ့သော အကြမ်းဖက်ဖြစ်စဉ်ကြောင့် ပိတ်ထားသည့်အခြေခံပညာကျောင်းများ ထက်ဝက်ကျော် ပြန်လည်ဖွင့်လှစ်ကာ နှစ်ဝက်စာမေးပွဲကို ပြန်လည်ဖြေဆိုလျက်ရှိကြောင်း ခရိုင်ပညာရေးမှူး ဦးအုန်းမြင့်က ပြောသည်။

"မောင်တောခရိုင်မှာ အောက်တိုဘာ ၉ ရက်မှစပြီး ကျောင်းတွေ ပိတ်ခဲ့ရပါတယ်။ အခုအခါမှာတော့ မြို့ပေါ်နဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ ကျောင်းတွေ တည်ငြိမ်အေးချမ်းမှုရရှိလာတဲ့အတွက် အောက်တိုဘာ ၂၄ ရက်မှာ ပြန်ဖွင့်ခဲ့ပြီး ရပ်ဆိုင်းထားတဲ့ စာမေးပွဲတွေကို နိုဝင်ဘာ ၂၁ ရက်က စတင်ပြန်လည်ဖြေဆိုနေပြီ ဖြစ်ပါတယ်။ မောင်တောခရိုင်မှာ ကျောင်းပေါင်း ၄၀၀ ကျော်ရှိတဲ့အနက် ၂၀၀ ကျော် ပြန်ဖွင့်ပြီး စာမေးပွဲများ ဖြေဆိုနေကြပါတယ်" ဟု ခရိုင်ပညာရေးမှူး ဦးအုန်းမြင့်က ပြောသည်။

မောင်တောခရိုင်တွင် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်ဟူ၍ နှစ်မြို့နယ် ပါဝင်ကြောင်း၊ မောင်တောမြို့နယ်တွင် အထက်တန်းအဆင့်ကျောင်း ၁၆ ကျောင်း၊ အလယ်တန်းအဆင့် ၁၀၈ ကျောင်းနှင့် မူလတန်းအဆင့် ၅၉ ကျောင်း စုစုပေါင်း ၁၈၃ ကျောင်းရှိကြောင်း၊ ဘူးသီးတောင်မြို့နယ်တွင် အထက်တန်းအဆင့်ကျောင်း ၁၀ ကျောင်း၊ အလယ်တန်းအဆင့် ၁၀၆ ကျောင်းနှင့် မူလတန်းအဆင့် ၁၀၃ ကျောင်း စုစုပေါင်း ၂၁၉ ကျောင်းရှိကြောင်း သိရသည်။

နယ်မြေတည်ငြိမ်အေးချမ်းလာမှုကြောင့် မောင်တောမြို့နယ်တွင် အထက်တန်းအဆင့် ကိုးကျောင်း၊ အလယ်တန်းအဆင့် ၂၇ ကျောင်းနှင့် မူလတန်းအဆင့် ၃၂ ကျောင်း စုစုပေါင်း ၆၈ ကျောင်း ပြန်လည်ဖွင့်လှစ်ကာ စာမေးပွဲများ စတင်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

အလားတူ ဘူးသီးတောင်မြို့နယ်တွင်လည်း အထက်တန်းအဆင့် ၁၀ ကျောင်း၊ အလယ်တန်းအဆင့် ၇၂ ကျောင်း၊ မူလတန်းအဆင့် ၅၃ ကျောင်း စုစုပေါင်း ၁၃၅ ကျောင်း ပြန်လည်ဖွင့်လှစ်ကာ စာမေးပွဲများ ဖြေဆိုလျက်ရှိကြောင်း သိရသည်။

မောင်တောခရိုင်တစ်ခုလုံးတွင် ပြန်လည်ဖွင့်လှစ်ရန် ကျန်ရှိသည့် ကျောင်းအရေအတွက်မှာ ၁၉၉ ကျောင်းရှိကာ နယ်မြေအေးချမ်းလာသည်နှင့်အမျှ ကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ခရိုင်ပညာရေးမှူးက ထပ်လောင်းပြောကြားသည်။



**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-အေဝမ်းစိုး(ကြေးမုံ)**

# မောင်တောမြို့တွင် ဈေးနှင့် စာသင်ကျောင်းများ ပုံမှန်လည်ပတ်လျက်ရှိ

**မောင်တော နိုဝင်ဘာ ၂၂**

လွန်ခဲ့သည့် အောက်တိုဘာလအတွင်းက မောင်တောမြို့နယ်၌ အကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့သော်လည်း မောင်တောမြို့ပေါ်တွင်မူ ဈေးနှင့် စာသင်ကျောင်းများ ပုံမှန်ပြန်လည် လည်ပတ်လျက်ရှိသည်။



နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် မောင်တောမြို့ရှိ သားငါးနှင့် ဟင်းသီးဟင်းရွက်ဈေးတွင် ရောင်းသူ၊ ဝယ်သူများဖြင့် ပုံမှန်အတိုင်း စည်စည်ကားကားရှိသကဲ့သို့ မြို့ပေါ်ရှိ စာသင်ကျောင်းများတွင်လည်း နှစ်ဝက်စာမေးပွဲများ ဖြေဆိုလျက်ရှိကြသည်။

"ဈေးကတော့ ပုံမှန်အရောင်းအဝယ်ဖြစ်ပါတယ်။ ဒီဈေးက မနက်ပိုင်းဈေးဆိုတော့ ၁၀ နာရီလောက်အထိ ရောင်းသူ၊ ဝယ်သူတွေနဲ့ စည်ကားနေပါတယ်"ဟု ဈေးကောက် ဦးဘဒေါ်လာက ပြောကြားသည်။

မောင်တောမြို့နယ် အောင်ဗလရွာမှ မဖြူဝင်းမကလည်း "ကျွန်မတို့ ဒီဈေးမှာ မရွက် (ခရု) ရောင်းတဲ့သူ ၁၀ ဦးလောက်ရှိတယ်။ ဒီနေ့တော့ လေးယောက်ပဲ လာရောင်းပါတယ်။ အရင်က တစ်နေ့ကို တစ်သောင်းကျော်ဖိုးလောက် ရောင်းရပါတယ်။ ဒီနေ့တော့ ၇၀၀၀ ဖိုးပဲ ရောင်းရပါသေးတယ်"ဟု ပြောကြားသည်။

မောင်တောမြို့ပေါ်မှ ကွမ်းရောင်းသည့် ညိုမာမတ် ဆိုသူကလည်း အရောင်းအဝယ်မှာ ပုံမှန်အတိုင်း ရှိကြောင်း ပြောကြားသည်။

"ကျွန်တော်တို့ မနက်က လေးနာရီခွဲ ငါးနာရီလောက် လာခဲ့ပါတယ်။ မောင်တောနဲ့ ငွေတောင်ရွာကို တစ်နာရီလောက် မောင်းရပါတယ်။ ဈေးသည်တွေ အရောင်းအဝယ်ဖြစ်ရင် ကျွန်တော်လည်း အလုပ်ဖြစ်ပါတယ်။ သွားလာရေးအတွက်သာ အခက်အခဲရှိပြီး အရောင်းအဝယ်တော့ ဖြစ်ကြပါတယ်"ဟု ဈေးသည်များကို စောင့်ဆိုင်းနေသည့် ငွေတောင်ရွာမှ ထော်လာဂျီမောင်းနှင်သူ ကိုကျော်ထက်အောင်က ပြောကြားသည်။

မောင်တောမြို့နယ်တွင် အောက်တိုဘာ ၉ ရက်က ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် စာသင်ကျောင်းများ ပိတ်ထားခဲ့ရပြီး အောက်တိုဘာ ၂၄ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ရကြောင်း မောင်တောမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ကြီး ဦးလှတင်ထွန်းက ပြောကြားသည်။

ထို့ပြင် မူလွန်စံပြ ကညင်တန်းကျောင်းမှ ဆရာမ ဒေါ်ခင်ခင်ချိုကလည်း "အခုစစ်တဲ့ စာမေးပွဲက အောက်တိုဘာလက ရပ်ဆိုင်းခဲ့တဲ့ စာမေးပွဲကို ပြန်ဖြေနေကြတာပါ။ အောက်တိုဘာ ၈ ရက်က မြန်မာစာ ဖြေပြီး ပြဿနာတွေ ဖြစ်တဲ့အတွက် ကျောင်းတွေ ပိတ်ခဲ့ရပါတယ်။ အခု ကျောင်းတွေ ပုံမှန်ပြန်ဖွင့်ပြီး မနေ့က အင်္ဂလိပ်စာ ပြန်စစ်နေပါတယ်" ဟု ပြောကြားသည်။

**သတင်းနှင့်ဓာတ်ပုံ-အေဝမ်းစိုး**

# ဘူးသီးတောင်မြို့နယ်၌ မသင်္ကာသူရွာသား ၁၀ ဦး ဖမ်းဆီးရမိ မောင်တောမြို့နယ် နှာခေါင်းတိုရဲကင်းစခန်းအနီး လူတစ်စုချဉ်းကပ်လာ၍ ပစ်ခတ်ရှင်းလင်းခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၂**

ဘူးသီးတောင်မြို့နယ်၌ မသင်္ကာသူရွာသား ၁၀ ဦး ဖမ်းဆီးရမိပြီး မောင်တောမြို့နယ် နှာခေါင်းတိုရဲကင်းစခန်းအနီး လူတစ်စုချဉ်းကပ်လာ၍ ပစ်ခတ်ရှင်းလင်းခဲ့ရကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

မောင်တောမြို့နယ် နယ်မြေ (၈) နှာခေါင်းတို နယ်ခြားစောင့်ရဲကင်းစခန်း ခြံစည်းရိုးအနီးသို့ ယနေ့နံနက် ၀၀ နာရီ မိနစ် ၅၀ ခန့်တွင် မသင်္ကာဖွယ်လူအုပ်စုတစ်စု ချဉ်းကပ်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ ဆုတ်ခွာသွားပြီး နံနက်ပိုင်းတွင် စခန်းဝန်းကျင်အနီး ရှင်းလင်းစဉ် ရင်ဘတ်ကျည်ထိမှန်ဒဏ်ရာဖြင့် သေဆုံးနေသူတစ်ဦးအား တွေ့ရှိရသည်။

ထို့ပြင် ဘူးသီးတောင်မြို့နယ် သေကံကျေးရွာအတွင်း အမှတ် (၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ဝင်ရောက်ရှင်းလင်းရာ အကြမ်းဖက်တိုက်ခိုက်မှုတွင် ဆက်စပ်ပါဝင်သည်ဟု သံသယရှိသည့် အဒူကာဒီ (၆၁)နှစ် (ဘ) အဒူဂေါဖောရ် အပါအဝင် ၁၀ ဦးအား ဖမ်းဆီးရမိခဲ့သည်။ **(သတင်းစဉ်)**



**ဘူးသီးတောင်မြို့နယ် နှာခေါင်းတိုနယ်ခြားစောင့်ရဲကင်းစခန်း ခြံစည်းရိုးသို့ မသင်္ကာဖွယ်ချဉ်းကပ်လာသူများအား တပ်ဖွဲ့ဝင်များက ပစ်ခတ်စဉ် သေဆုံးကျန်ရစ်ခဲ့သူတစ်ဦးကို တွေ့ရစဉ်။**

(ဓာတ်ပုံ-နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီ)

# မသင်္ကာသူတစ်ဦးအား ဖမ်းမိစစ်ဆေးရာမှ မိုင်းဖောက်ခွဲသည့်ဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခဲ့ကြောင်း ဝန်ခံထွက်ဆို

**နေပြည်တော် နိုဝင်ဘာ ၂၂**

နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား




နိုဝင်ဘာ ၁၂ ရက်က ငါးခူရစခန်းသို့ ပို့ဆောင်သော ယာဉ်သုံးစီးအား မောင်တောမြို့နယ် မောင်နှမ (တောင်)ရွာအဝင် ဘေလီတံတား၌ လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခံရပြီး မသင်္ကာသဖြင့် ဖမ်းဆီးစစ်ဆေးခဲ့သော မာမွတ်ကာစီ(**ဝဲပုံ**)က ဖောက်ခွဲမှုဖြစ်စဉ်အား ၎င်းကိုယ်တိုင် ပါဝင်ဆောင်ရွက်ခဲ့သည်ဟု ဝန်ခံထွက်ဆိုကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

နိုဝင်ဘာ ၁၂ ရက်က အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့(ကျီးကန်းပြင်)မှ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား မော်တော်ယာဉ် သုံးစီးဖြင့် ငါးခူရစခန်းသို့ ပို့ဆောင်စဉ် နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် မောင်တောမြို့နယ် မောင်နှမ(တောင်)ရွာအဝင် ဘေလီတံတားအမှတ် (၃၈)သို့ အရောက် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများက လက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် မော်တော်ယာဉ် တစ်စီး၏နောက်ပိုင်း ပျက်စီးခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ နိုဝင်ဘာ ၁၂ ရက် ည ၁၁ နာရီခွဲခန့်တွင် မောင်တောမြို့နယ် အောင်မင်္ဂလာ(ရခိုင်) ကျေးရွာအတွင်း မသင်္ကာဖွယ်ရာလူတစ်ဦး ရောက်ရှိလာသဖြင့် တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ အဘ ဦးမာမွတ်ဒူဆောင်း၏သား မာမွတ်ကာစီအား ရာဇဝတ် ကျင့်ထုံးဥပဒေပုဒ်မ-၁၄၄ ထုတ်ပြန်ထားသည့် ညမထွက်ရအမိန့်အား ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူနိုင်ရေး စစ်ဆေးမေးမြန်းစဉ် ထွက်ဆိုချက်များအရ နိုဝင်ဘာ ၁၁ ရက်က မာမွတ်ကာစီနှင့် လေးဦးတို့သည် မောင်နှမ (တောင်) ရွာအဝင် ဘေလီတံတားအမှတ်(၃၈) အနီးတွင် ကျင်းတူး၍ မိုင်းတစ်လုံးမြှုပ်နှံခဲ့ပြီး သံကြိုးဖြင့်ဆွဲ၍ လယ်ကွင်းပြင်၌ သံကြိုးအားထားခဲ့ကြောင်း၊ နိုဝင်ဘာ ၁၂ ရက်နံနက်ပိုင်းတွင် ၎င်းနှင့် အခြားတစ်ဦးတို့သည် မိုင်းဖောက်ခွဲရန် လယ်ကွင်း၌ စောင့်ဆိုင်းနေစဉ် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ စီးနင်းလာသည့် ကားသုံးစီး ဖြတ်သန်းလာသဖြင့် သံကြိုးအားဆွဲ၍ မိုင်းဖောက်ခွဲခဲ့ပြီး ၎င်းတို့နှစ်ဦးမှာ ကျေးရွာသို့ ပြန်လာခဲ့ကြောင်း ဝန်ခံထွက်ဆိုသဖြင့် ဥပဒေကြောင်းအရ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကွင်းဆက်တရားခံများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## KIA၊ TNLA နှင့် MNDAA လက်နက်ကိုင်ပူးပေါင်းအဖွဲ့၏ ပစ်ခတ်မှုကြောင့် အပြစ်မဲ့ယာဉ်မောင်းပြည်သူတစ်ဦး သေဆုံး



**နေပြည်တော် နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသတွင် KIA၊ TNLA နှင့် MNDAA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များ၏ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ၁၂ ဘီး ယာဉ်မောင်းတစ်ဦး နဖူးကျည်ဆန်ဖောက်ဝင်ဒဏ်ရာဖြင့် သေဆုံးသွားကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

နမ့်ခိုင်ကျေးရွာမှ ကွတ်ခိုင်သို့ ထွက်ခွာလာသော ယာဉ်ကြီး/ ယာဉ်ငယ် ၁၈ စီးသည် ယာဉ်မောင်းများမရှိဘဲ ရပ်တန့်ထားပြီး ယာဉ်များသွားလာ၍မရအောင် ပိတ်ဆို့ထားကြောင်း သတင်းရရှိသဖြင့် ယနေ့နံနက် ၈ နာရီတွင် တပ်မတော်စစ်ကြောင်းမှ သွားရောက်ရှင်းလင်းခဲ့ရာ KIA၊ TNLA နှင့် MNDAA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များ၏ ရက်စက်စွာပစ်ခတ်မှုကြောင့် အသက်(၄၂)နှစ်ခန့်ရှိ အပြစ်မဲ့ယာဉ်မောင်း အမျိုးသားတစ်ဦး (အမည်နှင့် နေရပ်စိစစ်ဆဲ)သည် ၁၂ ဘီး (Nissan) ယာဉ်အမှတ် 7F/6289 ယာဉ်ဦးခန်းပေါ်တွင် နဖူးကျည်ဆန်ဖောက်ဝင်ဒဏ်ရာဖြင့် သေဆုံးလျက်ရှိကြောင်း တွေ့ရှိရသည်။

အတင်းအကျပ်ပိတ်ဆို့ရပ်တန့်ထားခြင်းခံရသည့် ယာဉ်များအနက် အချို့ယာဉ်များ၏ ကားမှန်များကို ရိုက်ခွဲခြင်းများအပါအဝင် ယာဉ်များအား ဖျက်ဆီးမှုများ ပြုလုပ်ထားကြောင်းတွေ့ရှိရပြီး လမ်းပေါ်တွင် ယာဉ်များ သွားလာရခြင်းမရှိစေရန်နှင့် ပြည်သူလူထု ထိတ်လန့်ကြောက်ရွံ့စေရန်ရည်ရွယ်၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

**(သတင်းစဉ်)**

## KIA၊ TNLA နှင့် MNDAA လက်နက်ကိုင်အဖွဲ့များက ဖရဲသီးတင်ဆောင်လာသည့် ကုန်တင်ယာဉ်အား ပစ်ခတ်ဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၂၂**

KIA၊ TNLA နှင့် MNDAA လက်နက်ကိုင်အဖွဲ့များက ကွတ်ခိုင်မြို့နယ်အတွင်း ဖရဲသီးတင်ယာဉ်တစ်စီးအား လက်နက်ငယ်၊ လက်ပစ်ဗုံးတို့ဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်ထားသည်။

မန္တလေးမှ မူဆယ်သို့ ဖရဲသီးများတင်ဆောင်လာသည့် ဟီးနိုးအမျိုးအစား ခြောက်ဘီးကုန်တင်ယာဉ်၊ ယာဉ်အမှတ် 3B/4178 သည် နန့်ကွတ်ကျေးရွာမှ ကွတ်ခိုင်မြို့သို့ ထွက်ခွာလာစဉ် နားဝိုင်အုပ်စု စဖြူးကျေးရွာအနီး၌ KIA၊ TNLA နှင့် MNDAA လက်နက်ကိုင်အဖွဲ့များက ယာဉ်အား တားဆီး၍ လမ်းပေါ်၌ ကန့်လန့်ဖြတ်ရပ်ခိုင်းပြီး ယာဉ်မောင်းနှင့် နောက်လိုက်တို့ကို ထွက်ပြေးစေကာ ကုန်တင်ယာဉ်အား လက်နက်ငယ်၊ လက်ပစ်ဗုံးတို့ဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့ကြောင်း ထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**



## KIA၊ TNLA နှင့် MNDAA လက်နက်ကိုင်အဖွဲ့များ တိုက်ခိုက်မှုကြောင့် မူဆယ်မြို့၌ အပြစ်မဲ့ပြည်သူတစ်ဦး လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာရ

**နေပြည်တော် နိုဝင်ဘာ ၂၂**

KIA၊ TNLA နှင့် MNDAA လက်နက်ကိုင်အဖွဲ့များ တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦး လက်နက်ငယ်ကျည်ဆန်ထိမှန်သွားကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်ထားသည်။

မူဆယ်မြို့ နာရီစင်မီးပွိုင့်လမ်းဆုံတွင် သိန်းသန်းချီဆောက်လုပ်ရေးကုမ္ပဏီမှ အလုပ်သမား အောင်ဇော်မင်း (၄၂)နှစ်(ဘ)ဦးအေးသောင်သည် သူငယ်ချင်းဖြစ်သူအား နိုဝင်ဘာ ၂၁ ရက် ည ၈ နာရီ ၄၅ မိနစ်တွင် ဆိုင်ကယ်ဖြင့် ပို့ဆောင်စဉ် KIA၊ TNLA နှင့် MNDAA လက်နက်ကိုင်အဖွဲ့များမှ ပစ်ခတ်သော လက်နက်ငယ်ကျည်ထိမှန်သဖြင့် ရင်ဘတ်ဖောက်ဝင်ဒဏ်ရာ (စိုးရိမ်ရ)ရရှိခဲ့ပြီး မူဆယ်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



## KIA၊ TNLA လက်နက်ကိုင်အဖွဲ့များ မူဆယ်မြို့မရဲစခန်းသို့ လာရောက်ပစ်ခတ်

**နေပြည်တော် နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့မရဲစခန်းသို့ နိုဝင်ဘာ ၂၁ ရက် ည ၉ နာရီတွင် KIA၊ TNLA လက်နက်ကိုင်အဖွဲ့သည် ၄၀ မမ တစ်လုံး၊ လက်နက်ငယ် ခုနစ်ချက်ဖြင့် အဝေးမှလာရောက်ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ရှင်းလင်းခဲ့ရာ KIA၊ TNLA လက်နက်ကိုင်အဖွဲ့များသည် ပြန်လည်ဆုတ်ခွာသွားသည်။

ဖြစ်စဉ်ကြောင့် လူနှင့်အဆောက်အအုံများ ထိခိုက်မှုမရှိကြောင်းနှင့် နယ်မြေခံတပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မြို့အဝင်/အထွက်နေရာများ၊ လှည့်ကင်းများဖြင့် စနစ်တကျစစ်ဆေးရှာဖွေရှင်းလင်းလျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

## ဖားကန့် - ကာမိုင်းလမ်းပေါ် KIA နှင့် ထိတွေ့မှုဖြစ် ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၂**

ဖားကန့် - ကာမိုင်း လမ်းမပေါ်ရှိ ကပ်မော်ဇွပ်ကျေးရွာအုပ်စု ဂေါ့လူယန်ကျေးရွာနှင့် တံတားညီနောင်ကျေးရွာကြား၌ ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် လမ်းလုံခြုံရေးဆောင်ရွက်နေသော တနိုင်းတပ်နယ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် KIA လက်နက်ကိုင်အဖွဲ့တို့ ထိတွေ့မှုဖြစ်ပွားခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

အဆိုပါထိတွေ့မှုဖြစ်စဉ်ကြောင့် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် ဖားကန့် အတက်/ အဆင်းယာဉ်များကို နန့်ယားကျေးရွာနှင့် နန့်တိန်းကျေးရွာကြားတွင် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက ခေတ္တတားဆီးထားခဲ့ရပြီး နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ထိတွေ့တိုက်ခိုက်မှုပြီးဆုံးသွားခဲ့သည့်အတွက် ယာဉ်များပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်းနှင့် နှစ်ဖက်ထိခိုက်မှုမရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

**ကားနှင့် ကားပေါ်ပါလူများ**
**မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက်**
**'ကား'တိုင်းတွင် မီးသတ်ဆေးဘူးဆောင်ထားပါ**
**မီးသတ်ဦးစီးဌာန**

## မူဆယ်မြို့နယ် ကောင်းမှုတုံရပ်ကွက်တွင် လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲ

**နေပြည်တော် နိုဝင်ဘာ ၂၂**

မူဆယ်မြို့၌ နိုဝင်ဘာ ၂၁ ရက် ည ၈ နာရီ ၄၅ မိနစ်တွင် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် ဟိုနားရပ်မြို့ပတ်လမ်းမှ မြို့မအားကစားကွင်းသို့သွားရာ လမ်းထောင့်ဘေးချုံစပ်အတွင်းမှ ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး လူများထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိဘဲ အနီးရှိနေအိမ်နံရံအား ကျောက်ခဲစများ ထိမှန်ခဲ့သည်။

နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် အဆိုပါနေရာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းခဲ့ရာ ပေါက်ကွဲမှုဖြစ်ပွားသည့် နေရာအနီးတွင် ဓာတ်ခဲအသေး ငါးလုံးပါ ဓာတ်ခဲပတ် တစ်ခု၊ ၎င်းနှင့် ဆက်သွယ်ထားသည့် ဝါယာကြိုးများအား တွေ့ရှိခဲ့သည်။

ဟိုမွန်ရပ်ကွက်ရှိ လမ်းဦးစီးဌာနရုံးဝင်းအတွင်း မြေတွင်စိုက်ဝင်နေသော မပေါက်ကွဲသေးသည့် စိန်ပြောင်းဗုံးသီးတစ်လုံး **(ယာပုံ)** ကိုလည်း ယနေ့နံနက် ၁၀ နာရီခန့်တွင် တွေ့ရှိခဲ့ရပြီး တာဝန်ရှိသူများက သွားရောက်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# မြန်မာနိုင်ငံ၏ တတိယအကြီးဆုံး အင်းတော်အင်း ရေရှည်တည်တံ့ရေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်

**အင်းတော် နိုဝင်ဘာ ၂၂**



စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့အနောက်မြောက်ဘက် နှစ်မိုင်ခန့်တွင်တည်ရှိသော မြန်မာနိုင်ငံ၏တတိယအကြီးဆုံးအင်းဖြစ်သည့် အင်းတော်အင်းသည် ယခုအခါတွင် တိမ်ကောလာနေပြီး ရေရှည်တည်တံ့ရေး လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း ဒေသခံရေလုပ်သားများထံမှ သိရသည်။

အင်းတော်အင်းအတွင်းသို့ ဖက်ဆွတ်ကြိုးဝိုင်းတွင် အဓိကရေဝေခံပြီးစီးဆင်းလာသည့် အင်းတော်ချောင်းမှာ တစ်နှစ်ပတ်လုံးစီးဆင်းနေပြီး သက္ကယ်ကျင်းချောင်း၊ ရေဖြူချောင်းနှင့် မြောင်းငယ်များမှာ မိုးတွင်းကာလတွင်သာ စီးဝင်ကြကြောင်း သိရသည်။

“ဒီအင်းက အောက်တောကြိုးဝိုင်း အကွက်အမှတ်(၃၄)နဲ့ တောင်လေးတန်ကြိုးဝိုင်းတို့နဲ့ ထိစပ်နေပြီး ကြိုးဝိုင်းသစ်တောတွေအပြင်မှာ သီးခြားတည်ရှိတဲ့အင်းပါ။ကြိုးဝိုင်းသစ်တောတွေက အထက်ရွက်ပြတ်ရောနှောတောစိုအမျိုးအစားပါ။ ကျွန်း၊ ထောက်ကြံ့၊ သတီ၊ ယမနေ၊ ပျဉ်းမ၊ ဇင်ပွန်း၊ တင်းဝါး၊ ဝါးဖြူနှင့် ဝါးဘိုးဝါးတို့ အဓိကပေါက်ရောက်ကြပါတယ်။ နှစ်ကာလရှည်ကြာလာတာနှင့်အမျှ တချို့သစ်တောတွေ အနည်းငယ် ပြုန်းတီးမှုတွေရှိလာပါတယ်”

“အင်းကိုပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်တာလည်း မရှိတာရယ်၊ အင်းထဲကို နှစ်စဉ်အနည်ပို့ချမှုတွေကြောင့် အင်းတိမ်ကောလာတာပါ။ ဒီအင်းက သာမန်ထိန်းသိမ်းရေးလောက်သာရှိပါတယ်”ဟု အင်းတော်မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ဦးနေစိုးက ပြောသည်။

သစ်တောထိန်းသိမ်းရေးလုပ်ငန်းအနေဖြင့် ဥပဒေကြောင်းအရ ထိန်းသိမ်းခြင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်လာအောင် ဟောပြောစည်းရုံးခြင်း၊ တောအမျိုးအစားအလိုက် တိုးတက်ကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းနည်းများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ၎င်းကဆက်လက်ပြောသည်။

“ဒီအင်းက အလျား လေးမိုင်၊ အနံ နှစ်မိုင်ရှိတယ်။ အင်းရဲ့ အရှေ့ဘက်ကမ်းမှာ လက်ပန်ကုန်း၊ အင်းရွာ၊ မြောက်ဘက်မှာ သက္ကယ်ကျင်းရွာ၊ အနောက်ဘက်မှာ ပေပင်ရွာ၊ အနောက်တောင်ဘက်မှာ နတ်မဟုတ်ကလေးရွာတို့ တည်ရှိပါတယ်။ ဒီကျေးရွာတွေက ရေလုပ်ငန်းကို အမှီပြု လုပ်ကိုင်ကြတယ်။ ဧရာဝတီမြစ်ကနေ မဲဇာချောင်းမှတစ်ဆင့် ဒီအင်းထဲကို တက်နေကျငါးတွေကလည်း မဲဇာချောင်း အထက်ပိုင်းမှာ ရွှေလုပ်ငန်းတွေ လုပ်ကိုင်နေကြတဲ့အတွက် ငါးမတက်တော့လို့ ငါးရှားပါးလာပါတယ်။ ကျွန်တော်တို့ ရေလုပ်သားတွေက တစ်ရက်ကို ကျပ် ၂၀၀၀ ဝန်းကျင်ရရှိအောင် အရှည်ပေ ၃၀၀၊ ၄၀၀ ကျော် ပိုက်ကို တန်းယူနေရပါတယ်”ဟု အင်းတော်အင်းမှ ရေလုပ်သား ဦးခင်မောင်သိန်းက ပြောသည်။

“ဒီအင်းမှာ အင်းရွာ၊ လက်ပန်ကုန်း၊ သက္ကယ်ကျင်း၊ ပေပင်၊ နတ်မဟုတ်ကလေးရွာတွေက ရေလုပ်သား ၂၄၈ ဦး ရှိတယ်။ ကျွန်တော်သတိထားမိသလောက်ဆိုရင် ၂၀၁၂ ခုနှစ်ကစပြီး သစ်တောတွေပြုန်းတီးလာတယ်။ ရာသီဥတုကလည်းမမှန်၊ အင်းကလည်း တစ်နှစ်ထက်တစ်နှစ်တိမ်ကောလာတယ်။ တိမ်ကောလာတဲ့အင်းမြေတွေပေါ်မှာ လယ်မြေတွေတိုးချဲ့လာကြပြီး နွေစပါးတွေစိုက်ပျိုးလာကြတယ်။ အင်းတော်မြို့နယ်ဟာ နွေစပါးစိုက်ပျိုးမှု အများဆုံးနေရာ ဖြစ်ပါတယ်”

“၂၀၁၆ ခုနှစ်မှာ အင်းခွန်အဖြစ် ၈၄ သိန်း ၉ သောင်း ကျပ်သွင်းရတဲ့အတွက် ရေလုပ်သားတစ်ဦးကို ငွေကျပ် ၄၀၀၀၀ စီ ပေးသွင်းရတယ်။ အင်းရေနက်ပိုင်းမှာ ပေ ၁၈၀ ခန့် အနက်ရှိပါတယ်။ အင်းတိမ်ကောလာပြီး ငါးရရှိမှုနည်းပါးလာတာကြောင့် ကျွန်တော်တို့ ရေလုပ်သားတွေ မိသားစုစားဝတ်နေရေးအတွက် စိုးရိမ်မှုတွေမြင့်တက်လာပါတယ်။ မနှစ်က ငါးသန်ကောင်ရေ ၈၀၀၀၀ ကျော် ဒီအင်းထဲကို ငါးမျိုးစိုက်ထည့်ခဲ့ပါတယ်။ ဒီလောက်ထည့်တာနဲ့ ငါးမလုံလောက်ပါဘူး။ ရေလုပ်သားတွေက နေ့စဉ် ရေလုပ်ငန်းကိုလုပ်ကိုင်နေတာ ဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်ကနေ ငါးသားဖောက်စခန်းဖွင့်လှစ်ပြီး ငါးမျိုးသိန်းဆယ်ချီစိုက်ထည့်နိုင်မှသာ ငါးတွေပေါ်များလာနိုင်မှာဖြစ်ပြီး ရေလုပ်သားများဘဝကို မြှင့်တင်နိုင်မှာဖြစ်ပါတယ်”ဟု ရေလုပ်သားခေါင်းဆောင် ဦးမျိုးအောင်က ပြောသည်။

**(မောင်ချစ်လင်း)**

■

# အိန္ဒိယနိုင်ငံမှ ဆရာဝန်ကြီးများ ကျန်းမာရေး ပညာပေးဟောပြော၊ အသည်း၊ နှလုံး၊ ကျောက်ကပ် ဝေဒနာရှင်များအား အခမဲ့စစ်ဆေး

**မန္တလေး နိုဝင်ဘာ ၂၂**

အိန္ဒိယသမ္မတနိုင်ငံ ကိုလ်ကတ္တားမြို့ရှိ Fortis ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် (၅၃)လမ်း၊ (၃၆) လမ်းနှင့် (၃၇) လမ်းကြားရှိ Hazel Hotel ခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ မန္တလေးမြို့ ရုံးစိုက်အိန္ဒိယသမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ ဆရာဝန်များ၊ ဆေးတက္ကသိုလ်(မန္တလေး)မှ ဘွဲ့လွန်ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာ တက်ရောက်ကြသည်။

အခမ်းအနားတွင် အိန္ဒိယနိုင်ငံ Fortis ဆေးရုံကြီးမှ အသည်းအထူးကုဆရာဝန်ကြီး Dr.Vivek က အရက်သောက်ခြင်းနှင့်မှီအဆိပ်ကြောင့်ဖြစ်သော အသည်းရောဂါ၊ အသည်းအဆီဖုံးခြင်းရောဂါနှင့် အသည်းအစားထိုးခြင်းအကြောင်းတို့ကိုလည်းကောင်း၊ နှလုံးအထူးကုဆရာဝန်ကြီး Dr.K M madana က သွေးတိုးရောဂါမှတစ်ဆင့်ဖြစ်သော နှလုံးရောဂါ၊ နှလုံးသွေးတိုးရောဂါဖြစ်စဉ်များနှင့် ကာကွယ်ကုသခြင်းများကို လည်းကောင်း၊ ကျောက်ကပ်အထူးကု ဆရာဝန်ကြီး Dr.A R Dutta က ကျောက်ကပ်ရောဂါဖြစ်ပွားခြင်းနှင့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကိုလည်းကောင်း ဟောပြောကြပြီး တက်ရောက်လာသူများ၏ သိလိုသည်များကို ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် အသည်း၊ နှလုံး၊ ကျောက်ကပ်ဝေဒနာခံစားနေရသော လူနာများအား အခမဲ့ကျန်းမာရေးစစ်ဆေးပေးခဲ့ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း ပြန်လည်နေရာချထားရေးအတွက် ဆောင်ရွက်လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၂**

ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း ပြန်လည်နေရာချထားရေးအတွက် မြန်မာ့မီးရထားမှဆောင်ရွက်လျက်ရှိသောကြောင့် သက်ဆိုင်သော မိဘပြည်သူများနှင့် တွေ့ဆုံပွဲကို ယုဇနဂါးဒင်းဟိုတယ်၌ ယမန်နေ့ မွန်းလွဲ ၁ နာရီကကျင်းပရာ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်း(အောက်မြန်မာပြည်)၊ E-Guard Environmental Services မှ မန်နေဂျင်းဒါရိုက်တာ ဦးအေးသီဟ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မိဘပြည်သူများနှင့် မီဒီယာများ တက်ရောက်ကြသည်။

အဆိုပါတွေ့ဆုံပွဲ၌ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်း(အောက်မြန်မာပြည်)က ပြန်လည်နေရာချထားရေးနှင့် သက်ဆိုင်သော အချက်အလက်များကို လည်းကောင်း၊ E-Guard Environmental Services မှ မန်နေဂျင်းဒါရိုက်တာ ဦးအေးသီဟက ပတ်ဝန်းကျင်နှင့် လူမှုသဘာဝ စဉ်းစားတွေးခေါ်မှုများကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့ပြီး တက်ရောက်လာကြသူများ၏သိရှိလိုသည်များကို ပြန်လည်ဖြေကြားခဲ့သည်။

ရန်ကုန်မြို့ပတ် ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းကြောင့် ခန့်မှန်းခြေ ထိခိုက်နေရာ ၃၄ ခုစာရင်းရှိပြီး ဈေးဆိုင်များ၊ စိုက်ခင်းများ၊ အိမ်ခန်းများ ပါဝင်ကြောင်း သိရပြီး ယင်းအတွက် နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော ပြန်လည်နေရာချထားရေးဆိုင်ရာအချက်များ၊ ပြန်လည်နေရာချထားရမည့် ခန့်မှန်းခြေထိခိုက်မှုများ၊ အကျုံးဝင်သည့် နောက်ဆုံးရက်၊ အဆိုပြုထားသည့် ပြန်လည်နေရာချထားမှုများအတွက် ကရုဏာကြေးနှင့် ထောက်ပံ့မှုများ၊ အဆင်မပြေမှုများ၊ ဖြေရှင်းပေးမည့်အစီအစဉ်များနှင့် လူမှုရေးအတွက် စောင့်ကြည့်ကူညီမည့် အစီအစဉ်များ၊ စီစဉ်ထားသည့်ဆောက်လုပ်ရေး အချိန်ဇယားများကို မြန်မာ့မီးရထားမှ စနစ်တကျထည့်သွင်းရေးဆွဲထားကြောင်း သိရသည်။

မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်း (အောက်မြန်မာပြည်)က “ရန်ကုန်မြို့ပတ်လမ်းတစ်လျှောက်မှာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ လုပ်ဆောင်မှာဖြစ်တဲ့အတွက် ငြိစွန်းနိုင်တဲ့ ဈေးဆိုင်တွေ၊ စိုက်ခင်းတွေ၊ အိမ်ခန်းတွေကို ပြန်လည်နေရာချထားဖို့အတွက် ဆောင်ရွက်နေပါတယ်။ အထူးသဖြင့် ထိခိုက်နေရာက လူတွေကိုစိတ်ချမ်းသာအောင် ဘယ်လိုမျိုးစီစဉ်ပေးရမလဲ။ နေရာတွေကို ဘယ်လိုအစားထိုးပေးရမလဲ၊ ရွှေ့ပြောင်းရင်တောင်မှ ဘယ်လိုလုပ်ဆောင်ပေးရမလဲဆိုတာကို ဒီနေ့ချပြဆွေးနွေးခြင်းပဲ ဖြစ်ပါတယ်။

အကောင်အထည်ဖော်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ တာဝန်ရှိသူတွေကို တင်ပြပြီး ကော်မတီများကို ဖွဲ့စည်းကာဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒီနေ့ကတော့ ထိခိုက်နစ်နာနိုင်မယ့် ဈေးဆိုင်တွေ၊ စိုက်ခင်းတွေနဲ့ အိမ်ခန်းတွေက မိဘပြည်သူတွေနဲ့ ပထမဆုံးအကြိမ် ပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခြင်းပဲဖြစ်ပါတယ်။ လောလောဆယ် ဈေးဆိုင်တွေကို ကျွန်တော်တို့က မဖယ်ခိုင်းသေးပါဘူး။ သူတို့အတွက် ဘယ်နေရာမှာဈေးရောင်းလို့ အဆင်ပြေနိုင်မလဲဆိုတာ မြို့နယ်စည်ပင်တွေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးအပါအဝင် စီမံခန့်ခွဲမှုယန္တရားဆိုင်ရာအုပ်ချုပ်ရေးကို သေချာတင်ပြနိုင်ပြီးမှ ဆောင်ရွက်မှာဖြစ်ပါတယ်။ ကျွန်တော်တို့လုပ်ဆောင်မယ့် အချက်အလက်တွေကို မိဘပြည်သူတွေ သိရှိအောင်ချပြပြီး ဆွေးနွေးမှာပါ”ဟု ပြောသည်။

ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် နိုင်ငံခြားအကူအညီဖြင့်လည်းကောင်း၊ နိုင်ငံတော်ဘတ်ဂျက်ဖြင့် လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ရထားလမ်းအဆင့်မြှင့်တင်ရေးအတွက် ပလက်ဖောင်းများ၊ ဘူတာများ၊ စကြံများ၊ ရေမြောင်းများနှင့် မြေထိန်းနံရံများအား နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

လာမည့် ဒီဇင်ဘာလမှစတင်၍ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း ပြန်လည်နေရာချထားရေးအတွက် စဉ်ဆက်မပြတ် တိုင်ပင်ဆွေးနွေးမှုများကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာလမှ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအထိကို အဆောက်အအုံ၊ ကောက်ပဲသီးနှံများနှင့် ဝင်ငွေဆုံးရှုံးမှုများ ထောက်ပံ့ကူညီရန်၊ ကရုဏာကြေးတွက်ချက်ရန်နှင့် ဆုံးရှုံးမှုများကို တန်ဖိုးဖြတ်ရန်အတွက် တိုင်းတာမှုများကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် ပထမလေးလပတ်တွင် ပြန်လည်နေရာချထားရေးစီစဉ်ရန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဆွေးနွေးခြင်းများပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၇ ခုနှစ် ဧပြီလတွင် ဆောက်လုပ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ထို့ပြင် မကြာမီကာလအတွင်း ရထားတွဲ DEMU 66 တွဲရောက်ရှိမည်ဖြစ်ပြီး အနာဂတ်ကာလ၌ ဒီဇယ်ရထားပြေးဆွဲခြင်းမှ လျှပ်စစ်ရထားပြေးဆွဲခြင်းအဆင့်ရောက်ရှိရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**(စိုးဝင်း-MLA)**




ရန်ကုန်မြို့ပတ်လမ်းပိုင်း၌ ပြေးဆွဲလျက်ရှိသော ရထားတွဲဆိုင်းကို တွေ့ရစဉ်။



# ဂီတဖျော်ဖြေပွဲမှာ တက်တူးအသစ်ကိုပြသခဲ့တဲ့ ဂျက်စတင်ဘီဘာ

ပြီးခဲ့တဲ့ သီတင်းပတ်အဆုံးမှာ ကျင်းပခဲ့တဲ့ အီတလီက ဂီတဖျော်ဖြေပွဲမှာတော့ ပေါ့ပ်အဆိုတော်ဂျက်စတင်ဘီဘာက သူ့ရဲ့အသစ်စက်စက်တက်တူးကို ဖျော်ဖြေရေးစင်မြင့်ထက်ကနေ ပရိသတ်တွေကို ပြသခဲ့တယ်လို့ ဒေးလီးမေးဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။

အသက် (၂၂)နှစ်အရွယ် ကနေဒါနိုင်ငံသား ပေါ့ပ်ထိပ်တန်းကြယ်ပွင့် ဂျက်စတင်ဘီဘာက သူ့ရဲ့နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Purpose"အတွက် ရည်ရွယ်ပြုလုပ်လျက်ရှိတဲ့ နယ်လှည့်ဖျော်ဖြေပွဲတွေရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တဲ့ အီတလီက ဖျော်ဖြေပွဲမှာ သူ့ရဲ့ဝမ်းဗိုက်ပေါ်မှာထိုးထားတဲ့ တက်တူးတစ်ခုကို ပရိသတ်ကို ပြသခဲ့တာဖြစ်ပါတယ်။ အဆိုပါ တက်တူးဟာ ဘုရားရဲ့သားတော်လို့ အဓိပ္ပာယ်ရတဲ့ အင်္ဂလိပ်စာသားတွေ ဖြစ်ပါတယ်။

ဂျက်စတင်ဘီဘာဟာ တက်တူးထိုးရတာ အလွန်ဝါသနာပါသူတစ်ဦးဖြစ်ပြီး အများစုဟာ ဘာသာတရားနဲ့ပတ်သက်တဲ့ သူ့ရဲ့ယုံကြည်မှုတွေကို လှစ်ဟပြတဲ့ ပုံရိပ်တွေဖြစ်ပါတယ်။ သူ့ရဲ့ကိုယ်ပေါ်က တက်တူးတွေအများစုကို ဟောလိဝုဒ်အကျော်အမော်တွေ နှစ်သက်အားပေးကြတဲ့ တက်တူးပညာရှင် ဂျွန်ဘွိုင်းက ရေးထိုးပေးခဲ့တာဖြစ်ပေမယ့် ယခုတစ်ကြိမ်ရေးထိုးခဲ့တဲ့ တက်တူးကိုတော့ ဂျွန်ဘွိုင်းရေးထိုးပေးခဲ့တာ ဟုတ်၊ မဟုတ် ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ပါဘူး။

ဂျက်စတင်ဘီဘာရဲ့တက်တူးသစ်နဲ့ပုံရိပ်ကို ပရိသတ်တစ်ဦးက ဗီဒီယိုရိုက်ကူးကာ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ဖော်ပြခဲ့တာကြောင့် သူကိုယ်တိုင်က လူမှုကွန်ရက်မီဒီယာတွေနဲ့ အဆက်အသွယ်ဖြတ်ထားခဲ့ပေမယ့် သူ့ရဲ့ အခြားသောပရိသတ်တွေလည်း ဂျက်စတင်ရဲ့ လတ်ဆတ်တဲ့ ပုံရိပ်တွေကို တွေ့မြင်ခံစားနိုင်ခဲ့တာဖြစ်ပါတယ်။

ပေါ့ပ်ကြယ်ပွင့်ရဲ့ ခန္ဓာကိုယ်အနှံ့ တက်တူးတွေနဲ့ဖုံးလွှမ်းလျက်ရှိပြီး မျက်နှာပေါ်နဲ့ လည်ကုပ်ပေါ်တွေမှာပါ တက်တူးတွေ ရေးထိုးထားတာဖြစ်ပါတယ်။ ဂျက်စတင်ဘီဘာရဲ့ ညာဘက်လက်မောင်းတစ်ခုလုံးဟာ တက်တူးတွေနဲ့ ပြည့်နေတာကြောင့် အကျီလက်တစ်ခုသဖွယ်ဖြစ်နေပါတယ်။ လည်ကုပ်ပေါ်မှာလည်း အိန်ဂျယ်တစ်ယောက်ရဲ့ အတောင်ပံတစ်စုံပုံကို ရေးထိုးထားကာ နားနောက်မှာတော့ ဂီတသင်္ကေတတစ်ခုကို ရေးထိုးထားပြီး သူ့ရဲ့ကိုယ်ခန္ဓာပေါ်မှာ ဆေးမင်ကြောင် စုစုပေါင်း ၅၆ ခုရှိကြောင်း သိရပါတယ်။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က လော့စ်အိန်ဂျလိစ်မှာ ကျင်းပခဲ့တဲ့ အမေရိကန်တေးဂီတဆုပေးပွဲကြီးမှာ ဂျက်စတင်ဘီဘာက သူ့ရဲ့နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်တွေထဲက တစ်ခုဖြစ်တဲ့ ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့က ဖျော်ဖြေမှုတွေကို ထုတ်လွှင့်ပြသခဲ့ပါတယ်။ ခရီးစဉ်တွေနဲ့ အလုပ်ရှုပ်နေတဲ့အတွက် ဂျက်စတင်ဘီဘာ အနေနဲ့ ယခုနှစ်ရဲ့ အမေရိကန်တေးဂီတဆုပေးပွဲကြီးကို ဖျော်ဖြေရေး တက်ရောက်နိုင်ခြင်း မရှိခဲ့ပါဘူး။ ဒါပေမယ့် ဘီဘာဟာ အဆိုပါဆုပေးပွဲမှာ ဆုပေါင်းလေးဆုသိမ်းပိုက်နိုင်ခဲ့ပြီး ယင်းဆုပေးပွဲရဲ့ ဆုအများဆုံးသိမ်းပိုက်ခွင့်ရခဲ့တဲ့ အနုပညာရှင်တစ်ဦးဖြစ်လာခဲ့ကာ အမေရိကန် တေးဂီတဆုပေးပွဲသမိုင်းတစ်လျှောက် ဆုအများဆုံးပိုင်ဆိုင်ခဲ့တဲ့ အနုပညာရှင် ၁၀ ဦးစာရင်းမှာ ပါဝင်လာခဲ့ပြီဖြစ်ကြောင်းလည်း သိရပါတယ်။

**အေးပြည့်**

# ဂီတယဉ်ကျေးမှုအသစ်များ ပေါင်းစပ်ထားသည့် DJ ပွဲတော်တွင် ကမ္ဘာကျော်ဒီဂျေအနုပညာရှင် Armin Van Buuren ဖျော်ဖြေတင်ဆက်မည်

ဂီတယဉ်ကျေးမှုအသစ်များ ပေါင်းစပ်ထားသည့် We are Connected အမည်ရှိ အီလက်ထရွန်နစ်ဂီတဖျော်ဖြေပွဲကို နယ်သာလန်နိုင်ငံမှ ကမ္ဘာကျော် ဒီဂျေအနုပညာရှင် Armin Van Buuren ဦးဆောင်၍ နိုဝင်ဘာ ၂၃ ရက် ညနေလေးနာရီတွင် The One Entertainment Park ၌ ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်သည်။

အဆိုပါ ဂီတဖျော်ဖြေပွဲကို ဟန်နီကန်၏ ပံ့ပိုးမှုဖြင့် AIDA Events က ကြီးမှူးကျင်းပခြင်းဖြစ်သည်။ ဖျော်ဖြေပွဲတွင် Armin နှင့်အတူ ပူးတွဲဖျော်ဖြေမည့် အနုပညာရှင်များအဖြစ် မစ္စတာ Probz၊ Angel Taylor၊ BullySongs တို့အပြင် ဂီတဖျော်ဖြေပွဲကို ပိုမိုစိတ်လှုပ်ရှားပြီး သက်ဝင်လာစေအောင် Bassjackers၊ Firebeatz၊ MaRLo၊ Husman၊ Deuce နှင့် မြန်မာဒီဂျေတစ်ဦးဖြစ်သည့် Kendrickတို့ကလည်း ဖျော်ဖြေတင်ဆက်သွားမည်ဟု နိုဝင်ဘာ ၂၂ ရက်က Park Royal ဟိုတယ်၌ ပြုလုပ်ခဲ့သော စာနယ်ဇင်းမိတ်ဆက်ပွဲမှ သိရသည်။

"မနက်ဖြန်ဖျော်ဖြေပွဲအတွက် ကျွန်တော်သိပ်ပြီး စိတ်လှုပ်ရှားနေပါတယ်။ ကျွန်တော့်ပွဲကို လာရောက်မယ့် မြန်မာပြည်ကပရိသတ်ကြီးကို ၂၁ ရာစုရဲ့ နောက်ဆုံးပေါ် ဂီတကို ထိတွေ့ခံစားစေချင်တယ်။ ပွဲမှာကျွန်တော့်ရဲ့ အယ်လ်ဘမ်အသစ်ထဲက တေးသီချင်းအသစ်တွေနဲ့လည်း ဖျော်ဖြေသွားမယ်။ ပရိသတ်ရဲ့ကြိုက်နှစ်သက်တဲ့ ခံစားမှုအပေါ် မူတည်ပြီးလည်း ဖျော်ဖြေမှုတွေကို တင်ဆက်ပေးသွားမယ်။ အလွန်လှပတဲ့မြန်မာနိုင်ငံမှာ အခုလို ဖျော်ဖြေခွင့်ရတဲ့အတွက်လည်း ပျော်ရွှင်ပါတယ်"ဟု ဒီဂျေပညာရှင် Armin Van Buuren က ပြောသည်။

ထို့ပြင် မြန်မာနိုင်ငံနှင့် နယ်သာလန်နိုင်ငံကြား ပေါင်းကူးဆက်နွှယ်စေမည့် အီလက်ထရွန်နစ်ဂီတအလုပ်ရုံဆွေးနွေးပွဲကိုလည်း ဟန်နီကန်နှင့် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်သံရုံးတို့ စီစဉ်မှုဖြင့် နိုဝင်ဘာ ၂၂ ရက် ညနေက Clubhouse တွင် ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် မြန်မာဒီဂျေများဖြစ်သည့် ပြည့်စုံ၊ အောင်ကျော်နှင့် Babe Thinzar တို့က Armin နှင့်အတူ ဂီတသံစဉ်များပေါင်းစပ်ခြင်းကို အတူလုပ်ဆောင်ခဲ့ကြပြီး မြန်မာလူငယ်ဒီဂျေအနုပညာရှင်များအတွက် ဂီတနှင့်ပတ်သက်သည့် စိတ်ကူးစိတ်သန်းနှင့် အကြံဉာဏ်များပေးအပ်သွားမည်ဟု သိရသည်။

Armin Buuren သည် ကမ္ဘာ့အကြီးကျယ်ဆုံးသော ဒီဂျေများက အသိအမှတ်ပြုရပြီး အီလက်ထရွန်နစ်ဂီတကို တီထွင်သူအဖြစ် နှစ်ပေါင်းနှစ်ဆယ်ကျော်ကြာ ရပ်တည်ခဲ့သူဖြစ်သည်။ သူသည် ရှေ့နေတစ်ဦးဖြစ်သော်လည်း အီလက်ထရွန်နစ်ဂီတကိုသာ စိတ်နှစ်မြှုပ်လုပ်ကိုင်ခဲ့သူဖြစ်သည်။ This is what it feels like သီချင်းဖြင့် ဂရမ်မီဆုအတွက် အဆိုပြုခံရသလို DJ Mag ၏ထိပ်ဆုံး ဒီဂျေတစ်ရာစာရင်းတွင် နံပါတ်တစ်နေရာတွင်ငါးကြိမ်တိုင် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။ ယင်းအပြင် အပတ်စဉ် ၂နာရီကြာ ထုတ်လွှင့်ပြသသည့် A State of Trance ရေဒီယိုရှိုးတွင်လည်း Armin သည် အစီအစဉ်မှူးအဖြစ် ဆောင်ရွက်ရာ နိုင်ငံပေါင်း ၄၈ နိုင်ငံတွင်နားဆင်သူပေါင်း ၃၇ သန်းကျော်ထိ ရှိလာခဲ့သည်။

ထို့ပြင် Armin သည် Armada Music record label ကို Maykelpiron၊ David Lewis တို့နှင့်အတူ ပူးတွဲတည်ထောင်ခဲ့သည်။ ၂၀၀၃ ခုနှစ်က ၇၆ အမည်ရှိ အယ်လ်ဘမ်၊ ၂၀၀၅ ခုနှစ်က Imagine အယ်လ်ဘမ်၊ ၂၀၁၀ ခုနှစ်က Mirage အယ်လ်ဘမ်၊ ၂၀၁၃ ခုနှစ်က Intense အယ်လ်ဘမ်နှင့် ၂၀၁၅ ခုနှစ်က Embrace အယ်လ်ဘမ်ကို နောက်ဆုံးထွက်ရှိထားသည်။ ဖျော်ဖြေသူတစ်ဦးအဖြစ်လည်း ကမ္ဘာတစ်ဝန်းတွင် ပွဲပေါင်း ၁၅၀ ကျော်ကို တင်ဆက်ခဲ့သည်။ လက်ရှိတွင် Armin သည် အာရှဒေသများထိပါ ဖျော်ဖြေပွဲအစီအစဉ်များ ပြုလုပ်လာလျက်ရှိရာ နိုဝင်ဘာ ၁၈ ရက်တွင် ရှန်ဟိုင်းမြို့၌ တင်ဆက်ဖျော်ဖြေခဲ့ပြီး နိုဝင်ဘာ ၂၃ ရက်တွင် မြန်မာနိုင်ငံ၌ ဖျော်ဖြေတင်ဆက်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ လာမည့် နိုဝင်ဘာ ၂၆ ရက်တွင်မူ တိုင်ပေ၌ဆက်လက်တင်ဆက် ဖျော်ဖြေသွားမည်ဟု သိရသည်။

**သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-မိချိုကိုဟန်**




## မြဝတီရုပ်မြင်သံကြား

**၂၃-၁၁-၂၀၁၆(ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၁၆ | မေတ္တာပို့ |
| ၇း၂၀ | ဓမ္မပူဇာတေး |
| ၇း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၇း၄၀ | သင့်အတွက်တစ်နေ့တာ |
| ၈း၁၅ | မွေးမြူသုတ |
| ၈း၃၀ | DVD Hits |
| ၈း၄၅ | ဇာတ်လမ်းတို |
| ၉း၀၀ | မြဝတီနေ့စဉ်သတင်း |
| ၉း၁၅ | သူနှင့်သူ၏သီချင်းများ |
| ၉း၃၅ | အမှတ်တရနေ့ရက်လေးများ |
| ၁၀း၀၀ | တစ်ပတ်အတွင်း စိုက်ပျိုးရေးသတင်း |
| ၁၀း၁၀ | Made In Myanmar |
| ၁၀း၂၅ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၀း၃၅ | Journal Talk |
| ၁၀း၅၀ | သီချင်းလက်ဆောင် |
| ၁၁း၀၀ | နိုင်ငံတကာသတင်း |
| ၁၁း၁၀ | မှတ်တမ်း |
| ၁၁း၂၅ | ကျန်းမာသုတ |
| ၁၁း၄၀ | Sport Review |
| ၁၂း၀၀ | ခရီးလည်းသွားစကားလည်ဆို |
| ၁၂း၁၅ | DVD Hits |
| ၁၂း၂၅ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၁၂း၃၅ | နှစ်(၈၀)ကျော်ကြားတေးများ |
| ၄း၀၀ | မြဝတီအဖွင့် |
| ၄း၂၅ | ရှေးဟောင်းသုတ |
| ၄း၄၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၄း၅၅ | ယနေ့ရန်ကုန်မြင်ကွင်းစုံ |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၆း၁၅ | Top Magic |
| ၆း၃၅ | ဘဝများ |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လျှို့ဝှက်ခြင်း၏နောက်ကွယ် အပိုင်း(၃) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း -အမျိုးသားရေးတေးကဗျာ -မိုးလေဝသသတင်း -ရယ်စရာပျော်စရာဟာသကမ္ဘာ -ယနေ့ညအတွက်မြဝတီတေးလက်ဆောင် -မြဝတီရုပ်မြင်သံကြားသတင်း -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရွှေရောင်ကြက်ခြေခတ်များ အပိုင်း(၂၁) |

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၂၃-၁၁-၂၀၁၆(ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း |
| ၈း၃၅ | "လူငယ်ဖိုရမ်မှ လူငယ်မူဝါဒဆီသို့" |
| ၈း၄၅ | "ဘုံတလာရေတံခွန်သို့ အလည်တစ်ခေါက်" |
| ၉း၃၅ | ပြည်သူ့နီတိ "ဆူး" (ရွှေအိုး၊ သူရဇ္ဇ၊ ကျော်ရဲကြည်၊ ကျော်ဇေသော်၊ ပန်းသော်တာ) (ဒါရိုက်တာ-မိုးဇော်ကို) |
| ၁၀း၃၅ | "မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး" |
| ၁၁း၁၅ | "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး (၁၆)ရက်တာလှုပ်ရှားမှုအထူးအစီအစဉ်" (အပိုင်း-၂) |
| ၁၁း၃၅ | မြန်မာ့ရုပ်မြင်သံကြားပညာရေးအစီအစဉ် |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာတိုင်နေ့ရက်များ" (အပိုင်း-၃၈) |
| ၁း၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၄၆) |
| ၂း၁၅ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ဒါရိုက်တာစတီးနှင့် သရုပ်ဆောင်နေဆန်း) |
| ၂း၃၅ | Sunday Talk |
| ၃း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၄၇) |
| ၄း၃၅ | "ပိုမိုဘေးကင်းသောလမ်းများဆီသို့" |
| ၅း၁၅ | Football Magazine |
| ၅း၃၅ | NHK Programme "ရေ၏အံ့ဖွယ်ရာများ" (ကမ္ဘာပြိုလ် ရေရရှိသောပြိုလ်) |
| ၅း၄၅ | "ချိန်ခါမရွေးအန္တရာယ်ပေးသတိပြုပါမနေး" |
| ၆း၃၅ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ကျွန်တော်နှစ်ကိုယ်ခွဲ" (ရဲလင်း၊ ကေကေမိုးမြင့်၊ ဒေါ်ခင်ခင်ကြီး၊ ဝတ်ရည်စိုး) [ဒါရိုက်တာ-သိမ်းစိုး(သီဟရတနာ)] |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၄၈) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၄၇) -သုခုမရင်ခွင်အငြိမ့်သဘင် "ရွှေမြန်မာဟားညီအစ်ကိုအငြိမ့်" (မင်းသမီး-ယွန်းရွှေစင်၊ လူရွှင်တော်-လိုင်ဘွား၊ ဆန်းသစ်၊ ဂျယ်လီ၊ ဒေါ်လာ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |

**မှတ်ချက်။** ။နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။



## ယူရိုဖလားဗိုလ်လုပွဲအပြီး ခရစ္စတီယာနို ခင်ဗျားကို ကျွန်တော်သိပ်မုန်းတာပဲလို့ ဂရစ်ဇ်မန်းဆိုခဲ့

စီရိုနယ်လ်ဒိုက ဂရစ်ဇ်မန်းဟာ ယူရိုပြိုင်ပွဲအပြီးမှာ "သူ့ကိုမုန်းတယ်"လို့ ပြောကြားခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ယူရိုပြိုင်ပွဲအပြီး စီရိုနယ်လ်ဒိုတစ်ယောက် အမေရိကန်ပြည်ထောင်စု မိုင်ယာမီ ကမ်းခြေမှာ အပန်းဖြေခရီးထွက်နေစဉ်ကာလမှာ စားသောက်ဆိုင်တစ်ဆိုင်မှာ ဂရစ်ဇ်မန်းနဲ့ဆုံခဲ့ပြီး ဂရစ်ဇ်မန်းက သူ့ကိုလာရောက်နှုတ်ဆက်တဲ့အခါ စနောက်တဲ့ အမူအရာနဲ့ "ခရစ္စတီယာနိုရေ ခင်ဗျားကို ကျွန်တော်မုန်းပါတယ်"လို့ ဆိုခဲ့တာပါ။

ဒါပေမယ့် စီရိုနယ်လ်ဒိုက ဒီစကားအပေါ် စိတ်မဆိုးခဲ့သလို ဂရစ်ဇ်မန်းကလည်း စီရိုနယ်လ်ဒိုရဲ့ အောင်မြင်မှုကို သွယ်ဝိုက်သောနည်းနဲ့ ဂုဏ်ပြုစကားပြောကြားခဲ့တာဖြစ်ပါတယ်။ ဂရစ်ဇ်မန်းက အက်သလက်တီကိုနဲ့ရော ပြင်သစ်အသင်းနဲ့ပါ ချန်ပီယံလိဂ်နဲ့ ယူရိုဖလားပြိုင်ပွဲနှစ်ရပ်လုံးမှာ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပေမယ့် နှစ်ကြိမ်စလုံးမှာ စီရိုနယ်လ်ဒိုရဲ့ ရီးယဲလ်မက်ဒရစ်နဲ့ ပေါ်တူဂီအသင်းကို ရှုံးနိမ့်ပြီး ဒုတိယဆုနဲ့သာ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ဂရစ်ဇ်မန်းရဲ့ ဒီစကားဟာ ရန်စတဲ့အဓိပ္ပာယ် မသက်ရောက်ခဲ့ဘဲ စီရိုနယ်လ်ဒိုဟာ သူနဲ့ဆုံတိုင်း အနိုင်ယူနိုင်သူဖြစ်တာကြောင့် သူ့အနေနဲ့ မုန်းတီးမိတယ်လို့ စနောက်ခဲ့တာဖြစ်ပါတယ်။

စီရိုနယ်လ်ဒိုကတော့ ဗိုလ်စွဲဖို့ ထိပ်ဆုံးမှာရေပန်းစားနေတဲ့ ပြင်သစ်အသင်းကို အနိုင်ယူနိုင်ခဲ့တဲ့ လျှို့ဝှက်ချက်က ပြင်သစ်အသင်း ယုံကြည်မှု လွန်ကဲနေတာကို အခွင့်အရေးယူနိုင်ခဲ့တာပဲ ဖြစ်တယ်လို့ဆိုပါတယ်။ ပြင်သစ်အသင်းဟာ အကြိုဗိုလ်လုပွဲမှာ ကမ္ဘာ့ချန်ပီယံဂျာမနီကို အနိုင်ကစားနိုင်ခဲ့တဲ့အပြင် အိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့ ပွဲရဲ့ ၅၀ရာခိုင်နှုန်းမှာ ဗိုလ်စွဲအောင် ကစားနိုင်တဲ့ အစဉ်အလာကြောင့် ပေါ်တူဂီအသင်းကို အလွယ်တကူအနိုင်ရမယ်လို့ အားလုံးကခန့်မှန်းခဲ့ကြတာပါ။ ဒါပေမယ့် ပွဲချိန် မိနစ် ၉၀ ပြည့်လို့ အချိန်ပို မိနစ် ၃၀ မှာတော့ ပေါ်တူဂီလူငယ်တိုက်စစ်မှူး ဆန်းချက်ဇ်ရဲ့ သွင်းဂိုးကြောင့် ချန်ပီယံဖြစ်ခွင့် လက်လွတ်ဆုံးရှုံးခဲ့ရတာ ဖြစ်ပါတယ်။

စီရိုနယ်လ်ဒိုကတော့ ဂရစ်ဇ်မန်းဟာလည်း ဖီဖာဘလွန်းဒီအောဆုနဲ့ ထိုက်တန်သူဖြစ်သလို ဗိုလ်လုပွဲနှစ်ကြိမ်စလုံးမှာ အရေးနိမ့်ပြီး ဒုတိယဆုနဲ့ ကျေနပ်ခဲ့ရတာကို စိတ်မကောင်းပါဘူးလို့ ဥရောပအကောင်းဆုံးကစားသမားဆု ပေးအပ်ပွဲအခမ်းအနားမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။

## အီဗရာဟီမိုဗစ်ချ် တကယ်သနားစရာ ကောင်းတယ်

မန်ယူတိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်သည် မန်ယူအသင်းတွင် ထင်သလောက် ခြေစွမ်းမပြနိုင်ခြင်းမှာ အသက်အရွယ်ကြီးရင့်လာမှုကြောင့်ဖြစ်ပြီး မိုဗစ်ချ်၏ရွှေရောင်နေ့ရက်များ အကောင်းဆုံး အချိန်များကျော်လွန်ခဲ့ပြီဟု အိုင်ယာလန်အသင်း ကစားသမားဟောင်းမန်ဖီက မှတ်ချက်ချခဲ့သည်ဟု ဂိုးလ်ဒေါ့ကွန်းက ဖော်ပြသည်။ မိုဗစ်ချ်မှာ ဥရောပကလပ်အသင်းကြီးများတွင် လှည့်လည်ကစားခဲ့ပြီး ရောက်ရှိသည့်အသင်းတိုင်းတွင် အောင်မြင်မှုအလီလီရယူနိုင်ခဲ့သူဖြစ်သောကြောင့် သူ့ကိုရရှိသော မန်ယူအသင်း အလွန်ကံကောင်းသည်ဟု ပရိသတ်များက ယူဆခဲ့သော်လည်း တကယ်တမ်းတွင် မန်ယူအသင်း ရလဒ်ပိုင်းမကောင်းခဲ့သလို မိုဗစ်ချ်လည်း ခြေစွမ်းပိုင်း ရုန်းကန်နေရဆဲဖြစ်သည်။

မန်ဖီက"ကျွန်တော်ကတော့ မိုဗစ်ချ်ဘောလုံးခေတ် အတိတ်မှာကျန်ခဲ့ပြီလို့ ထင်ပါတယ်။ သူ့ရဲ့ ဘောလုံးပေးပို့မှု၊ ဂိုးကန်သွင်းမှု၊ တစ်ပွဲလုံး ခြုံကစားမှုပုံစံတွေကိုကြည့်ရင် သူ့နဂို ကစားဟန်တွေမရှိတော့ဘူးဆိုတာ သိသာသွားပါပြီ။ သူ့ကို မန်ယူက ဝယ်ယူခဲ့တဲ့အချိန်မှာ အသက် (၃၅)နှစ်ကျော်အရွယ်ပါ" ဟု မန်ဖီက အာစီအီးရုပ်သံနှင့် အင်တာဗျူးတွင် ထည့်သွင်းပြောကြားခဲ့သည်။ သို့သော် မန်ဖီက ကွန်တီ၏နည်းဗျူဟာပိုင်းအပေါ် ချီးကျူးခဲ့သလို ယခုနှစ် ပရီမီယာလိဂ်ချန်ပီယံအဖြစ် ချယ်လ်ဆီးသာ အောင်ပွဲခံနိုင်လိမ့်မည်ဖြစ်ကြောင်း ဟောကိန်းထုတ်လိုက်သည်။ ချယ်လ်ဆီးအသင်းသည် အာဆင်နယ်အား သုံးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့ပြီးနောက်ပိုင်း ခြောက်ပွဲဆက်အနိုင်ရလဒ်ရရှိကာ ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်သို့ တက်လှမ်းလာနိုင်ခဲ့သည်။

## နိုဝင်ဘာ ၂၄ ရက်ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ် အုပ်စုအဆင့်ပွဲစဉ်များ

| | | | |
|---|---|---|---|
| ဘက်ဆစ်တပ်စ် | - | ဘင်ဖီကာ | နံနက် - ၀၀း၁၅ |
| အာဆင်နယ် | - | ပီအက်စ်ဂျီ | နံနက် - ၂း၁၅ |
| လူဒိုဂိုရက်စ် | - | ဘေဆဲလ် | နံနက် - ၂း၁၅ |
| နာပိုလီ | - | ဒိုင်နမိုကိဗ် | နံနက် - ၂း၁၅ |
| ဆဲလ်တစ် | - | ဘာစီလိုနာ | နံနက် - ၂း၁၅ |
| မိုချင်ဂလက်ဘတ် | - | မန်စီးတီး | နံနက် - ၂း၁၅ |
| အက်သလက်တီကို | - | ပီအက်စ်ဗွီ | နံနက် - ၂း၁၅ |

မောင်မောင်ဇော်

## ဖီယင်နော့ဒ်နှင့် ပွဲစဉ်တွင် မန်ယူအတွက် အမ်ခီတာယန် ပွဲထွက်ကစားမည်

မန်ယူနည်းပြ မော်ရင်ဟိုက ဖီယင်နော့ဒ်အသင်းနှင့် ယှဉ်ပြိုင်မည့် ယူရိုပါလိဂ်ပွဲစဉ်တွင် ကွင်းလယ်လူ အမ်ခီတာယန်ကို ပွဲထွက်ခွင့်ပေးမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ အမ်ခီတာယန်မှာ မန်ယူသို့ရောက်ရှိလာပြီးနောက် ငါးပွဲသာ ဝင်ရောက်ကစားခွင့်ရခဲ့ပြီး ထိုငါးပွဲမှ လေးပွဲမှာ လူစားဝင်ကစားသမားအဖြစ် ကစားခဲ့ရခြင်းဖြစ်သည်။

အမ်ခီတာယန်သည် ဒေါ့မွန်တွင် အကောင်းဆုံးခြေစွမ်းတစ်ရပ် ပြသနိုင်ခဲ့သူဖြစ်ပြီး ပြီးခဲ့သည့် နွေဈေးကွက်အတွင်း ဒေါ့မွန်မှ မန်ယူသို့ ပြောင်းရွှေ့ကြေးပေါင် ၂၆ ဒသမ၃သန်းဖြင့် ရောက်ရှိလာခဲ့သည်။ သို့သော် မန်စီးတီးအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တစ်ပွဲတွင်သာ ပွဲထွက်ကစားခွင့်ရခဲ့ပြီး ယင်းပွဲတွင်လည်း ခြေစွမ်းမပြနိုင်သဖြင့် ဒုတိယပိုင်းတွင် လူစားလဲခံခဲ့ရသည်။ မော်ရင်ဟိုက နိုင်ငံတကာ ပွဲစဉ်များမယှဉ်ပြိုင်မီ ကာလအတွင်း အမ်ခီတာယန် အနေဖြင့် ပွဲထွက်ကစားခွင့်ရလိုလျှင် ယခုထက် ပိုမိုကြိုးစားမှသာ ဖြစ်နိုင်မည်ဟု သတိပေးစကားဆိုခဲ့သောကြောင့် အမ်ခီတာယန် မန်ယူမှ ထွက်ခွာတော့မည်ဟု ထင်ကြေးပေးမှုများ မြင့်တက်ခဲ့သေးသည်။

သို့သော် အမ်ခီတာယန်က မန်ယူမှာ ငင်းငယ်ငယ်ကတည်းက ကစားချင်သည့် ကလပ်အသင်းဖြစ်ပြီး မည်သည့်အရာကိုမျှ လွယ်လွယ်နှင့် အရှုံးပေးမည်မဟုတ်သလို မန်ယူအသင်းနေရာ တစ်နေရာအတွက် တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း တုံ့ပြန်စကား ဆိုခဲ့သည်။ မော်ရင်ဟိုက အာဆင်နယ်နှင့် ပွဲမတိုင်မီ အမ်ခီတာယန်ကို ဖီယင်နော့ဒ်နှင့် ပွဲစဉ်တွင် ဝင်ရောက်ကစားခွင့်ပေးမည်ဟု ပြောကြားခဲ့ပြီးဖြစ်ကြောင်း ဆိုခဲ့သည်။ ဒေါ့မွန်နည်းပြ တူချယ်လ်ကလည်း ဇန်နဝါရီဈေးကွက်ကာလဖွင့်လှစ်ချိန်တွင် အမ်ခီတာယန်အား ပြန်လည်ခေါ်ယူပေးရန် ဒေါ့မွန်အသင်းတာဝန်ရှိသူများကို တောင်းဆိုထားကြောင်း သိရသည်။



## မက်ဆီ၊ နေမာတို့ သွင်းဂိုးများ ဖီဖာ ပွတ်စ်ကပ်စ်ဆု ဆန်ခါတင်စာရင်းတွင် ပါဝင်နေ

ဖီဖာ ပွတ်စ်ကပ်စ်ဆု ဆုဟု ခေါ်တွင်သော တစ်နှစ်တာအလှပဆုံး သွင်းဂိုးဆုအတွက် ဆန်ခါတင်စာရင်းကို နိုဝင်ဘာ၂၂ ရက်က ထုတ်ပြန်ကြေညာခဲ့ရာ လာလီဂါကစားသမားများဖြစ်သည့် မက်ဆီ၊ နေမာနှင့် ဆော်နီဂွက်ဇ်တို့၏ သွင်းဂိုးများ ပါဝင်နေသည်ကို တွေ့ရသည်။ အဆိုပါအလှပဆုံးသွင်းဂိုးဆုစာရင်းသည် တစ်နှစ်ပတ်လုံးယှဉ်ပြိုင်ခဲ့သည့် နိုင်ငံတကာပွဲများနှင့် ကလပ်အသင်းပွဲစဉ်များ အားလုံးထဲမှ လှပမှုအပြင် နည်းစနစ်ပိုင်းအရပါ သေသပ်သည့် သွင်းဂိုး ၁၀ ဂိုးကို ဆန်ခါတင်အဖြစ် ထုတ်ပြန်၍ မဲအများဆုံးရရှိသည့် သွင်းဂိုးကိုရွေးချယ်ကာ ဖီဖာ ပွတ်စကပ်စ်ဆုအဖြစ် ချီးမြှင့်ခြင်းဖြစ်သည်။

ကိုပါအမေရိက ဖလားအကြိုဗိုလ်လုပွဲစဉ်တွင် အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီ အမေရိကန်အသင်းဘက်သို့ သွင်းယူခဲ့သည့် အလွတ်တည်ကန်ဘောသွင်းဂိုး၊ ဗီလာရီးယဲလ်အသင်းဘက်ကို သွင်းယူသည့် ဘာစီလိုနာ တိုက်စစ်မှူး နေမာ၏ မြေမကျသွင်းဂိုးနှင့် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲစဉ် ဘိုင်ယန်မြူးနစ်အသင်းဘက်သို့သွင်းယူခဲ့သည့် အက်သလက်တီကို ကွင်းလယ်လူ ဆော်နီဂွက်ဇ်၏ သွင်းဂိုးများမှာ အဆိုပါဆန်ခါတင်ဆုစာရင်းတွင် ပါဝင်နေသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်က ယှဉ်ပြိုင်ခဲ့သည့် အင်္ဂလန်နှင့် စပိန်အသင်းတို့ ချစ်ကြည်ရေး ခြေစမ်းပွဲတွင် စပိန်အသင်းမှ ဂက်စ်ပါ၏ သွင်းဂိုးအပြင် မလေးရှားစူပါလိဂ်မှ မလေးရှားကစားသမား ဆပ်ဘရီ၏ သွင်းဂိုးမှာလည်း ယင်းစာရင်းတွင် ပါဝင်နေသည်။

မေလဲ့သင်း - စ စည်း ရေး သား သည်

## ဆဲလ်တစ်နှင့် ချန်ပီယံလိဂ်ပွဲစဉ်တွင် မက်ဆီပါဝင်ရန် သေချာ

ဘာစီလိုနာစူပါစတား လီယွန်နယ်မက်ဆီသည် အစောပိုင်းက ဖျားနေခဲ့သော်လည်း တနင်္လာနေ့ ဘာစီလိုနာလေ့ကျင့်ရေး အစီအစဉ်များကို ပါဝင်လုပ်ဆောင်ခဲ့ခြင်းဖြင့် ဆဲလ်တစ်နှင့် ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်ကို သေချာပေါက် ဝင်ရောက်ကစားနိုင်မည်ကို မီးစိမ်းပြခဲ့သည်။ မက်ဆီသည် မာလာဂါနှင့် ပွဲစဉ်ကို ဖျားနေခဲ့သဖြင့် လွဲချော်ခဲ့သောကြောင့် ဆဲလ်တစ်နှင့် ပွဲစဉ်ကိုပါဝင်နိုင်ရန် မသေချာဟု အများစုက ယူဆခဲ့သော်လည်း ယခုအခါ အချိန်မီဝင်ရောက်ကစားရန် ရှိနေခြင်းဖြစ်သည်။ သို့သော် ဘာစီလိုနာ နောက်ခံလူ အမ်တီတီနှင့် ကွင်းလယ်လူ အင်နီယေစတာတို့နှစ်ဦး ပါဝင်နိုင်ဦးမည်မဟုတ်သေးကြောင်း သိရသည်။

စနေနေ့ကယှဉ်ပြိုင်ခဲ့သည့် လာလီဂါပွဲစဉ်တွင် မက်ဆီနှင့် ဆွာရက်ဇ်တို့မပါဝင်ခဲ့သော ဘာစီလိုနာသည် ကိုးယောက်ကျန် မာလာဂါ အသင်းကိုပင် အနိုင်မကစားနိုင်ဘဲ ဂိုးမရှိသရေကျခဲ့သည်ကို တွေ့ရသည်။ ထို့ကြောင့် ဘာစီလိုနာအသင်းသည် မက်ဆီမပါလျှင် ရလဒ်ပိုင်းယိမ်းယိုင်တတ်ရာ ယခုကဲ့သို့ မက်ဆီ ဘာကာအတွက် အချိန်မီပြန်လည်ဝင်ရောက် ကစားနိုင်မည်ဆိုသည်မှာ ဆဲလ်တစ်ပရိသတ်များအတွက် သတင်းဆိုးတစ်ရပ်ဖြစ်လာလိမ့်မည်။ ဘာစီလိုနာသည် ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ယှဉ်ပြိုင်ခဲ့သည့် ချန်ပီယံလိဂ်အဖွင့် ပွဲစဉ်တွင် ဆဲလ်တစ်အသင်းကို မက်ဆီ၏ ဟက်ထရစ်ဂိုးအပါအဝင် ခုနစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ဆဲလ်တစ်သည် မန်စီးတီးနှင့် မိုချန် ဂလာဘတ်အသင်းတို့ကို သရေကစားနိုင်ခဲ့ခြင်းကြောင့် အုပ်စုတက်ရေး မျှော်လင့်ချက် ဆက်လက်ရှိနေခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဆဲလ်တစ်နည်းပြ ဘရန်ဒန်ရော်ဂျာက ဘာစီလိုနာကို လွန်ခဲ့သည့် လေးနှစ်တာကာလက အနိုင်ကစားနိုင်ခဲ့သည့်ပုံစံအတိုင်း ထပ်တူထပ်မံလုပ်ဆောင်ပြနိုင်ရန် မျှော်လင့်ထားကြောင်းလည်း ပြောကြားခဲ့သည်။



## လက်ပံကျေးရွာတွင် ပိုးလွန်းရာကျော်ချိတ် လုံချည်များတစ်နှစ်ပတ်လုံးရက်လုပ်

**စစ်ကိုင်း နိုဝင်ဘာ ၂၂**

မြန်မာ့ရိုးရာ ပိုးလွန်းရာကျော်ချိတ်လုံချည်များကို စစ်ကိုင်းမြို့နယ် လက်ပံကျေးရွာတွင် တစ်နှစ်ပတ်လုံး ရက်လုပ်လျက်ရှိသည်။ လက်ပံကျေးရွာတွင် ပိုးလွန်းရာကျော်ချိတ်ရက်လုပ်သည့် ရက်ကန်းစင် ခြောက်စင်ရှိသည်။ ပိုးလွန်းရာကျော်ချိတ်ရက်လုပ်သည့် ရက်ကန်းစင်တန်းတစ်တန်းလျှင် ချိတ်လုံချည် ခုနစ်ကွင်းတင်လေ့ရှိသည်။ ပိုးလွန်းရာကျော်ချိတ်လုံချည် ခုနစ်ကွင်းတန်းတစ်တန်းလျှင် တစ်နှစ်ခန့်ရက်လုပ်ရပြီး တစ်ကွင်းလျှင် တစ်လခွဲခန့်ရက်လုပ်ရသည်။

ပိုးလွန်းရာကျော်ချိတ်တစ်ကွင်းလျှင် လက်ခအနေဖြင့် ငွေကျပ်တစ်သိန်းငါးသောင်းမှ တစ်သိန်းရှစ်သောင်းအထိရသည်။ ပိုးလွန်းရာကျော်ချိတ်ဈေးအတက်အကျပေါ်မူတည်ကာ လက်ခလည်းအတက်အကျရှိသည်။ နေ့စားခနှင့်တွက်လျှင် တစ်နေ့လျှင်ငွေကျပ် ၃၆၀၀ မှ ၄၀၀၀ အထိရရှိသည်။ အများအားဖြင့် လက်ခစားအဖြစ်ရက်လုပ်ပြီး ကုန်သည်ထံသွင်းကြရသည်။ လက်ပံကျေးရွာတွင် တစ်နှစ်ပတ်လုံး ပိုးလွန်းရာကျော်ချိတ်ကို ရက်လုပ်ကြသည်။ လက်ရှိကာလ ရက်ကန်းစင်အလွတ်တစ်စင်လျှင် ငွေကျပ်တစ်သိန်းငါးသောင်းခန့်ကုန်ကျသည်။

ပိုးလွန်းရာကျော်ချိတ်လုံချည်မှာ နွေအေး ဆောင်းနွေးသောအထည်ဟုပင် ဆိုထားပြီး ရှေးခေတ်ကာလက နန်းသုံးတော်ဝင်အထည်ဟုပင် တင်စားခဲ့ကြသည်။ လက်ရှိကာလတွင် အဆင်ဆန်းနှင့် အရောင်ရွေးချယ်မှာယူလိုပါက သုံးလခန့်ကြိုတင်မှာယူမှ ရနိုင်သော တန်ဖိုးမြင့်တန်းဝင်အထည်ပင်ဖြစ်သည်။ ရှေးယခင်က ချိတ်အဆင်ပေါင်းသုံးဆယ်ကျော်ရှိရာမှ နောက်ပိုင်းတီထွင်လာသော အဆင်ဒီဇိုင်းများကြောင့် အဆင်အမျိုးပေါင်းများစွာရှိလာခဲ့သည်။ ချိတ်အဆင်အမျိုးမျိုးရှိသည်။ လေးစင်းလိမ်ကြိုး၊ ခြောက်စင်းလိမ်ကြိုး၊ ပတ္တမြားရွက်ဆက်ကြိုး၊ ရွှေတစ်လိမ်၊ ငွေတစ်လိမ်၊ စပယ်နွဲ့၊ ထိပ်ခေါင်တင်ကြိုးနှင့် အခြားအမည်များစွာရှိသည်။

လှပသော၊ ခန့်ထည်သော လွန်းရာကျော်ပိုးထည်များမှာ တစ်ကွင်းလျှင် ငွေကျပ်နှစ်သိန်းကျော်ပေးရသည်။ လက်ရှိကာလတွင် လက်ပံကျေးရွာမှ လွန်းရာကျော်ချိတ်များကို မန္တလေးမြို့သို့ တင်ပို့ပေးရသည်။ ဈေးကွက်ခိုင်မာမှုရှိကာ တစ်နှစ်ပတ်လုံးရက်လုပ်ကြကြောင်း သိရသည်။ **တိမ်တမန်**

## မြန်မာ့ရိုးရာလက်မှုပညာပစ္စည်းများရောင်းအားကောင်းလျက်ရှိ




**မန္တလေး နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံ၏ ရေမြေတောတောင်သဘာဝအလှ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် မြန်မာ့ရိုးရာ အနုပညာပစ္စည်းများအား တစ်နေ့ထက်တစ်နေ့ ကမ္ဘာကသိရှိလာသည်နှင့်အမျှ မြန်မာနိုင်ငံသို့ ပြည်ပခရီးသွား လာရောက်လည်ပတ်မှုများပြားလျက်ရှိရာ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ရွှေကျောင်းကြီးရှေ့တွင်ရှိသော လက်မှုပစ္စည်းအရောင်းဆိုင်များ၌ မြန်မာ့ရိုးရာလက်မှုပညာပစ္စည်းများဖြစ်သော ကျောက်ပန်းပုများ၊ အသားပန်းပု၊ ကြေးသွန်းရုပ်များ၊ ရုပ်သေးရုပ်များ၊ ရှေးခေတ်အသုံးအဆောင်ပစ္စည်းများ ရောင်းချလျက်ရှိရာ ပြည်ပခရီးသွားလာရောက်မှုများပြား၍ အဆိုပါ မြန်မာ့ရိုးရာလက်မှုပညာပစ္စည်းရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

"ကျွန်တော်တို့ ဒီမြန်မာ့ရိုးရာပစ္စည်းလေးတွေက ဒီလမှ သိသိသာသာရောင်းအားကောင်းလာတာပါ။ ဒီပစ္စည်းတွေက ပြည်ပခရီးသွားတွေအများဆုံးဝယ်ယူတာဆိုတော့ နိုင်ငံခြားသားများများလာမှ များများရောင်းရတာ။ ခရီးသွားဧည့်လမ်းညွှန်တွေပေါ်မှာလည်းမူတည်တယ်။ သူတို့က ဒီလက်မှုပညာပစ္စည်းအကြောင်းတွေရှင်းပြရင် ပိုမိုဝယ်ယူကြပါတယ်။ ဒီရက်ပိုင်းမှာ ပြည်ပခရီးသွားလာတာများတော့ ရောင်းအားကောင်းပါတယ်။ ဈေးနှုန်းတွေက အစားစားပဲ။ ပစ္စည်းပေါ်မူတည်တာပေါ့။ သူတို့က မြန်မာ့ရိုးရာလက်မှုပစ္စည်းလေးတွေ အမှတ်တရဝယ်ယူကြပါတယ်" ဟု မန္တလေးမြို့ ရွှေကျောင်းကြီးရှေ့တွင်ရောင်းချနေသော မြန်မာ့ရိုးရာလက်မှုပစ္စည်းအရောင်းဆိုင်ရှင်တစ်ဦးက ပြောပြသည်။

မန္တလေးမြို့သို့ ပြည်ပခရီးသွားလာရောက်လည်ပတ်မှုများပြားလျက်ရှိကာ အဆိုပါလုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိသော အလုပ်အကိုင်များအများဆုံးအဆင်ပြေလျက်ရှိပြီး မြန်မာလက်မှုပညာပစ္စည်းအရောင်းဆိုင်များလည်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ပြည်ထောင်စုလွှတ်တော်ဆိုင်ရာရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လမ်းများအား ကွင်းဆင်းစစ်ဆေး

**မတ္တရာ နိုဝင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာရန်ပုံငွေဖြင့် ကျေးရွာအုပ်စုလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့များမှ ဆောင်ရွက်လျက်ရှိသော လမ်းများအား လုပ်ငန်းကြီးကြပ်မှုအဖွဲ့က နိုဝင်ဘာ ၁၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



လုပ်ငန်းကြီးကြပ်မှုအဖွဲ့မှ ကျောင်းကုန်းကျေးရွာအုပ်စု (ပေ ၉၀၀၀ ×၁၂ ပေ×၆ လက်မ) ရှိ ကျောင်းကုန်း-ဆည်ကြီးစု ကျေးရွာချင်းဆက်လမ်းနှင့် စကားပင်ကျေးရွာအုပ်စု စကားပင်-အေးချမ်းသာ (၅၂၈၀ ပေ × ၁၂ ပေ × ၆ လက်မ) လမ်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို စစ်ဆေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ စကားပင်-အေးချမ်းသာလမ်းမှာ ယခင်က မိုးရာသီအချိန်တွင် မည်သည့်ယာဉ်မှ သွားလာနိုင်ခြင်းမရှိဘဲ နွားလှည်းပင်သွားလာနိုင်ခြင်းမရှိသောလမ်းဖြစ်ပြီး ယခုအခါ ဂျင်းကျောက်လမ်းခင်းနေသည့်အတွက် သွားလာမှုအဆင်ပြေလာကြောင်းနှင့် ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးသွားပါက ဒေသထွက်ကုန်များဖြစ်သည့် စပါး၊ ပဲ၊ ကွမ်းနှင့် ငှက်ပျောများကို အချိန်တိုအတွင်း လျင်မြန်စွာ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

## ပင်လည်ဘူးမြို့၌ အထက်တန်း ကျောင်းသား၊ ကျောင်းသူများအားနိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ပင်လည်ဘူး နိုင်ဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနက ပင်လည်ဘူးမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီက ပင်လည်ဘူးမြို့ အ. ထ. က ဦးအောင်မြတ်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်စိုးက မှတ်ပုံတင်နိုင်ငံသားစိစစ်ရေးကတ်ပြားသည် မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် ရှိသင့်ရှိထိုက်သည့် အလွန်အရေးကြီးအသုံးဝင်သောကတ်ပြားဖြစ်၍ မပျောက်ပျက်မပျက်စီးအောင် စနစ်တကျ ထိန်းသိမ်းထားကြရန်၊ ပျက်စီးပျောက်ဆုံးခဲ့ပါက မှတ်ပုံတင်နံပါတ်အထောက်အထားဖြင့် မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနသို့ အသိပေးအကြောင်းကြားရန် ပြောကြားခဲ့သည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်းစိန်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားမြို့နယ် ဦးစီးမှူး ဦးဉာဏ်သိန်းတို့က နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးရခြင်းနှင့် ပတ်သက်၍ အသီးသီးအမှာစကားပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသော သက်ဆိုင်ရာတာဝန်ရှိသူများက မှတ်ပုံတင်ကတ်ပြားပြုလုပ်ထားသော ကျောင်းသား၊ ကျောင်းသူ ၄၉၉ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးလွင်(မြို့နယ်ပြန်/ဆက်)**

## ဧရာဝတီမြစ်ဘေးရှိ ကျွန်းမြေများတွင် မြေပဲအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ထွန်စက်များကို ပိုမိုအသုံးပြုလာ

**မန္တလေး နိုဝင်ဘာ ၂၂**

နိုဝင်ဘာလအတွင်း အဆက်မပြတ်မိုးရွာသွန်းခဲ့သည့်အတွက် ဧရာဝတီမြစ်ကမ်းနံဘေးရှိ ကျွန်းမြေများ မြေပဲစိုက်ရာတွင် စိုက်ပျိုးချိန်နောက်ကျနေသည့်အတွက်လက်ရှိကာလတွင် စိုက်ပျိုးချိန်မီရေးအတွက် စွမ်းအားမြင့်ထွန်စက်များအား ပိုမိုအသုံးပြုလာကြောင်း သိရသည်။

တန်ဆောင်မုန်းလဆန်းပိုင်းတွင် မြေပဲစိုက်ပျိုးပြီးချိန်ဖြစ်သော်လည်း ယခုနှစ်တွင် တန်ဆောင်မုန်းလပြည့်ကျော်မှ စတင်ကာစိုက်ပျိုးနေရသည်။ သို့ပါ၍ မြေပဲများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် စဉ့်ကိုင်မြို့နယ် စက်မှုလယ်ယာမှ ထွန်စက်ဝန်ဆောင်မှုများပေးလျက်ရှိပြီး ပုဂ္ဂလိကထွန်စက်များကိုလည်း ငှားရမ်းအသုံးပြုလာကြသည်။ စက်မှုလယ်ယာမှ ထွန်စက်များမှာ တစ်ဧကလျှင် ငွေကျပ်တစ်သောင်းငါးထောင်နှုန်းခန့်ဖြင့် ငှားရမ်းအသုံးပြုမှုများရှိပြီး ပုဂ္ဂလိကထွန်စက်များမှာ တစ်ဧကလျှင် ငွေကျပ်တစ်သောင်းခုနှစ်ထောင်မှ တစ်သောင်းရှစ်ထောင်အထိ ပေးရကြောင်း သိရသည်။

လက်ရှိကာလ အမရပူရမြို့နယ် ဧရာဝတီမြစ်ဘေးရှိ ကျွန်းမြေများတွင် မြေပဲများကို အချိန်နှင့်တစ်ပြေးညီစိုက်ပျိုးလာကြသည်။ စွမ်းအားမြင့်ထွန်စက်ကြီးများကိုလည်း အလွယ်တကူငှားရမ်းအသုံးပြုနိုင်သည်။ ထွန်စက်အငှားလိုက်သူများသည် စွမ်းအားမြင့်ထွန်စက်များကိုဝယ်ယူကာ စိတ်တိုင်းကျကိုင်တွယ်ကြသည်။ အထူးသဖြင့် စဉ့်ကိုင်မြို့နယ်အတွင်းတွင် တွင်ကျယ်စွာ ထွန်စက်အငှားလိုက်သလို မကွေးမြို့အထိပါ ထွန်စက်များစွာဖြင့် အငှားထွန်ယက်နေကြောင်း သိရသည်။

စွမ်းအားမြင့်ထွန်စက်များဖြင့် တစ်နေ့ထွန်ယက်နှုန်းမှာ ထွန်စက်တစ်စီးလျှင် ၁၀ ဧကကျော်ထွန်ယက်ပြီးစီးကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**

## ကျုံပျော်ရွှေနှံ့သာလမ်း ကတ္တရာထပ်ပိုးလွှာခင်း

**ကျုံပျော် နိုဝင်ဘာ ၂၂**

ပြည်သူများသွားလာမှု အဆင်ပြေစေရန်အတွက် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အောင်ဆန်းရပ်ကွက်၊ ရွှေနှံ့သာလမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၈ ရက်က ပေ ၆၀၀ ခန့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းကို အကျယ် ၁၂ ပေ၊ အရှည်ပေ ၁၀၀၀ ဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး စုစုပေါင်းကုန်ကျငွေကျပ်သိန်း ၁၁၀ ဖြစ်ကြောင်း၊ ဆက်လက်၍ ဗိုလ်ချုပ်လမ်းမကြီးနှင့်ဆက်မိရန် ကျန်ရှိနေသော အရှည်ပေ ၉၀၀ ကိုလည်း ပြည်သူတို့၏ ထည့်ဝင်လှူဒါန်းငွေနှင့် စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ထပ်ပိုးလွှာခင်းခြင်းကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အင်ဂျင်နီယာ ဦးခင်မောင်စိုးထံမှ သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

## တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ကွင်းဆင်းကုသ

**ရမည်းသင်း နိုဝင်ဘာ ၂၂**

ရမည်းသင်းခရိုင် ၂၅ ခုတင်ဆံ့တိုင်းရင်းဆေးပညာ ဦးစီးဌာနက ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို တိုင်းရင်းဆေးဖြင့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းဆေး အခမဲ့ကုသပေးခြင်းကို နိုဝင်ဘာ တတိယပတ်က သီလဝ(၂)ရပ်ကွက်တွင် အခမဲ့ကွင်းဆင်းဆေးကုသပေးခဲ့ကြောင်း သိရသည်။

ရမည်းသင်းခရိုင် တိုင်းရင်းဆေးရုံတာဝန်ခံ ဒုတိုင်းရင်းဆေးမှူး ဒေါ်အေးအေးက ပြည်သူများအား ရာသီအလိုက်ဖြစ်ပွားတတ်သောရောဂါများကို ကာကွယ်စောင့်ရှောက်မှုများ၊ အာဟာရဖြင့် ကျန်းမာအောင်နေထိုင်မှုများကို ရှင်းလင်းပြောကြားပြီး ဆေးကုသရန်လာရောက်သည့်ပြည်သူများအား သွေးတိုးရောဂါ၊ လေငန်းရောဂါ၊ မူးဝေ၊ လေးဘက်နာရောဂါ၊ ဒူးနာခါးနာနှင့် အထွေထွေရောဂါတို့ကို ဒုတိုင်းရင်းဆေးမှူး ဒေါ်အေးအေးနှင့် လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်ငွေးတို့က စမ်းသပ်ကာ အခမဲ့ကုသပေးခဲ့သည်။ ဆက်လက်၍ နိုဝင်ဘာ ၁၇ ရက်တွင်လည်း တိုင်းရင်းဆေး ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပဲခူးမြို့တွင် အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲပြုလုပ်

**ပဲခူး နိုဝင်ဘာ ၂၂**
(၉၆)နှစ်မြောက် အမျိုးသားနေ့အောင်ပွဲအကြိုအထိမ်းအမှတ် စာပေဟောပြောပွဲကို ပဲခူးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ဝိုင်အမ်ဘီအေခန်းမ၌ နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီခွဲက ပြုလုပ်ခဲ့ကြောင်းသိရသည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများက ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဇင်သက်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ကာ စာပေဟောပြောပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်ဝတ်ရည် (ဝတ်ရည်ခင်-ပဲခူး)က စာပေဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကျောင်းသားဟောင်း ဒေါက်တာမြင့်သန်း (ညောင်လေးပင်) မြန်မာနိုင်ငံစာရေးဆရာအသင်းဗဟိုကော်မတီဝင်က ကျောင်း၏သမိုင်းကြောင်းကို ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူဟောင်းများက အမျိုးသားနေ့ကြွေးကြော်သံသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ဆက်လက်၍ စာရေးဆရာကောင်းသန့် (အမျိုးသားစာပေဆုရ)က အမျိုးသားစိတ်ဓာတ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမမေသကြာ်နှင်ဟိန် (မြစ်မခသတင်းအေဂျင်စီအမှုဆောင်အရာရှိချုပ်)က အမျိုးသားစိတ်ဓာတ်နှင့် အမျိုးသားအကျိုးစီးပွားခေါင်းစဉ်ဖြင့်လည်းကောင်းဟောပြောကြပြီး စာရေးဆရာများအား တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

(၉၆) နှစ်မြောက်အမျိုးသားနေ့အောင်ပွဲအကြို အထိမ်းအမှတ်စာပေဟောပြောပွဲအား ကျောင်းသား၊ ကျောင်းသူများ၏ရင်တွင်း၌ အမျိုးသားရေးစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်များ ကိန်းအောင်းဖြစ်တည်လာစေရန်၊ စာပေဟောပြောပွဲသို့ တက်ရောက်နားထောင်မှတ်သားရခြင်းကြောင့် စာအုပ်ပေါင်းမြောက်များစွာ ဖတ်ရှုကြရသည့်အကျိုးကျေးဇူးများရရှိသကဲ့သို့ အကျိုးကျေးဇူးရရှိစေရန် ရည်ရွယ်ပြုလုပ်ရခြင်းဖြစ်ကြောင်း စာပေဟောပြောပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ စာပေဗိမာန်ဆုနှင့် နိုင်ငံတော်ဆုများရှင် ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်-ပဲခူး) က ပြောသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**



# ပန်းလောင်မြစ်ရေတိုးသည့်အတွက် ပျက်စီးသွားသောလမ်းများအား စုပေါင်းပြုပြင်



**တံတားဦး နိုဝင်ဘာ ၂၂**
ယခုနှစ် ပန်းလောင်မြစ်ရေတက်ခြင်းမှာ ကိုးကြိမ်အထိရှိကာ မြစ်ဘေးရှိလယ်ယာစိုက်ခင်းများနှင့်အတူ လမ်းအချို့ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် ကျေးရွာသူ၊ ကျေးရွာသား စုပေါင်းလမ်းခင်းကာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပျက်စီးမှုများတွင် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ဘုရားကြီးရွာ၊ အေးကြည်ရွာ၊ ရွှေပေါက်ကွန်းရွာ၊ ပလ္လင်တောင်ရွာနှင့် သားများဘရွာတို့ကို ဆက်သွယ်ထားသောလမ်းပိုင်းလည်း ပါသွားခဲ့သည်။

အဆိုပါ ပျက်စီးသွားသောလမ်းပိုင်းကို သားများဘရွာသူရွာသားများ ကိုယ့်အားကိုယ်ကိုး ပြုပြင်လျက်ရှိသည်။ ပြုပြင်မှုတွင် ရွာလုံးကျွတ်ပါဝင်ဆင်နွှဲကြသည်။ လမ်းပြင်မှုတွင် သဲများနှင့် ကျောက်ကြမ်းများပါဝင်သော သဲများကို ဝယ်ယူခင်းပေးရသည်။ ပျက်စီးသွားသောလမ်းမှာ ပေ ၃၀၀၀ ကျော်အထိရှိသည်။ သဲထွေလာဂျီတစ်စီးလျှင် ငွေကျပ် ၈၀၀၀ ပေးရသည်။ ပျက်စီးသွားသောလမ်းပိုင်းဖြစ်သည့် သားများဘရွာလမ်း(မြသန္တာ) လမ်းကို သဲထွေလာဂျီ အစီးရေ ၁၅၀ ကျော် ခင်းရမည်ဖြစ်သည်။

လက်ရှိကာလတွင် သားများဘရွာမှဦးစီးကာ ခင်းပေးလျက်ရှိသည်။သားများဘရွာမှာ အိမ်ခြေ ၃၁၇ အိမ်ရှိပြီး လူဦးရေ ၁၆၀၀ ကျော်နေထိုင်သည်။ ယခုအခါ ပျက်စီးသွားသောလမ်းပိုင်းကို ကျေးရွာစည်ပင်သာယာရေးအတွက် ဖွဲ့စည်းထားသော ဦးညဏ်ရင်နှင့် ဦးမြင့်ကိုတို့ ဦးဆောင်ကာ ဆောင်ရွက်နေခြင်းဖြစ်သည်။

**တိမ်တမန်**

# သမဝါယမ စုပေါင်းလယ်ယာ တည်ထောင်ရေး ယင်းမာပင်မြို့တွင် ညှိနှိုင်းစည်းဝေး

**ယင်းမာပင် နိုဝင်ဘာ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် သမဝါယမစုပေါင်းလယ်ယာတည်ထောင်ရေး ညှိနှိုင်းအစည်းအဝေးအား မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် “အသင်းစုအနေနဲ့ ယင်းမာပင်မြို့နယ် မြို့သစ်ကျေးရွာက တောင်သူ ၈၀ ဦးပါဝင်တဲ့ လယ်မြေဧက ၅၁၂ ဧကအတွက် တစ်ဧကလျှင် ကျပ်သုံးသိန်းနှုန်းချေးပေးပြီး သမဝါယမ စုပေါင်းလယ်ယာတည်ထောင်ရေး ဆွေးနွေးရရှိခဲ့တယ်” ဟု သမဝါယမအသင်းစု အတွင်းရေးမှူး ဦးကျော်ငြိမ်းက ပြောသည်။

အဆိုပါညှိနှိုင်းရရှိမှုအား လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ဝန်ကြီးဌာနမှ ခွင့်ပြုပေးနိုင်ရေးကို စီမံချက်ရေးဆွဲ တင်ပြထားကြောင်းကိုလည်း ၎င်းကပြောသည်။

**မေသရဖူဖူး**

# ချင်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် ရိခေါဒါရ်မြို့ စီမံခန့်ခွဲရေးကော်မတီ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများ လုပ်ငန်းညှိနှိုင်းဆွေးနွေး

**ရိခေါဒါရ် နိုဝင်ဘာ ၂၂**
ချင်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်သည် နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ရိခေါဒါရ်မြို့ စီမံခန့်ခွဲရေးကော်မတီဝင်များ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် လုပ်ငန်းညှိနှိုင်းတွေ့ဆုံဆွေးနွေးပွဲကို ရိပြည်ထောင်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကော်မတီဝင်များနှင့် ရပ်မိရပ်ဖများက ဒေသဖွံ့ဖြိုးရေးအတွက် အထူးလိုအပ်သည့်ကိစ္စရပ်များဖြစ်သည့် ကားကြီးဝင်း၊ ဈေး၊ မြို့တွင်းလမ်းငါးခု ကတ္တရာခင်းကျင်းခြင်း၊ နှာသျှာလ်လယ်ကွင်းလမ်းဖောက်လုပ်ခြင်း စသည်များကို ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ ပြည်နယ်ဝန်ကြီးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ပြည်သူများ စည်းလုံးညီညွတ်ရန် အထူးလိုအပ်ကြောင်း၊ လူမျိုးစွဲ၊ ပါတီစွဲ၊ ဒေသစွဲ စိတ်ဓာတ်မထားရှိသင့်ကြောင်း၊ ဒေသကောင်းကျိုးအတွက် အမြော်အမြင်ကျယ်ပြန့်စွာ ဥပဒေဘောင်အတွင်း လုပ်ဆောင်သွားရန်လိုအပ်ကြောင်း၊ မည်သည့်လုပ်ငန်းကိုမဆို ရရှိလာသည့်အကျိုးကျေးဇူးများ၊ ပြည်သူအများခံစားစေနိုင်ရေး၊ ဒေသ၏အမှန်တကယ်လိုအပ်သည်များကို ဦးစားပေးအလိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ လုပ်ငန်းလိုအပ်ချက်များတင်ပြရာတွင်လည်း လုပ်ထုံးလုပ်နည်းမှန်ကန်စွာ ဥပဒေဘောင်အတွင်း အဆင့်ဆင့်တင်ပြသွားကြပါရန် မှာကြားလိုပါကြောင်း၊ မည်သည့်လုပ်ငန်းကိစ္စမဆို အဆိုးနှင့်အကောင်း ချင့်ချိန်၍ အကောင်းဘက်က တွေးမြင်တတ်ရန်လိုအပ်ပါကြောင်း ဆွေးနွေးသွားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**ဇိုဟေဆာ**

# အခြေခံအပ်ချုပ်စက်သင်တန်း အမှတ်စဉ် (၁၂/၂၀၁၆) ဖွင့်လှစ်

**လှိုင်ကော် နိုဝင်ဘာ ၂၂**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လှိုင်ကော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်း အမှတ်စဉ် (၁၂/၂၀၁၆) ဖွင့်ပွဲအား နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီခွဲက ထေးငှားလျားကျေးရွာရှိ စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ မြို့နယ်ဦးစီးမှူး ဒေါ်အိအိခင်၊ ထေးငှားလျားကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးရယ်နှင့် သင်တန်းသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့သည်။

ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဟန်မြင့်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်အိအိခင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီးနောက် မြို့နယ်ကျေးလက်ဦးစီးမှူးက သင်တန်းအတွက် အထောက်အကူပြုပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းအား သင်တန်းသူ ၃၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းနည်းပြနှစ်ဦးဖြင့် သင်ကြားပြီး သင်တန်းကာလမှာ တစ်လဖြစ်ကြောင်း သိရသည်။

“အမျိုးသမီးတစ်ယောက်အနေနဲ့ ဒီလိုအတတ်ပညာများကို တတ်မြောက်ထားသင့်တယ်။ ဒီသင်တန်းတက်ရောက်ရတာကြောင့် အမျိုးသမီးရဲ့ စားဝတ်နေရေးအတွက် အထောက်အကူတစ်ခုဖြစ်စေတယ်” ဟု သင်တန်းသူတစ်ဦးက ပြောသည်။

**ကိုစိုင်း(လှိုင်ကော်)**

# ပန်းချီ၊ ပန်းပုကျောင်း(မန္တလေး)ကျောင်းဆင်းများ ဒုတိယအကြိမ် WHITE ပန်းချီပြပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၂**
ပန်းချီ၊ပန်းပုကျောင်း(မန္တလေး) ကျောင်းဆင်းမျိုးဆက်သစ်ပန်းချီဆရာ၊ ဆရာမများ စုပေါင်းပြသသော ဒုတိယအကြိမ် WHITE ပန်းချီပြပွဲဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင် ခြသေ့်ကြီးနှစ်ကောင်အနီးရှိ မန္တလေးတောင်ပန်းချီပြခန်း၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးပန်းချီပညာရှင်များအသင်းဥက္ကဋ္ဌ ပန်းချီပန်းပုကျောင်း (မန္တလေး) ကျောင်းအုပ်(ငြိမ်း) ဦးဇော်ဝင်း (သစ်ထွင်း) နှင့် ပန်းချီပညာရှင်များ တက်ရောက်အားပေး ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ ပန်းချီပြပွဲသို့ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး) ပန်းချီပညာအဓိကကျောင်းသား၊ ကျောင်းသူများ၊ ပန်းချီ၊ ပန်းပုကျောင်း (မန္တလေး)ကျောင်းသား၊ ကျောင်းသူများ၊ ပန်းချီအနုပညာစိတ်ဝင်စားသူများ လာရောက်ကြည့်ရှု အားပေးခဲ့သည်။

ယင်းပြပွဲတွင် ရေဆေး၊ ဆီဆေး၊ အခရိုင်လစ်ပန်းချီကား ၈၀ ကျော်ကို ပြသမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**





# တစ်ပတ်အတွင်း ထူးခြားအားကစား သတင်းများ

ဒီတစ်ပတ် ထူးခြားသတင်းတွေထဲမှာ စာချုပ်သစ်ကြောင့် ဘာစီလိုနာအသင်း ဂျပန်မှာသွားပြီး ခြေစမ်းပွဲတွေကစားရတော့မယ့်အကြောင်း၊ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီမော်ရင်ဟိုနဲ့ပြန်ပူးပေါင်းဖို့ မန်ယူကို ပြောင်းရွှေ့နိုင်တယ်လို့ ခန့်မှန်းမှုတွေ ထွက်လာခြင်း၊ မန်စီးတီးနည်းပြ ဂွါဒီယိုလာကနာဆရီရဲ့ အရည်အချင်းအရဆိုရင် မန်စီးတီးကစားသမားမဖြစ်သင့်ဘဲ ဘာစီလိုနာကစားသမားဖြစ်သင့်တယ်လို့ ပြောကြားခဲ့ခြင်းတွေ စတဲ့စတဲ့ သတင်းတွေအပြင် ဒီတစ်ပတ်ရဲ့ ထူးခြားအားကစားသတင်းအချို့ကို ထုတ်နုတ်တင်ဆက်ပေး လိုက်ပါတယ်။ ဒါ့အပြင် ဒီတစ်ပတ်အတွင်း ဒေါ့မွန်-ဘိုင်ယန်၊ မန်ယူ-အာဆင်နယ်၊ အက်သလက်တီကို-ရီးယဲလ်မက်ဒရစ်အသင်းတို့ရဲ့ ပရိသတ်များ အကြိုက်တွေ့ရတဲ့ ရက်သတ္တပတ်ဖြစ်ခဲ့ရပါတယ်။

## စာချုပ်သစ်ကြောင့် ဂျပန်မှာ ကစားပေးရတော့မယ့် ဘာစီလိုနာ

ဘာစီလိုနာအသင်းဟာ အာရှကုမ္ပဏီ ရာကူတန်နဲ့ လေးနှစ် ယူရိုသန်း ၂၂၀တန် စာချုပ် ချုပ်ဆိုခဲ့တာကြောင့် ဒီစာချုပ်သစ်ကြောင့် နောက်လာမယ့်နှစ်တွေမှာ ဂျပန်မှာ ချစ်ကြည်ရေး ခြေစမ်းပွဲတွေ မဖြစ်မနေ သွားရောက်ကစားရဖို့တော့ ရှိနေပါပြီ။ စာချုပ်ချုပ်ဆိုပွဲမှာ ဘာစီလိုနာအသင်း ဒုတိယဥက္ကဋ္ဌဖြစ်သူ မာနယ် အာရိုယိုက ဘာစီလိုနာအနေနဲ့ ပြက္ခဒိန်နှစ်တစ်နှစ်မှာ အနည်းဆုံး တစ်ပွဲဖြစ်နိုင်ရင် နှစ်ပွဲ သွားရောက် ကစားပေးရမှာဖြစ်တယ်လို့ အတည်ပြုပြောကြားခဲ့ပါတယ်။ ဒီစပွန်ဆာ စာချုပ်သစ်ကြောင့် မက်ဆီ၊နေမာ၊ ဆွာရက်ဇ်တို့လို နာမည်ကျော် ကစားသမားတွေအများအပြားကို ဂျပန်ပရိသတ်တွေ နှစ်စဉ်နှစ်တိုင်း ကြည့်ရှုခွင့် ရတော့မှာဖြစ်ပါတယ်။ ဘာစီလိုနာအသင်းအနေနဲ့ ကမ္ဘာ့ကလပ်ချန်ပီယံဖလားဝင်ရောက် ကစားခွင့်ရတဲ့အချိန် ဂျပန်နိုင်ငံကို သွားရောက် ကစားရပေမယ့် ဒါဟာ ချန်ပီယံလိဂ်မှာ ဗိုလ်စွဲတဲ့နှစ်တွေမှာသာ ဖြစ်ပေမယ့် ၂၀၁၇ ခုနှစ်ကစလို့ လေးနှစ်ဆက်တိုက် ဂျပန်ပရိသတ်တွေ ဘာစီလိုနာအသင်းကို ကြည့်ရှုခွင့်ရတော့မှာဖြစ်ပါတယ်။




## ချယ်လ်ဆီးကနေ မန်ယူကို ပြောင်းမှာလား တယ်ရီ

ချယ်လ်ဆီး အသင်းခေါင်းဆောင် ဂျွန်တယ်ရီတစ်ယောက် နှစ်ပြီးပြကွန်တီလက်ထက် ချယ်လ်ဆီးမှာနေရာဆက်ပျောက်နေမယ်ဆိုရင် ဆရာဟောင်းဖြစ်သူ မော်ရင်ဟိုနဲ့ ပြန်ပူးပေါင်းဖို့ မန်ယူကို ပြောင်းရွှေ့နိုင်တယ်လို့ ချယ်လ်ဆီးမှာရော မန်ယူမှာရော ကစားဖူးသူလည်းဖြစ်၊ ချယ်လ်ဆီးနည်းပြဟောင်းတစ်ဦးလည်းဖြစ်သူ ရေးလ်ဝီလ်ကင်က သူ့ယူဆချက်ကို ပြောပါတယ်။ တယ်ရီဟာ ပြီးခဲ့တဲ့စက်တင်ဘာလအတွင်း ယှဉ်ပြိုင်ခဲ့ရတဲ့ ဆွမ်ဆီးနဲ့ ပွဲစဉ်မှာ ခြေချင်းဝတ် အရွတ်ကြော ဒဏ်ရာရရှိခဲ့တာကြောင့် အနားယူနေရသူဖြစ်ပါတယ်။ ကွန်တီ စိတ်ကြိုက်နောက်တန်းခံစစ်ကစားသမား သုံးဦးစာရင်းမှာ တယ်ရီ မပါဝင်ဘဲ အရန်ခုံမှာပဲ အချိန်ကုန်ဆုံးနေတာကြောင့် ဒီလိုသာရေရှည် ဆက်သွားမယ်ဆို တယ်ရီ မော်ရင်ဟိုနဲ့ ပူးပေါင်းဖို့ ပရီမီယာလိဂ်ပြိုင်ဘက်မန်ယူကို ပြောင်းလိမ့်မယ်လို့ ရေးလ်ဝီလ်ကင်က ထင်မြင်ချက်ပေးခဲ့တာဖြစ်ပါတယ်။ တယ်ရီအနေနဲ့ တရုတ်စူပါလိဂ်ကို ပြောင်းရွှေ့မယ်လို့ ခန့်မှန်းချက်တွေ ထွက်နေပေမယ့် သူလိုအရည်အချင်းရှိသူတစ်ယောက်ကို ကလပ်အသင်းမြောက်မြားစွာက အလိုရှိမှာဖြစ်တဲ့အတွက် စူပါလိဂ်ထက်ဆို ပရီမီယာလိဂ်အသင်း တစ်ခုကိုသာ ပြောင်းရွှေ့နိုင်ပြီး အဖြစ်နိုင်ဆုံးကတော့ "မန်ယူ" လို့မှန်းဆချက်ထွက်လာခဲ့တာပါ။




## ဘာစီလိုနာ ကစားသမားဖြစ်သင့်တယ်

မန်စီးတီးကနေ ဆီဗီလာကို အငှားနဲ့ လာရောက် ကစားနေတဲ့ နာဆရီက မန်စီးတီးနည်းပြ ဂွါဒီယိုလာဟာ သူ့ကို မန်စီးတီးအသင်းနဲ့ ဆက်လက် ပူးပေါင်းဖို့သာ လိုလားခဲ့သလို အရည်အချင်းပြည့်တဲ့ ကစားသမားတစ်ဦးအဖြစ် ချီးကျူးခဲ့ကြောင်း ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ နာဆရီဟာ ဂွါဒီယိုလာရောက်လာလာချင်းမှာ ကိုယ်အလေးချိန်တက်နေတဲ့အတွက် အသင်းလေ့ကျင့်ရေး အစီအစဉ်တွင် ပါဝင်နိုင်ခြင်းခဲ့ခြင်းမရှိပေမယ့် ကိုယ်အလေးချိန်လျှော့ချနိုင်ပြီး နောက်မှာတော့ ဂွါဒီယိုလာက သူ့ကို မန်စီးတီးအသင်းမှာပဲ ဆက်နေဖို့ ဆန္ဒရှိခဲ့တယ်လို့ ဆီဗီလာကို မပြောင်းခင်ကတည်းက နာဆရီက ပြောကြားခဲ့ပြီးသားပါ။

ဂွါဒီယိုလာက နာဆရီရဲ့ အရည်အချင်းနဲ့ဆိုရင် မန်စီးတီးကစားသမားမဖြစ်သင့်ဘဲ ဘာစီလိုနာ ကစားသမားဖြစ်သင့်တယ်လို့ ပြောကြားခဲ့သလို သူနဲ့ မန်စီးတီးကို ကူညီဖို့ နာဆရီအနေနဲ့ မန်စီးတီးအသင်းမှာ ဆက်နေဖို့ လိုလားခဲ့ပေမယ့် ပွဲထွက်ကစားခွင့်အာမခံချက် မပေးနိုင်လို့ ဆီဗီလာကို ပြောင်းရွှေ့သွားခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။ နာဆရီဟာ လက်ရှိအချိန်မှာလည်း ဆီဗီလာအတွက် အကောင်းဆုံး ခြေစွမ်းပြနေပြီး မန်စီးတီးအသင်းကို ပြန်ဖို့ရည်ရွယ်ချက် မရှိတော့ဘဲ ဆီဗီလာနဲ့ အမြဲတမ်းစာချုပ် ချုပ်ဆိုဖို့ရည်မှန်းနေတာပါ။

နာဆရီက ဂွါဒီယိုလာဟာ သူ့ကိုအငှားချလိုစိတ်မရှိသလို သူ့အရည်အချင်းကို အသိအမှတ်ပြုတဲ့သူဖြစ်ကြောင်း မကြာခဏ ထုတ်ဖော်ပြောကြားခဲ့သူဖြစ်ပြီး အခုလည်း သူ့အရည်အချင်းဟာ မန်စီးတီးအသင်းနဲ့တောင် မထိုက်တန်ဘဲ ဘာစီလိုနာလို အသင်းကြီးအတွက်တောင် ကစားနိုင်တယ်လို့ ဂွါဒီယိုလာကိုယ်တိုင်က ချီးကျူးခဲ့သူလို့ အံ့အားသင့်ဖွယ်ရာ ဆိုခဲ့ပါတယ်။

မေလဲ့သင်း-ရေးသားသည်

## ပီယာလိုရဲ့နောင်တ

နယူးယောက်စီးတီး ကွင်းလယ် ကစားသမား ပီယာလိုက သူ့တစ်သက်တာလုံး နောင်တအရဆုံး ကိစ္စရပ်မှာ ဂွါဒီယိုလာလက်အောက် ကစားခွင့်မရခြင်းနဲ့ ရီးယဲလ်မက်ဒရစ်ကစားသမားဖြစ်ခွင့်မရရှိခြင်းဘဲဖြစ်တယ်လို့ ဆိုပါတယ်။ ဂွါဒီယိုလာဟာ ၂၀၁၀ခုနှစ်နွေရာသီမှာ အေစီမီလန်အသင်းမှာ ကစားနေတဲ့ ပီယာလိုကို ဘာစီလိုနာအတွက် ခေါ်ယူဖို့ ဆန္ဒရှိခဲ့ပေမယ့် မီလန်က သူ့ကိုမရောင်းချခဲ့တာကြောင့် ဂွါဒီယိုလာ လက်အောက်မှာ ကစားခွင့် မရရှိခဲ့ပါဘူး။

ပီယာလိုက ဂွါဒီယိုလာက သူဘယ်လိုလူမျိုးနည်းပြလဲဆိုတာကို ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်အသင်းတွေမှာ သက်သေစိုက်ထူနိုင်ပြီးဖြစ်တာကြောင့် နံပါတ်(၁) နည်းပြဆိုတာ သံသယဝင်စရာ မလိုပါဘူးလို့ ဆိုခဲ့ပါတယ်။ ဒါ့အပြင် သူတို့နှစ်ဦးဟာ ဘရက်စီယာအသင်းမှာ ကောင်းမွန်တဲ့ ဆက်ဆံရေး ထူထောင်ထားနိုင်ပြီးဖြစ်တယ်လို့လည်း ပီယာလိုက ဖွင့်ဟပြောကြားခဲ့ပါတယ်။ ဂွါဒီယိုလာဟာ ၂၀၀၁ ခုနှစ်မှာ ဘာစီလိုနာအသင်းကနေ ထွက်ခွာပြီး ဘရက်စီယာအသင်းကို ရောက်ရှိလာခဲ့တာဖြစ်သလို အဲဒီအချိန်မှာပဲ ပီယာလိုကလည်း အင်တာမီလန်အသင်းကနေ ဘရက်စီယာအသင်းကို အငှားချ ကစားခံခဲ့ရတာဖြစ်ပါတယ်။

ပီယာလိုက အီတလီအသင်းအတွက် ၂၀၀၆ခုနှစ်မှာ ကမ္ဘာ့ဖလား ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သလို အေစီမီလန်နဲ့ ဂျူဗင်တပ်အသင်းတို့အတွက်လည်း အောင်မြင်မှု အများအပြားဆောင်ကြဉ်း ပေးနိုင်ခဲ့သူပါ။ ပီယာလိုက အေစီမီလန်နဲ့ ဘာစီလိုနာအသင်းတို့ ချစ်ကြည်ရေး ခြေစမ်းပွဲကစားခဲ့တဲ့ ပွဲစဉ်အပြီးမှာ ဂွါဒီယိုလာက ပီယာလိုကို လာရောက်နှုတ်ဆက်ပြီး သူ့ကို အလိုရှိကြောင်း ပြောကြားခဲ့ပြီးနောက် ပွဲအပြီး ရုံးခန်းအတွင်းမှာ သူတို့နှစ်ဦး သီးခြားတွေ့ဆုံဖြစ်ခဲ့သလို ဘာစီလိုနာလို ကမ္ဘာ့အကောင်းဆုံး ကလပ်အသင်းမှာ မကစားချင်တဲ့ ကစားသမားဆိုတာ ဘယ်မှာရှိမလဲလို့ မာကာ ပလပ်စ်နဲ့ အင်တာဗျူးမှာ ဖြေကြားခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် အီတလီလူမျိုး ကာပယ်လို ရီးယဲလ်အသင်းကို ကိုင်တွယ်စဉ် ၂၀၀၆ ခုနှစ်မှာ သူ့ကို ခေါ်ယူဖို့ ချိတ်ဆက်ခဲ့ပေမယ့် အေစီမီလန်က ထွက်ခွာခွင့်မပေးခဲ့ဘူးလို့ ဆိုခဲ့ပါတယ်။ သူ့ဘဝနောက်ထပ် နောင်တအရဆုံးဖြစ်ရပ်က ရီးယဲလ်ကစားသမားဘဝဖြစ်ခွင့်မရတာလည်းပါတယ်လို့ ပီယာလိုက ဆိုပါတယ်။

ပီယာလိုဟာ ၂၀၁၅ ခုနှစ် ဂျူဗင်တပ်အသင်းနဲ့ ချန်ပီယံလိဂ် ဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့ပေမယ့် ဘာစီလိုနာအသင်းကို ရှုံးနိမ့်ခဲ့ပြီး ချန်ပီယံဖြစ်ခွင့် ဆုံးရှုံးခဲ့တာဖြစ်ပါတယ်။ သူဟာ ၂၀၀၆ ခုနှစ်မှာ အေစီမီလန်အသင်းနဲ့အတူ ချန်ပီယံလိဂ်မှာဗိုလ်စွဲနိုင်ခဲ့ပါတယ်။




## ပေါ့ဘာကို မန်ယူမှ ခေါ်ယူရန် အာဆင်နယ် ကြိုးပမ်းခဲ့

၂၀၁၂ ခုနှစ် နည်းပြ ဆာအဲလက်စ်ဖာဂူဆန် လက်အောက်မှာ မန်ယူ ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဘာ တစ်ယောက် မန်ယူမှာ ပွဲထွက်ကစားခွင့်မရဘဲ အသင်းပြောင်းဖို့ ဆိုင်းပြင်းနေချိန်မှာ အာဆင်နယ်ကလည်း ပေါ့ဘာကို ခေါ်ယူဖို့ ကြိုးပမ်းခဲ့ဖူးပါတယ်။ အာဆင်နယ် နည်းပြ ဝင်းဂါးက ဖာဘရီဂတ်စ် ဘာစီလိုနာကို ပြောင်းရွှေ့သွားလို့ ကွင်းလယ်ကစားသမားကောင်း ဆုံးရှုံးနေတဲ့အချိန်မှာ ပေါ့ဘာနဲ့ အစားထိုးဖို့ ကြိုးပမ်းခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ပေါ့ဘာဟာ ဂျူဗင်တပ်ကို ပြောင်းရွှေ့ဖို့ အလျင်အမြန်ပဲ ဆုံးဖြတ်သွားခဲ့၍ ပေါ့ဘာကို အာဆင်နယ် မရလိုက်တာလို့ ဝင်းဂါးက ဆိုပါတယ်။ ဝင်းဂါးက အဲဒီအချိန်တုန်းကဆိုရင် သူဟာ ပေါ့ဘာကို ဂျူဗင်တပ်အသင်းလိုပဲ ရဲရဲရင့်ရင့်နဲ့ ပွဲထွက်ခွင့် ပေးမှာပဲဖြစ်ပြီး ဒါဟာ ဘာလို့လဲဆိုရင် ဖာဘရီဂတ်စ်နဲ့ အဲလက်စ်ဆောင်းတို့ ဘာစီလိုနာကို ပြောင်းရွှေ့သွားကြသလို နာဆရီကလည်း အဒီဘာယောရဲ့ ခြေရာကို နင်းပြီး မန်စီးတီးကို ရွှေ့ဆင့်နောက်ဆင့် ဆိုသလိုပြောင်းရွှေ့သွားတာကြောင့် ဖြစ်တယ်လို့ ဆိုပါတယ်။

## လီဗာပူးကို ပြန်လာမလား ဂျာရတ်

အသက်(၃၆)နှစ်အရွယ် လီဗာပူးအသင်းခေါင်းဆောင်ဟောင်း စတီဗင်ဂျာရတ်က လွန်ခဲ့တဲ့ တစ်နှစ်ခွဲကာလက လီဗာပူးကနေ မေဂျာလိဂ် ကလပ် အယ်လ်အေဂလက်စီ ကို ပြောင်းရွှေ့သွားသူပါ။ ဒါပေမယ့် ဂျာရတ်ဟာ ခုတော့ ဂလက်စီကနေ ထွက်ခွာလာပါပြီ။ လီဗာပူးနည်းပြ ဂျာဂင်ကလော့ပ်က ဂျာရတ်လို ကစားသမားအတွက် လီဗာပူးမှာ နေရာတစ်နေရာစာဖန်တီးပေးနိုင်တယ်လို့ အစောပိုင်းကတည်းက ပြောကြားထားသလိုဂျာရတ် လီဗာပူးနဲ့ ပြန်လည် ပူးပေါင်းဖို့အရေး ဆောင်ရွက် ပြင်ဆင်နေပါတယ်။ ဂျာရတ်က လီဗာပူးနည်းပြပိုင်းဆိုင်ရာ အခန်းကဏ္ဍကို တာဝန်ယူဖို့ဆွေးနွေးနေပြီး သူ့ကို စံပြတစ်ယောက်ဆိုတဲ့ အခန်းကဏ္ဍထက်ပိုပြီး အဓိပ္ပာယ်ရှိတဲ့နေရာမှာ ထားဖို့ ဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။ လီဗာပူး လူငယ် အကယ်ဒမီ အသင်းက ဒါရိုက်တာ အဲလက်စ် အင်္ဂလီထရုပ်နဲ့ ဆွေးနွေးမှုပြုခဲ့ပြီးနောက် လူငယ်အကယ်ဒမီအတွက်ပဲ တာဝန်ထမ်းဆောင်ဖို့ရှိပါတယ်။

ဂျာရတ်ဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ လီဗာပူးအသင်းခေါင်းဆောင် ရာထူးကို ရယူနိုင်ခဲ့သူဖြစ်ပြီး သူ့ကိုလိုချင်တဲ့ အသင်းတွေထဲမှာ ရီးယဲလ်မက်ဒရစ်နဲ့ ချယ်လ်ဆီးတို့တောင် ပါဝင်ခဲ့ပေမယ့် ကမ်းလှမ်းမှုအားလုံးကို ငြင်းပယ်ပြီး လီဗာပူးအတွက် ကာလကြာရှည်ပေးဆပ် ကစားခဲ့ကာ အသက်(၃၅)နှစ်အရွယ်ရောက်မှသာ အယ်လ်အေဂလက်စီကို ပြောင်းရွှေ့သွားတာဖြစ်ပါတယ်။



## မနောသုခမိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

**ကလေးဝ နိုဝင်ဘာ ၂၂**
ကလေးခရိုင် ကလေးဝမြို့နယ် ယောစုကျေးရွာ တောင်သူ ဦးအောင်မြင့်၏ ကွင်းအမှတ်-၁၃၃၊ ဦးပိုင်အမှတ် ၁၈/၁၊ မနောသုခမိုးစပါးစိုက်ဧက ၂ ဒသမ ၅၂ တွင် နိုဝင်ဘာ ဒုတိယအပတ်က သုည ဒသမ ၁၀ ဧက စံကွက်ကိုရိတ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲ၌ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးမြင့်မိုး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဌာနမှူး ဦးမောင်မောင်စန်းနှင့် ဝန်ထမ်းများ၊ ယောစုကျေးရွာအုပ်စုနှင့် မြေသာကျေးရွာအုပ်စုမှ တောင်သူများပူးပေါင်း၍ စံကွက်ရိတ်သိမ်းခဲ့ခြင်းဖြစ်ပြီး ခြွေလှေ့စက်ဖြင့် ခြွေလှေ့ကာ တစ်ဧကလျှင် စပါးအစို ၁၀၅ တင်း ထွက်ရှိကြောင်း သိရသည်။

**ဂျိုးနက်**

# ဂေါဝိန်ဆိပ်ကမ်းတွင်ဆန်တင်ပို့မှုများပြားလာခြင်း နှင့်အတူ ကုန်တင်သင်္ဘော၊ ကုန်စည်များပေါများလာ

**မန္တလေး နိုဝင်ဘာ ၂၂**
မန္တလေးမြို့သို့ ကုန်စည်များသယ်ယူပို့ဆောင်မှုတွင် ကုန်းလမ်းရေလမ်းတို့ကို အဓိကထားကာ သယ်ယူပို့ဆောင်လေ့ရှိသည်။ ရေလမ်းဖြင့် မြန်မာနိုင်ငံနေရာ အနှံ့အပြားသို့ကုန်စည်များကို တင်ပို့လေ့ရှိသည်။ ထိုသို့တင်ပို့ရာတွင် ဂေါဝိန်ဆိပ်၊ ချော်ဆိပ်၊ ပေပင်ဆိပ်၊ မရမ်းခြံဆိပ် နှင့် အခြား ကုန်တင်ဆိပ်ကမ်းများ အပါအဝင် ဒေသအလိုက် ကုန်ပစ္စည်းအလိုက် တင်ပို့လေ့ရှိကြသည်။

ဧရာဝတီမြစ်ဆိပ်ကမ်းများတွင် ဂေါဝိန်ဆိပ်သည် လူသုံးကုန်ပစ္စည်းများစွာကို အားထား သယ်ဆောင်သောဆိပ်ကမ်းဖြစ်ပြီး အများစုသော ကုန်စည်များကို ထိုဆိပ်ကမ်းမှသယ်ကြသည်။ လက်ရှိကာလတွင် ဆန်တင်ပို့မှုများပြားနေပြီး ခေါက်တိုကားများ အလုပ်သမားများ အဆင်ပြေလျက်ရှိသည်။ ကုန်တင်သင်္ဘောများ၊ ရှပ်ပြေးမော်တော်များလည်း အသွားကုန် အပြန်ကုန်များဖြင့် အဆင်ပြေလျက်ရှိသည်။ မန္တလေးမြို့အတွက် ဧရာဝတီမြစ်ဆိပ်ကမ်းများသည် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးလေ့ရှိသည်။ လက်ရှိကာလတွင် ဧရာဝတီမြစ်ရေကျချိန်တွင် ကုန်ကားများ အောက်ထဲအထိဆင်းကာ သင်္ဘောနှင့်အနီးဆုံးနေရာတွင်ရပ်ထား ပေးနိုင်မှုကြောင့် ကုန်စည်အတင်အချ လျင်မြန်လျက်ရှိသည်။ လက်ရှိကုန်တင်ပို့မှုတွင် ဆန်တင်ပို့မှုများများနေသည်။ ဂေါဝိန်ဆိပ်မှ သင်္ဘောများသည် အထက်ပိုင်း ဗန်းမော်၊ ကသာနှင့် အောက်ပိုင်း ကလေး၊ တမူးအထိ ကုန်စည်များကို သယ်ယူပို့ဆောင် ပေးလေ့ရှိသည်။ လက်ရှိကာလ ပွင့်လင်းရာသီတွင် ကုန်စည်များပေါများပြီး အတင်၊ အချ မြန်ဆန်လျက်ရှိသည်။ ဆိပ်ကမ်း လုပ်သားများတွင် လှည်းခေါင်းများစွာဖြင့် အလုပ်သမားအင်အားများစွာကို အလုပ်အကိုင်အခွင့်အလမ်း ပုံမှန်ပေးထားသည်။ သို့အတွက် အနယ်နယ်အရပ်ရပ်မှ လာရောက်လုပ်ကိုင်ကြပြီး တစ်နေ့လျှင် ပျမ်းမျှငွေကျပ် တစ်သောင်းငါးထောင်ကျော်အထိရရှိကြောင်း သိရသည်။

**စိုးရွှေ**

## စလင်းမြို့တွင်အလုပ်သမားရေးရာအသိပညာပေးဆွေးနွေးပွဲကျင်းပ

**စလင်း နိုဝင်ဘာ ၂၂**
မကွေးတိုင်းဒေသကြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန မကွေးခရိုင်ရုံးရှိ တာဝန်ခံအရာရှိများက မင်းဘူးခရိုင် စလင်းမြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာနများမှ အလုပ်ရှင်များနှင့် အလုပ်သမားများအား ဌာနမှ စည်းကြပ်သည့် ဥပဒေများကို သိရှိလိုက်နာနိုင်ရန်၊ အလုပ်သမားများ ဥပဒေပါ ရပိုင်ခွင့်များကို ပြည့်ဝစွာရရှိစေရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းပြီး ထုတ်လုပ်မှုစွမ်းအား မြင့်မားလာစေရန်တို့အတွက် အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာဒုတိယအပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန မကွေးခရိုင်ရုံးတာဝန်ခံ အရာရှိက ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေ၊ အလုပ်ရုံများ အက်ဥပဒေ၊ ၂၀၁၆ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေ၊ ၂၀၁၆ခုနှစ် အခကြေးငွေပေးချေရေး ဥပဒေတွေကို အလုပ်သမားတွေနဲ့ အလုပ်ရှင်တွေ သိရှိလိုက်နာစေဖို့၊ အလုပ်ရှင်များနှင့် အလုပ်သမားတွေပါ ဖိတ်ကြားတက်ရောက်စေပြီး အသိပညာပေးဆွေးနွေးပွဲ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းပြောသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန မကွေးခရိုင်ရုံးမှ ဒေါ်မြိုင်မြိုင်သိန်း ဦးစီးအရာရှိ (အလုပ်သမားဥပဒေစစ်ဆေးရေး)၊ ဒေါ်ချိုမိကို ဦးစီးအရာရှိ (အလုပ်ရုံစစ်ဆေးရေး) တို့က အလုပ်သမားဥပဒေပါ သိကောင်းစရာများနှင့် လိုက်နာရမည့်အချက်များအား ရှင်းလင်းဆွေးနွေးဟောပြောခဲ့ရာ တက်ရောက်လာသူများက သိလိုသည်များကိုမေးမြန်းခဲ့သည်။

**သူရထွန်း(ပွင့်ဖြူ)**



## မိုင်းဆတ်၌ကျေးလက်နေပြည်သူများအသိပညာဗဟုသုတရရှိရေး ကွင်းဆင်းဆောင်ရွက်

**မိုင်းဆတ် နိုဝင်ဘာ ၂၂**
ကျေးလက်နေပြည်သူများစာပေကို လက်လှမ်းမီစွာဖတ်ရှုနိုင်ပြီး အသိပညာဗဟုသုတများရရှိစေရန်နှင့် စာဖတ်သည့် အလေ့အထများရရှိစေရန် ရည်ရွယ်၍ မိုင်းဆတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျေးရွာနှင့်ကျောင်းများသို့ လစဉ်ကွင်းဆင်း၍ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပေးခြင်း၊ စာဖတ်ဝိုင်းများပြုလုပ်ပေးခြင်း၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ဓာတ်ပုံနှင့်နံရံကပ်စာစောင်ပြပွဲများကို ဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၂၀ ရက် နံနက် ၁၁ နာရီခွဲက ကျတီကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဇော်ဦးက လူငယ်များ စာဖတ်သည့်အလေ့အထများ ပြုစုပျိုးထောင်ပေးရေးနှင့် ဒုတိယ ဦးစီးမှူး ဒေါ်နန်းကြည်အေးက စာဖတ်ခြင်း၏ အကျိုးကျေးဇူးကို ရှင်းလင်းပြောကြားရာ ရွာသူကြီး ဦးယားဘိုက လားဟူဘာသာစကားဖြင့် ဘာသာပြန်ပေးခဲ့သည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက နယ်လှည့်စာကြည့်တိုက်မှ စာအုပ်စာစောင်များငှားရမ်းပြီး ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဓာတ်ပုံနှင့် နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

## မော်လမြိုင်မြို့ရေပေါ်ဈေးရှေ့တွင် ယာဉ်များစည်းကမ်းရှိစွာ ရပ်နားစေလို

**မော်လမြိုင် နိုဝင်ဘာ ၂၂**
မွန်ပြည်နယ် မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ရေပေါ်ညဈေးရှေ့တွင် မော်တော်ယာဉ်များကို စည်းကမ်းမဲ့စွာရပ်နားမှုကြောင့် ယာဉ်သွားလာမှုခက်ခဲပြီး မကြာခဏလမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

"မော်လမြိုင်မြို့မှာ ဒီနေရာကတော့ လာရောက်စားသောက်သူတွေနဲ့ အမြဲစည်ကား နေတတ်တယ်။ ပွင့်လင်းရာသီဆိုရင် ဘုရားဖူးလာတဲ့သူတွေနဲ့ ပိုမိုစည်ကားတယ်။ မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်တွေနဲ့ လာတဲ့သူတွေကများတယ်။ ဆိုးတာက ကားတွေကို ဟိုဘက်ဒီဘက် နှစ်ထပ်ရပ်နေတော့ မကြာခဏလမ်း ပိတ်ဆို့မှုတွေကြောင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှာကို စိုးရိမ်ရတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ယာဉ်အန္တရာယ်မဖြစ်ပေါ်စေရန်နှင့် လမ်းသွားလမ်းလာများ အဆင်ပြေချောမွေ့စေရန်အတွက် ယာဉ်မောင်းများအနေဖြင့် မော်တော်ယာဉ်များကို စနစ်တကျ စည်းကမ်းရှိစွာ ယာဉ်ရပ်နားရန် လိုအပ်လျက်ရှိနေသည်။

**မင်းထက် (မုဒုံ)**



## စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအသိပညာပေးဟောပြော

**နတ်မောက် နိုဝင်ဘာ ၂၂**
နတ်မောက်မြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီက မြို့နယ်စားသုံးသူရေးရာ ဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးကုဦးစီးဌာနတို့ပူးပေါင်း၍ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲပြုလုပ်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ် ပြန်/ဆက် ဦးစီးမှူးဒေါ်ဥမ္မာခင်က အမျိုးသားနေ့ ဖြစ်ပေါ်လာပုံကိုလည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်မိုးဝင်းဟန်က မြန်မာ့တိုင်းရင်းဆေးပညာ သိကောင်းစရာကိုလည်းကောင်း၊ မြို့နယ်စားသုံးသူရေးရာဦးစီးမှူး ဦးမောင်မြိုင်က စားသုံးရန်မသင့်သော အစားအစာများအကြောင်းကိုလည်းကောင်း ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး ဟောပြောပေးခဲ့ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

## လက်ပံတော-မှော်ဘီ-နတ်မှော်လမ်းကွန်ကရစ်ခင်းခြင်းနှင့် မြစိမ်းရောင်ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်မှုများအား စစ်ဆေး

**ပေါင် နိုဝင်ဘာ ၂၂**
ပေါင်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၉၂ ဒသမ ၇၅၅ သန်းဖြင့် လက်ပံတော-မှော်ဘီ-နတ်မှော် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို အောင်ဇေထွန်းကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းခွင်သို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများမှ နိုဝင်ဘာ ဒုတိယအပတ်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

လမ်းအရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး၊ ရေရှည်အသုံးပြုနိုင်စေရေးနှင့် သတ်မှတ်ကာလအတွင်းပြီးစီးရေး၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်လျက်ရှိသော မှော်ဘီကျေးရွာနှင့် ကျောက်စရစ်ကျေးရွာများ အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ထားမှု အခြေအနေနှင့် ငွေစာရင်းထည့်သွင်းထားမှုတို့ကိုလည်း ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအား တာဝန်ရှိသူများကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး နိုဝင်ဘာ ၂၂**
မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းကျေးရွာများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်နေမှု ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်နေမှုတို့ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းနှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၂၁ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာ ၁၈ ရွာအနက် အိုးကုန်းအင်းရွာကြီး၊ အောင်းပေါက်ကျေးရွာတို့၏ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ငွေစာရင်းထိန်းသိမ်းထားရှိမှု စာရင်းဇယားများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးရွာအဆင့် မြစိမ်းရောင်ကော်မတီဝင်များနှင့် မြစိမ်းရောင်စီမံကိန်းဖြင့်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေများကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့သည်။

**၅၈၀**

# ဦးပိန်တံတား၌ စည်းကမ်းမဲ့အမှိုက်ပစ်သူများကြောင့် ကမ္ဘာကျော်တံတားကြီး အလှမပျက်စေချင်

**မန္တလေး နိုဝင်ဘာ ၂၂**
မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ တောင်သမန်အင်းကို ဖြတ်ကူးတည်ဆောက်ထားသော ကမ္ဘာကျော်ဦးပိန်တံတားကြီးသို့ နိုင်ငံခြားသား ခရီးသွားများနှင့် ပြည်တွင်းခရီးသွားများလာရောက်လည်ပတ်မှု များပြားလျက်ရှိရာ စည်းကမ်းမဲ့အမှိုက်ပစ်သူအချို့ကြောင့် တံတားကြီး၏ အလှမပျက်စီးစေရန် သက်ဆိုင်ရာတာဝန်ရှိသူများ ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

"တံတားပေါ်မှာလည်း အမှိုက်ပုံးတွေမရှိတော့ဘူး။ အရင်လိုအမှိုက်ပုံးတွေထားပေးရင် ပိုအဆင်ပြေမယ်ထင်တယ်။ ဦးပိန်တံတားကိုလာတဲ့ ခရီးသွားတွေ စည်းကမ်းမဲ့အမှိုက်မပစ်စေချင်ဘူး။ တံတားအောက်မှာရောင်းချနေတဲ့ ဈေးဆိုင်တွေရော၊ ခရီးသွားပြည်သူတွေရော ဝိုင်းဝန်းထိန်းသိမ်းစေချင်တယ်။ အသင်းအဖွဲ့တွေစုပေါင်းပြီးတော့ အမှိုက်ကောက်တာတို့၊ တံတားဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်စေချင်ပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူများကလည်း ဝိုင်းဝန်းထိန်းသိမ်းစေချင်ပါတယ်" ဟု ခရီးသွားဧည့်လမ်းညွှန်တစ်ဦးက ပြောပြသည်။

ဦးပိန်တံတားကြီးသည်တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းအမွေအနှစ်ကြီးတစ်ခုဖြစ်သည့်အပြင် ခရီးသွားဧည့်သည်များအတွက်စိတ်ဝင်တစားလည်ပတ်စရာနေရာဖြစ်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပြီး တံတားကြီးအလှမပျက်စီးစေရန်ဆောင်ရွက်စေလိုကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်(မိတ္ထီလာခရိုင်) ရုံးလုပ်ငန်းအခြေခံသင်တန်းဆင်းပွဲကျင်းပ

**မိတ္ထီလာ နိုဝင်ဘာ ၂၂**
မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် (မိတ္ထီလာခရိုင်) ရုံးလုပ်ငန်းအခြေခံသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၀ ရက် ညနေ ၃ နာရီက မိတ္ထီလာခရိုင်တရားရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် ဝန်ထမ်းများအနေဖြင့် လာဘ်ပေးလာဘ်ယူကင်းရှင်းကြရန်၊ တရားရုံးသို့ လာရောက်ကြသူများအပေါ် စကားအပြောအဆို ပြေပြစ်ချိုသာစွာ ဆက်ဆံဆောင်ရွက်ပေးရန်၊ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်စေရန်အတွက် အမြဲကြိုးပမ်းကြရန်တို့ကို ခရိုင်တရားသူကြီး ဦးဝင်းအောင်က သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

သင်တန်းဆင်းပွဲတွင် သင်တန်းသား၊ သင်တန်းသူများအားသင်တန်းဆင်းလက်မှတ်များကို ခရိုင်တရားသူကြီး ဦးဝင်းအောင်က ပေးအပ်ချီးမြှင့်ခဲ့ပြီး ယင်းသင်တန်းကို မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့နယ်များရှိ တရားရုံးများမှ ဝန်ထမ်းသင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ခဲ့သည်။ သင်တန်းကို နိုဝင်ဘာ ၁၂ ရက်မှ ၂၀ ရက်အထိ ရုံးပိတ်ရက်များအတွင်း ဖွင့်လှစ်ပြီး ခရိုင်/မြို့နယ်အဆင့် တရားသူကြီးများက သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# အိုးလုပ်ငန်းလုပ်ကိုင်သူ နည်းပါးလာမှုကြောင့် အိုးလုပ်ငန်း ပျောက်ကွယ်မည်ကို စိုးရိမ်လျက်ရှိနေ



**မော်လမြိုင် နိုဝင်ဘာ ၂၂**
မွန်ပြည်နယ် မော်လမြိုင်မြို့ မုပွန်ရပ်ကွက် အုတ်ဖိုလမ်းတွင် ယခင်က အိုးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပြီး ယခုအခါတွင် အိုးလုပ်သမားနည်းပါးလာမှုကြောင့် အိုးလုပ်ငန်းလုပ်ကိုင်သူများ နည်းပါးလာလျက်ရှိကြောင်း သိရသည်။

ယခုအခါတွင် ကော်ပစ္စည်းများကို အသုံးပြုမှုများလာပြီး အိုးလုပ်သမားများကလည်း အပြင်အလုပ်များကိုသာ ဦးစားပေးလုပ်ကိုင်နေကြသောကြောင့် အိုးလုပ်ငန်းလုပ်ကိုင်သူများ နည်းပါးလာခြင်းဖြစ်ပြီး ယခင်ကဆို အိမ်တိုင်းနီးပါးတွင် အနည်းဆုံး အိုးဖုတ်ရုံ(သေး) တစ်ရုံရှိကြပြီး ယခုအခါ အိုးဖုတ်ရုံ(သေး)များလည်း နည်းပါးလာပြီး အိုးဖုတ်ရုံ (ကြီး) ဆို နှစ်ရုံသာရှိတော့ကြောင်း အိုးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

အိုးဖုတ်ဆရာများမှာ အသက်ကြီးလာပြီး အနားယူသွားကြရာ ယခုဆိုရင် အိုးဖုတ်ဆရာနှစ်ဦးသာကျန်ရှိတော့ကာ လူငယ်များကလည်း အိုးလုပ်ငန်းကို စိတ်ဝင်စားမှုနည်းပါးလာသောကြောင့် အိုးလုပ်ငန်းများ ပျောက်ကွယ်သွားမည်ကို စိုးရိမ်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ နိုဝင်ဘာ ၂၂**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစတင်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်လျက်ရှိသည့် သံဘိုဥယျာဉ်အုပ်စု ဝါးသုံးတော၊ သဲဖြူချောင်းကျေးရွာများတွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ကျေးရွာမြစိမ်းရောင်ကြီးကြပ်မှုကော်မတီ၏ စာရင်းဇယားများ ဖြည့်သွင်းထားရှိမှုတို့အား နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးဇော်မြင့် (နည်းပညာ)နှင့်ဝန်ထမ်းများက စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဝါးသုံးတောကျေးရွာနှင့် သဲဖြူချောင်းကျေးရွာ နှစ်ရွာသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းအား နှစ်ရွာတစ်ယူနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နှစ်ရွာပေါင်း အိမ်ခြေ ၁၅၄ အိမ်ရှိပြီး အိမ်ထောင်စု ၁၅၄ စုရှိ၍ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ကိုင်သူ ၂၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၃ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း ၁၂၀ ဦးအား ငွေကျပ် ၃၇၇ သိန်းလက်ရှိထုတ်ချေးထားပြီး ၂ နှစ်တာကာလအတွင်း အတိုးရငွေ ၄၃ သိန်းကျော်အထိ တိုးတက်ရရှိ၍ မွေးမြူရေးလုပ်ငန်းကို အဓိကဆောင်ရွက်ပြီး မြစိမ်းရောင်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မီးငြိမ်းသတ်ရေးပစ္စည်းများအကြောင်း ရှင်းလင်းဟောပြော၍ လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြသ

**အထက်မင်းလှ နိုဝင်ဘာ ၂၂**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် အ.ထ.က(မင်းလှ)တွင် နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနက မီးငြိမ်းသတ်ရေးပစ္စည်းများအကြောင်း ရှင်းလင်းဟောပြော၍ လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကျော်လင်းစိုးနှင့် တပ်ဖွဲ့ဝင်များသည် မင်းလှ အ.ထ.က ရှိ ကျောင်းသား၊ ကျောင်းသူများအား မီးလောင်ကျွမ်းရခြင်းအဓိကအကြောင်းအရာများနှင့် မီးငြိမ်းသတ်ရေးပစ္စည်းများအကြောင်း ရှင်းလင်းပြောကြားပြီး လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြသခြင်းကို မီးသတ်တပ်ဖွဲ့ဝန်ထမ်းများနှင့် ကျောင်းသားများက လက်တွေ့သရုပ်ပြသခဲ့ပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ကိုသက်(အထက်မင်းလှ)**

# ကျေးရွာအရောက် မော်တော်ဆိုင်ကယ်မောင်းလိုင်စင်များအား နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေး

**နေပြည်တော် နိုဝင်ဘာ ၂၂**
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန နေပြည်တော်ကောင်စီနယ်မြေ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက မြို့ပေါ်နေပြည်သူများသာမက ကျေးလက်နေပြည်သူများပါမကျန် မော်တော်ယာဉ်လိုင်စင်မဲ့စီးနင်းသူများ ပပျောက်ရေး၊ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာတတ်စေရန် ရည်ရွယ်ကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောခြင်း၊ သင်တန်းပို့ချခြင်းနှင့် မော်တော်ဆိုင်ကယ်မောင်းလိုင်စင်(က) စစ်ဆေးထုတ်ပေးခြင်း အခမ်းအနားကို အထူးအစီအစဉ်အဖြစ် ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျေးရွာအုပ်စု ဝဲကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ နိုဝင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီနယ်မြေ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ဌေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပညာပေးဟောပြောပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက မော်တော်ဆိုင်ကယ်မောင်းနှင်ရာတွင် လိုက်နာရမည့်စည်းကမ်းများ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာများကို ဟောပြောဆွေးနွေးခဲ့ပြီး မော်တော်ဆိုင်ကယ်မောင်းသင်တန်းကို ပို့ချပေးခဲ့သည်။

ယင်းနောက် ကူးတို့ဆိပ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာခွဲ ၉ ရွာမှ သင်တန်းတက်ရောက်သူ ၃၃၉ ဦးအား မော်တော်ဆိုင်ကယ်မောင်းလိုင်စင်ထုတ်ပေးရေးအတွက် ရေးဖြေစာမေးပွဲစစ်ဆေးခြင်းနှင့် လက်တွေ့မောင်းနှင်မှုများကို စစ်ဆေးပြီး အောင်မြင်သူများအား မော်တော်ဆိုင်ကယ်မောင်းလိုင်စင် 'က' များကို ထုတ်ပေးခဲ့ကြောင်းသိရသည်။ **စိုးမိုး(ပြန်/ဆက်)**

# ရွှေပြည်သာစက်မှုဇုန်၌ ရေဆိုးသန့်စင်စနစ် နည်းပညာဟောပြောပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၂**
ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရွှေပြည်သာစက်မှုဇုန်အပိုင်း(၁) စီမံခန့်ခွဲရေးရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက GOSHU-AI ECO BUSINESS CO.,LTD. ကုမ္ပဏီမှ တာဝန်ရှိသူများက ရေဆိုးသန့်စင်စနစ်နည်းပညာများအား ဖြန့်ဝေသည့် ဟောပြောပွဲကို ပြုလုပ်ခဲ့သည်။

အဆိုပါနည်းပညာဟောပြောပွဲသို့ ရွှေပြည်သာစက်မှုဇုန် ဥက္ကဋ္ဌနှင့် ဇုန်ကော်မတီဝင်များ၊ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းရှင်များ၊ စက်ရုံကိုယ်စားလှယ်များ တက်ရောက်ကြပြီး မရှင်းလင်းသည်များနှင့် သိလိုသောအကြောင်းတို့အား မေးမြန်းကာ ရေဆိုးကိုသန့်စင်ခြင်းဖြင့် ရရှိလာနိုင်မည့်အကျိုးကျေးဇူးများအား စက်ရုံ၊ အလုပ်ရုံမှ တက်ရောက်လာကြသူတို့၏ မေးမြန်းချက်များကို ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **ရွှေတိုင်လွင်**

# ဝါးခယ်မတွင် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ဝါးခယ်မ နိုဝင်ဘာ ၂၂**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၏ ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ကြာဖြူကျေးရွာ တောင်သူဦးဝင်းဗိုလ်၏ ပေါ်ဆန်းမျိုးသန့်ထုတ်စိုက်ခင်း၌ နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကွင်းအမှတ် (၁၀၀၀-က) ကျုံတုံးအနောက်၊ ပေါ်ဆန်းစပါးမျိုး ၆ ဒသမ ၆ ပေပတ်လည် စံကွက်ရိတ်သိမ်းရာ တစ်ဧကအထွက်နှုန်း ၇၁ ဒသမ ၃၀ တင်းထွက်ရှိပြီး အနီးအနားရှိ ကျေးရွာအုပ်စုများမှ တက်ရောက်လာသော တောင်သူလယ်သမားများကို တာဝန်ရှိသူများက မျိုးသန့်စိုက်ခင်းနှင့်ပတ်သက်ပြီး ဆောင်ရွက်ပုံလုပ်ငန်းအဆင့်ဆင့်နှင့် ကောင်းမွန်သောမျိုးစပါးရွေးချယ်ပြီး စိုက်ပျိုးခြင်းဖြင့် ရရှိလာနိုင်သည့် အကျိုးကျေးဇူးများကို အသိပညာပေး ပြောကြားကာ တောင်သူများက သိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို မြောင်းမြခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုနှင့်စာရင်းအင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဟန်မျိုးဝင်း၊ မြို့နယ် လယ်/စီအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့်စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းရှိန်နှင့် မြို့နယ် လယ်/စီအဖွဲ့ဝင်များတက်ရောက်ခဲ့သည်။

**လွှမ်းသီဟ(ဝါးခယ်မ)**



# ယနေ့မြန်မာနိုင်ငံအတွက် အကောင်းဆုံးစီးပွားရေးလုပ်ငန်း

အောင်ကြူး

ယခုကဲ့သို့ နိုင်ငံရေးအကူးအပြောင်းကာလတွင် ကုန်ဈေးနှုန်းကြီးမြင့်သဖြင့် ပြည်သူအများတို့ အထူးသဖြင့် လစာနည်းဝန်ထမ်းများ ခက်ခဲနေကြရသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ပို့ကုန် သုံးဆတိုးဖို့ဆိုသည်မှာလည်း လက်တွေ့တွင် အလှမ်းဝေးနေသေးသည်။ ထိုအတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကြိုးပမ်းမှုကြောင့် ဆန်ရှင်၏ဒုက္ခမှ ကင်းဝေးကြရသည်။ သို့သော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု FDI ချက်ချင်းဝင်ရောက်ဖို့ဆိုသည်မှာ ဆန္ဒစောလွန်းရာကျပေမည်။ စီးပွားရေးမကောင်းလို့ ဆောက်လုပ်ရေးသမားနှင့် အိမ်ခြံမြေလုပ်ငန်းတို့လည်း ခါးစည်းခံနေကြရသည်။

နိုင်ငံခြားပို့ကုန်တွင် သဘာဝဓာတ်ငွေ့ဈေးကျလို့၊ ဆန်စပါးဈေးကျလို့၊ ရော်ဘာနှင့် ပြောင်းဈေးများကျလို့ ပို့ကုန်သမားတွေလဲ မကိုက်။ ဒေါ်လာဈေးတက်လို့ သွင်းကုန်သမားလည်းမကိုက်ကြ၊ နိုင်ငံတော်အနေဖြင့် နိုင်ငံခြားကြွေးမြီ ၉ ဘီလီယံကျော်တင်ရှိနေသဖြင့် အစိုးရဘတ်ဂျက်ကို ချွေတာနေရသည်မှာလည်း အမှန်တရား၊ ထို့ကြောင့် တခြားနိုင်ငံများမှာလို စီးပွားရေးနှိုးဆွအစီအစဉ် (Stimulus Package) (ဥပမာ-အတိုးနှုန်းချတာတို့ ဘာတို့)လည်း လုပ်မပေးနိုင်သေးသည်မှာ အရှိတရားဖြစ်နေပါသည်။ သို့ပြင် လုပ်ငန်းရှင်ကြီးငယ်တို့ အတိုးနှုန်း ၁၃ ရာခိုင်နှုန်းအောက်တွင် မသေရုံ လှုပ်ရှားရုန်းကန်နေကြရသည်။

သင်သည် ထိုသို့သော အခက်အခဲများကြောင့် စိတ်ဓာတ်ကျနေပြီလား။ မကျပါနှင့်။ ထိုအခက်အခဲတွေကြားမှ နိုင်ငံအတွက် ထွက်ပေါက်စီးပွားရေးတစ်ရပ်ရှိသည်ဆိုပါလျှင် အံ့ဩသွားပါမည်လား။

အမှန်တကယ်ပင်ရှိပါသည်။ ယင်းမှာအခြားမဟုတ်။

ခရီးသွားလာရေးလုပ်ငန်း (tourism)ပင်ဖြစ်ပါသည်။

**(က) ခရီးသွားလုပ်ငန်းဖြင့် ကြီးပွားနေသော ယနေ့ကမ္ဘာ**

ခရီးသွားလုပ်ငန်းသည် ယနေ့ကမ္ဘာတွင် ချမ်းသာသောနိုင်ငံများတွင်သာမက ဆင်းရဲသောနိုင်ငံများအတွက် “လွယ်လွယ်”နှင့် ချမ်းသာနိုင်သောလမ်းစဖြစ်ပြီး ဆင်းရဲမွဲတေမှုကို လျှော့ချပေးနိုင်မည့် မဟာအကျိုးပြုလုပ်ငန်းကြီးဖြစ်ကြောင်း သိလာကြသည်။ ‘သိသူဖော်စား မသိသူကျော်သွား’ ဖြစ်သဖြင့် ကျွန်ုပ်တို့သည် ‘ကျော်လွှားမသွားကြပါနှင့်’ဟု တိုက်တွန်းလိုပါသည်။

World Trade And Tourism Council ၏ အဆိုအရ ၂၀၁၅ ခုနှစ် ကမ္ဘာတစ်ခုလုံးတွင် ခရီးသွား လာသူ ၁ ဒသမ ၁၈၄ ဘီလီယံရှိပြီး နိုင်ငံအသီးသီးသို့ ဝင်ငွေပေါင်း ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံ (၁၅၀၀ ဘီလီယံ)မျှ ရရှိသည်ဟု ဆိုသည်။

ASEAN နိုင်ငံများ၏ နိုင်ငံ့ဝင်ငွေ GDP (၄ ဒသမ ၄ ရာခိုင်နှုန်း)ကိုဖြစ်စေပြီး အလုပ်အကိုင်အားလုံး၏ ၃ ဒသမ ၂ ရာခိုင်နှုန်းကို ဖြစ်စေသည်ဟု သိရသည်။ ထိုင်းနိုင်ငံဆိုပါလျှင် တစ်နိုင်ငံလုံးဝင်ငွေ GDP ၏ ၁၉ ဒသမ ၃ ရာခိုင်နှုန်းကို ခရီးသွားလုပ်ငန်းမှရသည်။

ခရီးသွားလုပ်ငန်းမှ ဝင်ငွေသည် အချို့သောပို့ကုန် (ဥပမာ-ရေနံ၊ မော်တော်ကား) တန်ဖိုးများ ထက်ပင် များလျက်ရှိသည်ဟုဆိုသည်။

ကျွန်တော်တို့နိုင်ငံသည် မနှစ်က ၄ ဒသမ ၆၈ သန်း ခရီးသည်ဝင်ရောက်ပြီး တိုင်းပြည်ဝင်ငွေ ၂ ဒသမ ၁၂ ဘီလီယံရရှိသည်ဟု ဆိုသည်။

**(ခ) သွားရေယိုစရာကမ္ဘာ့နိုင်ငံများ**

ခရီးသွားလုပ်ငန်းဖြင့် ကြီးပွားနေကြသော ကမ္ဘာ့ထိပ်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

**၂၀၁၅ ခုနှစ် ခရီးသွားဧည့်သည်များ**

(၁) ပြင်သစ်နိုင်ငံ ၈၄. ၅ သန်း
(၂) တရုတ် ၅၆. ၉ သန်း
(၃) အမေရိကန် ၇၇. ၅ သန်း
(၄) ထိုင်း ၂၉. ၉ သန်း
(၅) စပိန် ၆၈. ၂ သန်း
(၆) ဟောင်ကောင် ၂၆. ၇ သန်း
(၇) တရုတ် ၅၆. ၉ သန်း
(၈) မလေးရှား ၂၅. ၇ သန်း
(၅) ဂျပန် ၁၉. ၇ သန်း
(၆) မြန်မာ ၄. ၆၈ သန်း

**(ဂ) ဝင်ငွေအားဖြင့်ကြည့်ပါလျှင်**

(၁) အမေရိကန် ၂၀၄. ၅ ဘီလီယံဒေါ်လာ
(၂) တရုတ် ၁၁၄. ၁ ဘီလီယံဒေါ်လာ
(၃) စပိန် ၅၆. ၅ ဘီလီယံဒေါ်လာ
(၄) ပြင်သစ် ၄၅. ၉ ဘီလီယံဒေါ်လာ
(၅) ဗြိတိန် ၄၅. ၅ ဘီလီယံဒေါ်လာ
(၆) ထိုင်း ၄၄. ၆ ဘီလီယံဒေါ်လာ
(၇) ဟောင်ကောင် ၃၆. ၂ ဘီလီယံဒေါ်လာ
(၈) မကာအို ၃၁. ၃ ဘီလီယံဒေါ်လာ
(၉) မြန်မာ ၂. ၁၂ ဘီလီယံဒေါ်လာ

ထူးခြားသည်မှာ အာရှတိုက်မှ ထိုင်းနိုင်ငံဖြစ်ပါသည်။

မနှစ်က ဧည့်သည် ၂၉ ဒသမ ၃ သန်းဝင်ရောက်ပြီး ဝင်ငွေ ၄၄ ဒသမ ၆ ဘီလီယံရရှိခြင်းဖြစ်ပြီး ကမ္ဘာ့နံပါတ် (၆) ဝင်ငွေအများဆုံးအဖြစ် စံနမူနာယူဖွယ်ဖြစ်သည်။ တိုင်းပြည်၏ ဝင်ငွေ GDP ၏ ၁/၅ မျှရှိပါသည်။

**(ဃ) မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကြိုးပမ်းမှု**

မြန်မာနိုင်ငံသည် တောတောင်ရေမြေသဘာဝအရင်းအမြစ်တို့ဖြင့် သာယာလှပသောနိုင်ငံဖြစ်သည်။ တိုင်းရင်းသား ၁၃၅ မျိုးတို့၏ ရိုးရာယဉ်ကျေးမှု တို့သည်လည်း နှစ်သက်ဖွယ်ဖြစ်သည်။ အထူးသဖြင့် ရှည်လျားသော ဗုဒ္ဓယဉ်ကျေးမှုသမိုင်းရှိသည့်အလျောက် သမိုင်းအမွေအနှစ်တို့ဖြင့်လည်းပြည့်စုံလျက်ရှိသည်။ ထို့ပြင်ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ လောကဓံကို ကြံ့ကြံ့ခံတတ်သော အပြုံးမပျက်သော လူမျိုး၊ ဖော် ရွေတတ်သောသဒ္ဓါတရားရှိသော လူမျိုး၊ တစ်လတစ်ခါ ပွဲတော်များဖြင့် အမြဲပျော်ရွှင်လျက်ရှိသည့် မြန်မာ လူမျိုးတို့ကား အကောင်းဆုံးကြည့်စရာများပင်တည်း။ ထို့ပြင် အာဏာရှင်စနစ်မှဒီမိုကရေစီစနစ်သို့ သိမ်မွေ့နူးညံ့စွာပြောင်းလဲခြင်းဖြစ်စဉ် ကမ္ဘာ့ပထမဆုံး နမူနာကို မြန်မာနိုင်ငံသို့ကိုယ်တိုင်လာရောက်ကြည့်ရှုမှ ရနိုင်မည့်အတွေ့အကြုံဖြစ်သည်။ ဆိုလိုသည်မှာ ၂၀၁၁ ခုနှစ် ပထမဆုံးသော အရပ်သားအစိုးရတက်လာခြင်း၊ လူထုအစိုးရခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံရေးဇာတ်ခုံပေါ်သို့ ရောက်ရှိလာခြင်းတို့သည် ကြီးမားသောနိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်များဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံသို့ ကမ္ဘာမှ ဧည့်သည်ဝင်ရောက်ခြင်းမှာ အလုံးအရင်းဖြင့် ၂၀၁၁ ခုနှစ်မှ စတင်၏သည်ဟုဆိုနိုင်ပေသည်။ ထိုသို့ပြောင်းလဲမှုဖြစ်စဉ်မှအစပြု၍ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ခရီးသွားလုပ်ငန်းရှင်တို့၏ ကြိုးစားမှုတို့ပေါင်း စပ်ကာ ကြိုးစားကြသဖြင့် ၂၀၁၃ ခုနှစ်တွင် ဧည့်သည် ၂ ဒသမ ၀၄ သန်းမှ ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ၀၈ သန်း၊ ၂၀၁၅ ခုနှစ်တွင် ၄ ဒသမ ၆၈ သန်းအထိ ဖြစ်လာခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ခရီးသွားမဟာဗျူဟာစီမံကိန်း (Master Tourism Plan) 2013-2020 အရ ၂၀၂၀ ခုနှစ်တွင် ခရီးသွားဧည့်သည် ၇ ဒသမ ၅ သန်း ဝင်ရောက်မည်ဟု ခန့်မှန်းထား ပါသည်။

**(င) မြန်မာနိုင်ငံခရီးသွားဧည့်သည်တိုးပွားဖို့ ဘယ်သူတွေကလုပ်ဆောင်နေပါသလဲ**

အဓိကမြန်မာနိုင်ငံ နိုင်ငံခရီးသွားဧည့်သည် ဝင်ရောက်ဖို့ မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန (အစိုးရ)နှင့် ပုဂ္ဂလိက NGO အဖွဲ့ဖြစ်သော မြန်မာနိုင်ငံခရီးသွားလာရေးအဖွဲ့ချုပ်တို့ ခရီးသွားဦးရေတိုးတက်ရေးမြန်မာကို ကမ္ဘာကသိအောင် National Branding Campaign တို့ကို ဗီဒီယို Clip များဖြင့် Channel News Asia (စင်ကာပူ) CNN(USA) BBC (UK) တို့တွင် ကြော်ငြာထည့်လျက် ရှိပြီး ASEAN TOURISM FORUM (2015) ကဲ့သို့ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းဆွေးနွေးပွဲများ၊ ပြပွဲများ၊ ကုန်စည်ပြပွဲများသို့ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခြင်းဖြင့် အစိုးရချင်း (G to G) ကုန်သည်ချင်း (B to B) တို့ ဆောင်ရွက်ခြင်းဖြင့် မြန်မာကို ကမ္ဘာကသိအောင် စွမ်းဆောင်လျက်ရှိသည်။

မူလယဉ်ကျေးမှု အမွေအနှစ်များဖြစ်သော ပုဂံယဉ်ကျေးမှုနယ်မြေ၊ ရန်ကုန်နှင့် မန္တလေးဒေသ၊ အင်းလေးဒေသ၊ နှင်းခဲတို့တည်ရှိရာ ကချင်ဒေသပတ်ဝန်းကျင်တို့အပြင် ecotourism site (သဘာဝအလှအပများ) ရှိရာ ထိန်းသိမ်းမှုနယ်မြေ (Protected Area) ၂၁ ခုရှိရာ ယင်းအနက် ခုနစ်ခုမှာ ASEAN Heritage Parks များဖြစ်သော အလောင်းတော်ကဿပ၊ခါကာဘိုရာဇီတောင်၊ အင်းတော်ကြီးကန်၊ အင်းလေး၊ လန်ပီ၊ မိန်းမလှကျွန်းနှင့် နတ်မတောင်တို့ထင်ရှားပါသည်။

ယခုအခါ ပြည်ပခရီးသည်တို့သည် ဒေသခံလူထုနှင့် နီးနီးကပ်ကပ်နေထိုင်ဆက်ဆံလိုသော အတွေ့အကြုံများကို တစ်စတစ်စပို၍ တန်ဖိုးထားလာရာ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် CBT ခေါ် Community Based Tourism ကို အောက်ပါဒေသများတိုးချဲ့ဆောင်ရွက်လျက်ရှိပါသည်။

(က) ကချင်ပြည်နယ်မှ အင်းတော်ကြီးကန်နယ်မြေ
(ခ) ကယားပြည်နယ်မှ လွိုင်ကော်ဒေသ
(ဂ) ကရင်ပြည်နယ်မှ သံတောင်ကြီးဒေသ
(ဃ) ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေ
(င) မကွေးတိုင်းမြောက်ဒေသ
(စ) မန္တလေးတိုင်းဒေသကြီး ဧရာဝတီလင်းပိုင်ဒေသတို့ဖြစ်ကြပါသည်။

ဟိုတယ်နှင့် ခရီးသွားဝန်ကြီးဌာနသည် MTF ခေါ် မြန်မာခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများ (မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း ခရီးသွားလုပ်ငန်းအသင်း၊ ဈေးကွက်ရှာဖွေရေးအသင်း၊ ဧည့်လမ်းညွှန်အသင်း၊ စားသောက်ဆိုင်အသင်း၊ အမှတ်တရပစ္စည်းထုတ်လုပ်ရောင်းချရေးအသင်း၊ သယ်ယူပို့ဆောင်ရေးအသင်းတို့နှင့်ပူးပေါင်း၍ အရည်အသွေးမြင့် ဟိုတယ်များ၊ အဆင့်မြင့်ပို့ဆောင်ရေးများ၊ သန့်ရှင်းသော အရသာရှိသည့် အစားအသောက်များ၊ ဟိုတယ်ဝန်ဆောင်မှုများတိုးတက်စေရန် Capacity Training သင်တန်းများပေးလျက်ရှိသည်ကို တွေ့ရသည်။

ကမ္ဘာ့ကုလသမဂ္ဂ ILO, ဆွစ်ဇာလန်အစိုးရ (Swiss contact) နှင့် Luxemberg အစိုးရ၏ အထောက်အပံ့ပြုသင်တန်းများ ရရှိလျက်ရှိပါသည်။

Thai Cuisine သည် ကမ္ဘာကျော်ဖြစ်လာခြင်းကလည်း ထိုင်းနိုင်ငံအတွက် တစ်ပန်းသာသကဲ့သို့ Myanmar Cuisine ကိုလည်း လူအများကြိုက်အောင် တီထွင်ဆန်းသစ်သင့်ပြီဖြစ်ပါကြောင်း။

**(စ) ကျွန်တော်တို့၏ ဆောင်ရွက်ချက်များသည် လုံလောက်ပြီလား**

အမှန်ဖြေရလျှင် မလုံလောက်သေးပါ။ ဒီထက်တိုးချဲ့သင့်ပါသည်ဟု ဆိုချင်ပါသည်။

ဥပမာပြရလျှင်

မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် ဧည့်သည် ၄ ဒသမ ၆၈ သန်းဝင်ပြီး တိုင်းပြည်ဝင်ငွေအဖြစ် ၂ ဒသမ ၁၂ ဘီလီယံရရှိပြီး ဗီယက်နမ်နိုင်ငံသည် ၇ ဒသမ ၉ သန်းဝင်ပြီး ဝင်ငွေ ၁၅ ဘီလီယံရရှိသည်ဟု CLMV စာရင်းဇယားအရ သိရပေသည်။ မြန်မာနိုင်ငံထက် ခရီးသွား ၁၆၀ ရာခိုင်နှုန်းသာ ဝင်ရောက်သော ဗီယက်နမ်နိုင်ငံသည် နိုင်ငံခြားငွေ ၇၅၀ ရာခိုင်နှုန်းမျှ ပိုရလျက်ရှိသည်ကို တွေ့ရပေရာ ဘာကိုပြနေသလဲဆိုလျှင် ဗီယက်နမ်နိုင်ငံသည် လည်စရာကိုသာ ပြသည်မဟုတ်၊ ‘ဖြုန်း’စရာနေရာများ ပို၍ဖန်တီးပေးနိုင်သည်ဟု အဓိပ္ပာယ်ရပါသည်။

သို့ဖြစ်ရာ ကျွန်တော်တို့နိုင်ငံသည် ဧည့်သည်များအား လည်စရာသာမက ကြည့်စရာ Show ပွဲများ၊ ဝယ်စရာပစ္စည်းများ၊ ပျော်စရာ Theme Park ကလေးကစားကွင်းများ၊ Night Life ညဈေးများ ပို၍ဖန်တီးပေးရန်လိုပြီဖြစ်ကြောင်းပြလျက်ရှိသည်။ ယခုအခါ အင်းလေးဒေသတွင် ညဈေးများဖန်တီးခြင်း၊ ရန်ကုန်မြို့တွင် ညဈေးများ တိုးချဲ့ဖွင့်လှစ်တော့မည်ဖြစ်ခြင်းတို့သည် အပေါင်းလက္ခဏာလုပ်ဆောင်ချက်များအဖြစ် ကြိုဆိုအပ်ပါသည်။

**(ဆ) ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးမှုအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှု ဘယ်အတိုင်းအတာအထိ ရောက်နေပါပြီလဲ**

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု အကဲဖြတ်အဖွဲ့ဖြစ်သော Travel and Tourism Competitiveness Report 2015 အရ နိုင်ငံပေါင်း ၁၄၁ နိုင်ငံကို အကဲဖြတ်ရာတွင် ဗီယက်နမ်က အဆင့် (၇၅)၊ လာအိုက အဆင့် (၉၆)၊ ကန်ပူချားက (၁၀၅)၊ စင်ကာပူက (၁၁)၊ မလေးရှားက (၂၅)၊ ထိုင်းက (၃၅) ဖြစ်ကြပြီး မြန်မာကတော့ အဆင့်(၁၃၄) ဖြစ်ကြောင်းပါဗျ။ ကျွန်တော်တို့နိုင်ငံက ဘယ်လောက်ပဲကြိုးစားတယ်ပြောပြော လိုနေပါသေးတယ်ခင်ဗျ။ လမ်းပန်းဆက်သွယ်ရေး၊ ဗီဇာလွယ်ကူရေး၊ အစားအသောက်နဲ့ ဆွဲဆောင်မှု၊ အထွေထွေဆွဲဆောင်မှုလိုနေပါသေးကြောင်းပါဗျ။

**(ဇ) ခရီးသွားလုပ်ငန်းတိုးတက်အောင် ဘယ်သူတွေကလုပ်မှာလဲ**

ခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက် ဆွေးနွေးပွဲများ Forum, Seminar,Workshop များဖြင့် မပြီးဆုံးသင့်ဘဲ ဆွေးနွေးပွဲရလဒ်များကို ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရ၊ အုပ်ချုပ်ရေးယန္တရားနှင့် ပြည်သူ လူထုတို့ လက်တွေ့အကောင်အထည် action plan များ ချသင့်ပြီဖြစ်ပါသည်။ ဗဟိုအစိုးရက ပေါ်လစီချပေးပြီး တိုင်းဒေသကြီးအစိုးရနှင့် အုပ်ချုပ်ရေးယန္တရားကြီးက ပြည်သူနှင့်ပေါင်းပြီး လက်တွေ့အကောင်အထည် ဖော်မှသာ အောင်မြင်မည်ဖြစ်ကြောင်းပါဗျ။

**(ဈ) အမြန်ဆုံးတိုးတက်ရေးအတွက် လုပ်ဆောင်သင့်သောလုပ်ငန်းများ**

အချို့က ဆိုကြသည်။ “ကျွန်တော်တို့ခရီးသွားလုပ်ငန်းသည် The Latecomer's advantage (အကြံတူ နောက်လူသာစမြဲ)ဖြစ်ရာ အာရှနှင့်ကမ္ဘာတွင် အလွန်အောင်မြင်နေသော ထိုင်းနိုင်ငံကို ရေမြေတောတောင် သဘာဝလူမျိုးစရိုက်တို့ နီးစပ်သဖြင့် (အချို့ကိစ္စများမှလွဲ၍)အတော်များများ ပုံတူကူးချသင့်ကြောင်း၊ ပြောကြသည်ကို ကျွန်တော်လည်း သဘောကျသဖြင့် သက်ဆိုင်ရာများသို့ ထပ်ဆင့်တိုက်တွန်းအပ်ပါသည်။

**(ည) ဈေးကွက်ကြီးနှင့်ကပ်ပြီး ဘာအကျိုးမှမရသေးခြင်း**

ဈေးကွက်ကြီးဆိုသည်မှာ ကမ္ဘာပေါ်တွင် ခရီးအထွက်ဆုံးလူမျိုးမှာ တရုတ်လူမျိုးတို့ဖြစ်ပြီး မနှစ်က ၂၀၁၅ ဆိုရင် သန်း ၁၂၀ မျှ ခရီးထွက်ပြီး ဒေါ်လာ ၂၂၅ ဘီလျံမျှ သုံးစွဲနေသည်တွေ့ရပါသည်။ တရုတ်ဈေးကွက်ကို ဥရောပနှင့် အခြားအာရှနိုင်ငံများမှ ထိုးဖောက်ရန်ကြိုးစားနေသော်လည်း ကျွန်တော်တို့က ဘာကြောင့်မှန်းမသိ ကင်းကွာလျက်ရှိပါသည်။ ထိုတရုတ်ဈေးကွက်မှ ၁၀ ရာခိုင်နှုန်းရလျှင်ပင် ကျွန်တော့်အတွက် ‘မနည်း’ ဖြစ်ပါ၍ ထိုးဖောက်ကြိုးစားသင့်ကြောင်း အကြံပြုလိုက်ရပါသည်။

ခရီးသွားလုပ်ငန်းသည် ‘သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားနိုင်’ဆိုသလို ပြည်သူအများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် ‘ဆင်းရဲနွမ်းပါးမှု’ကို အမှန်တကယ်လျှော့ချနိုင်သော လုပ်ငန်းဖြစ်ပေရာ ဤမျှတိုင်းပြည်အတွက် အကျိုးအမြတ်များသော လုပ်ငန်းကြီးကို ‘အချိန်မနှောင်းမီ’ ဝန်ကြီးဌာနများပူးပေါင်းပြီး အလေးပေးဆောင်ရွက်သင့်ပြီဖြစ်ပါကြောင်း အလေးအနက်တိုက်တွန်းအပ်ပါသည်။

‘မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရေးသို့’


# ဆေးပညာသတင်းဆန်းများ(၁၄၇)



ဒေါက်တာကံညွန့်

ယခုဖော်ပြလိုတဲ့သတင်းကတော့ ယာဉ်အသွားအလာများတဲ့ လမ်းဘေးဝဲယာမှာ နေထိုင်ကြသူတွေဟာ ဒီလိုမနေကြသူတွေထက်ပိုပြီး သွေးတိုးရောဂါပိုဖြစ်နိုင်တယ်ဆိုတဲ့ လေ့လာချက်တစ်ခုအကြောင်းပါ။ ဒီအကြောင်း လေ့လာခဲ့ကြသူတွေကတော့ လန်ဒန်ဆေးတက္ကသိုလ်က ဆေးပညာရှင်တွေဖြစ်ပါတယ်။ သူတို့ဟာ ဥရောပနိုင်ငံ ငါးနိုင်ငံ လူပေါင်း ၄၁၀၀၀ ကျော်ကို ၅ နှစ်က ၉ နှစ်ကြာအောင် လေ့လာပြီးမှ ယခုလို တွေ့ရှိခဲ့ရတာလို့ဆိုပါတယ်။ ဒီအကြောင်း European Heart Journal မှာ ဖော်ပြထားတာပါ။ သူတို့အဆိုအရ လေထုညစ်ညမ်းမှုကို ရှူရှိုက်ရခြင်း၊ ဆူညံတဲ့အသံတွေကို တာရှည်နားထောင်နေရခြင်းတို့ဟာ သွေးတိုးရောဂါကို သာမန်လူတွေထက်ပိုဖြစ်စေတာလို့ ဆိုပါတယ်။ သူတို့အဆိုအရ ဒီဆူညံသံတွေကို အချိန်ကြာကြာ နားထောင်နေရသူတွေဟာ ၆ ရာခိုင်နှုန်းခန့် သာမန်လူတွေထက်ပိုပြီး သွေးတိုးရောဂါဖြစ်ဖို့ပိုရှိတယ်လို့ဆိုပါတယ်။ ဒါကြောင့် အသွားအလာများပြီး ဆူညံမှုတွေရှိနေတဲ့နေရာနှင့် နီးကပ်စွာနေရသူတွေအတွက် သတိထားသင့်ကြောင်း တင်ပြလိုက်ရပါတယ်။


ဒီအကြောင်းနှင့်ပတ်သက်ပြီး ထပ်မံတင်ပြလိုတာကတော့ ဂျာမဏီနိုင်ငံက ဆေးပညာရှင်တွေရဲ့ သီးခြားလေ့လာထားချက်ပါပဲ။ သူတို့ဟာ ယာဉ်အသွားအလာများပြီး လေထုညစ်ညမ်းမှုရှိတဲ့ Ruhr ဒေသက လူပေါင်း ၄၄၄၃ ယောက်ကို လေ့လာခဲ့တာဖြစ်ပါတယ်။ ဒီလိုလေ့လာလိုက်တဲ့အခါလည်း ယင်းလူတွေရဲ့ အများစုမှာ Coronary Heart Disease နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နိုင်ခြေရှိနေတာကို တွေ့ရတယ်လို့ဆိုပါတယ်။ သူတို့အဆိုအရ အသံဆူညံမှုကို နေ့စဉ်နားထောင်နေရသူတွေဟာလည်း ဒီလိုဖြစ်ဖို့ အခွင့်အရေးရှိနေတယ်လို့ဆိုပါတယ်။ ဒါကတော့ တူညီတဲ့ လေ့လာထားချက်တွေကို အလျဉ်းသင့်လို့ ဖော်ပြပေးလိုက်ရတာဖြစ်ပါတယ်။




သူတွေကတော့ သီရိလင်္ကာနိုင်ငံ Colombo မြို့ College of Chemical Sciences က သိပ္ပံပညာရှင်တွေဖြစ်ပါတယ်။ ဒီတွေ့ရှိချက်ကို အမေရိကန်နိုင်ငံမှာ ကျင်းပတဲ့ (၂၄၉)ကြိမ်မြောက် National Meeting and Exposition of American Chemical Society မှာ တင်ပြခဲ့တာပဲဖြစ်ပါတယ်။ ဒီနည်းပေါ်လာတာဟာ နေ့စဉ်အလွယ်တကူလုပ်နိုင်တဲ့ ကိုယ်အလေးချိန် လျှော့နည်းအဖြစ် တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အရက်သောက်သုံးသူတွေအတွက်ပါ။ အရက်သောက်ထားခြင်းဟာ Heart Attack, Stroke ခေါ် လေဖြတ်ရောဂါရရှိဖို့ သာမန်လူတွေထက် နှစ်ဆပိုများတယ်လို့ ဆိုပါတယ်။ ဒီလေ့လာချက်ကတော့ အမေရိကန်နိုင်ငံ Harvard University က ဆေးပညာရှင်တွေ ထပ်မံလေ့လာထားချက်ဖြစ်ပါတယ်။ ဒီလေ့လာချက်ကို ယခင်က လေ့လာထားချက်ပေါင်း (၂၃)ခုကို အခြေခံပြီး လူပေါင်း သုံးသောင်းကျော်ကို လေ့လာထားချက်က ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ သူတို့အဆိုအရ အရက်ကို အတော်အသင့်သောက်ထားသူတစ်ဦးဟာ နာရီပိုင်းအတွင်း သို့မဟုတ် ရက်ပိုင်းအတွင်းထိ သာမန်မသောက်ထားသူတစ်ဦးထက် နှလုံးရောဂါ၊ လေဖြတ်ရောဂါတို့ ရရှိနိုင်တယ်လို့ဆိုပါတယ်။ အရက်ကို အလွန်အကျွံသောက်ထားသူတစ်ဦးအတွက်မူ (၂၄)နာရီအတွင်း သို့မဟုတ် (၂၄)နာရီမှကျော်လွန်ပြီးသည်ထိ ဒီလိုနှလုံးနှင့် လေဖြတ်ရောဂါဖြစ်ဖို့ အခြေအနေပိုရှိနိုင်တယ်လို့ ထောက်ပြထားကြောင်း တင်ပြလိုက်ရပါတယ်။


ယခုရှာဖွေတွေ့ရှိတဲ့ သတင်းကလည်း အံ့သြစရာပါ။ (၂)နှစ်အောက်ကလေးတွေမှာ အသက်ရှူလမ်းကြောင်းမှာ ပေါ်တတ်တဲ့ရောဂါတစ်မျိုးအတွက် ပိုးသေနိုင်တဲ့အရာတစ်ခုကို ကလေးရဲ့ ကိုယ်ခံစွမ်းအားက ထုတ်လုပ်နိုင်ခဲ့တယ်ဆိုတဲ့သတင်းပါ။ ဒါကိုတွေ့ရှိခဲ့တာကတော့ အင်္ဂလန်နိုင်ငံ University of Edinburgh က ဆေးသိပ္ပံပညာရှင်တွေဖြစ်ပါတယ်။ နှစ်နှစ်အောက်ကလေးတွေမှာ ဖြစ်တတ်တဲ့ RSV ခေါ် Respiratory Syncytial Virus ကြောင့်ဖြစ်တဲ့ အသက်ရှူလမ်းကြောင်းရောင်ရောဂါ ကုနိုင်ခဲ့တာလို့ ဆိုပါတယ်။ သူတို့လေ့လာချက်အရ Immune System က ထွက်လာတဲ့ Cathelicidin ဆိုတဲ့ Compound ဟာ ဒီရောဂါပိုးကို သေစေနိုင်ပြီး ကလေးကိုလည်း အသက်ရှူလမ်းရောင်ခြင်းက သက်သာစေနိုင်တယ်လို့ ဆိုပါတယ်။ ဒီ RVS ကြောင့်ဖြစ်တဲ့ အသက်ရှူလမ်းကြောင်း ရောင်ရမ်းခြင်းဟာ တစ်ခါတလေ ပြင်းထန်တဲ့ရောဂါအသွင်ပြောင်းပြီးကလေးတွေကို အသက်ဆုံးရှုံးစေနိုင်တယ်လို့ဆိုပါတယ်။ အခုဒီတွေ့ရှိချက်ဟာ ကလေးတွေအတွက် အထူးဝမ်းသာစရာသတင်းအဖြစ် တင်ပြလိုက်ရပါတယ်။




နောက်ဖော်ပြလိုတဲ့သတင်းကတော့ အရေပြားကင်ဆာအတွက် လိမ်းဆေးတစ်မျိုးကို ချီလီနိုင်ငံက ဆေးပညာရှင်ဖော်ထုတ်နိုင်ခဲ့ပြီဆိုတဲ့သတင်းပါ။ Melanoma ဆိုတဲ့ အရေပြားကင်ဆာဟာ ပြင်းထန်တဲ့ ကင်ဆာရောဂါတစ်မျိုးဖြစ်ပြီး ကမ္ဘာတလွှား တစ်နှစ်မှာ လူပေါင်း နှစ်သန်းမှ သုံးသန်းထိ ခံစားနေကြရတဲ့ ရောဂါပါ။ ယခုထိ ဒီကင်ဆာကို ကုသနိုင်ဖို့ စားဆေး၊ ထိုးဆေးတွေကိုသာ အသုံးပြုနေခဲ့ကြရတာပါ။ ယခု ချီလီနိုင်ငံက ဆေးပညာရှင်တွေဟာ သူတို့ဆီမှာ အလေ့ကျပေါက်နေတဲ့ Shrub ဆိုတဲ့ အပင်တစ်မျိုးက ထုတ်လုပ်ရရှိတဲ့ လိမ်းဆေးနှင့် ကုသပေးခဲ့ကြတာဖြစ်ပါတယ်။ ဒီဆေးကို သုံးရက်တစ်ခါ လိမ်းပေးပြီး တစ်လလောက်ကြာ လိမ်းလိုက်တဲ့အခါ ကင်ဆာကျိတ်ဟာ သေးသွားတာကိုတွေ့ရတယ်လို့ဆိုပါတယ်။ ဒီဆေးကို အများသုံးဆေးဝါးအဖြစ် ထုတ်လုပ်ဖို့ စီစဉ်နေပြီလို့ဆိုပါတယ်။ ဒီဆေးပေါ်လာတာဟာ ပြင်းထန်တဲ့ အရေပြားကင်ဆာအတွက် အားကိုးရမယ့်ဆေးတစ်ခုဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ရကြောင်း တင်ပြလိုက်ရပါတယ်။



ယခုဖော်ပြလိုတဲ့သတင်းကတော့ လူခန္ဓာကိုယ်က ကြွက်သား (muscle) နဲ့တူတဲ့ ကြွက်သားကို ဓာတ်ခွဲခန်းကနေ မွေးယူနိုင်တော့မယ်ဆိုတဲ့သတင်းပါ။ ဒါကို တွေ့ရှိခဲ့သူတွေကတော့ အမေရိကန်နိုင်ငံ North Corolina ပြည်နယ် Duke University က ဆေးသိပ္ပံပညာရှင်တွေဖြစ်ပါတယ်။ သူတို့ဟာ လူရဲ့ကြွက်သားက Cell တွေနဲ့ ၎င်းနှင့်နီးစပ်တဲ့နေရာက Stem Cell ကို ပေါင်းစပ်မွေးယူခဲ့တာလို့ ဆိုပါတယ်။ Stem Cell အစိတ်အပိုင်းကိုတော့ Myogenic Precursar လို့ခေါ်ပါတယ်။ ဒီလိုမွေးယူလိုက်တဲ့ ကြွက်သားဟာ Muscle Dystophy ခေါ်တဲ့ မွေးရာပါကြွက်သားအားပျော့တဲ့ရောဂါမှာ အစားထိုးနိုင်တယ်လို့ဆိုပါတယ်။ ယခုလို Bioengineering ပညာနှင့် မွေးမြူရရှိတဲ့ ကြွက်သားဟာ သာမန်ကြွက်သားတွေလို အလုပ်ဝတ္တရားအားလုံးကို စွမ်းဆောင်နိုင်စွမ်းမရှိပေမယ့် တချို့ muscle lost ဖြစ်သွားတဲ့နေရာမှာတော့ ကောင်းမွန်စွာ အစားထိုးနိုင်ကြောင်း တင်ပြလိုက်ရပါတယ်။




ယခုဖော်ပြလိုတဲ့သတင်းကတော့ စိတ်ဝင်စားစရာကောင်းတဲ့သတင်းတစ်ခုပါ။ ဆန်ကို ထမင်းအဖြစ် ချက်ပြုတ်လိုက်တဲ့အခါ digestible starch နှင့် indigestible starch ဆိုပြီး (၂)မျိုးထွက်လာပါတယ်။ ဒီထဲက indigestible starch ဟာ အစာချေညက်ဖို့ (Metabolise) လုပ်ဖို့ ခဲယဉ်းတဲ့အမျိုးဖြစ်ပါတယ်။ Digestible starch ကတော့ အစာချေညက်ခံရပြီး အင်အားဖြစ်စေတာဖြစ်ပါတယ်။ ယခုဖော်ပြမယ့်နည်းကတော့ ဒီ digestible starch ကိုလည်း indigestible starch အဖြစ် တချို့တစ်ဝက်အသွင်ပြောင်းစေပြီး အစာချေညက်လို့မရအောင်လုပ်ပေးခြင်းအားဖြင့် ကိုယ်အလေးချိန်လျှော့လိုသူ၊ အဝလွန်မှုလျှော့လိုသူတွေအတွက် နည်းတစ်ခုကို ထွင်လိုက်တဲ့သတင်းပါ။ ဒီလိုထွင်လိုက်

## CALIFORNIA UNITEC
### Institute of Engineering
### Edinburgh Napier UNIVERSITY

**2017 January Intake အတွက် ကျောင်းသူ/ကျောင်းသားများအားစတင်လက်ခံနေပါပြီ။**

- ၁၀ တန်းအောင်၊ GCE "O" Level အောင်၊ တက္ကသိုလ် ပထမနှစ် ⟶ Civil Engineering Foundation Course
- GCE "A" Level၊ တက္ကသိုလ် ဒုတိယနှစ်အောင်၊ GTC/GTU ဒုတိယနှစ်အောင် ⟶ HND (Level 4) ⟶ HND (Level 5)
- HND နှင့် B.Tech အောင်မြင်ပြီးသူများ ⟶ B.Eng (Hons) Civil Engineering (Edinburgh Napier University – UK)
- B.Eng (Hons) Civil Engineering Program အတွက် Edinburgh Napier University မှ Professor ကြီးများကိုယ်တိုင် လာရောက်သင်ကြားမည်ဖြစ်ပါသည်။
  - B.Eng (Hons) Civil Engineering Course တက်ရောက်နေစဉ်အတွင်း Internship Program များလုပ်ဆောင်ရမည်ဖြစ်ပါသည်။
  - ပြည်တွင်းရှိ Site များအပြင် ပြည်ပနိုင်ငံများဖြစ်သော (Thailand, Singapore, Malaysia, Australia) နိုင်ငံများရှိ Site များသို့လည်း သွားရောက်လေ့လာနိုင်ပါသည်။
  - Student Exchange Programme အနေဖြင့် Edinburgh Napier University သို့သွားရောက်နိုင်ပါသည်။
  - B.Eng (Hons) Civil Engineering ဘွဲ့အတွက် Graduation Ceremony ကို Edinburgh Napier University (UK) တွင်လည်း တက်ရောက်နိုင်ပါသည်။
  - Edinburgh Napier University မှ Learning Teaching Assessment များအသုံးပြုနိုင်ပြီး Library Access များလည်းရရှိမည်ဖြစ်ပါသည်။

ပုလဲကွန်ဒို၊ Block C နှင့် D ကြား ၊ 3F (တတိယထပ်)၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
09 250 555 558, 09 250 555 559, 09 255 71 72 30, 09 255 71 72 40, 09 421 00 55 44
www.californiaunitec.com
www.facebook.com/californiaunitec

BIRTHDAY DELIVERY SERVICES
မွေးနေ့လက်ဆောင် အိမ်အရောက်ပို့ဝန်ဆောင်မှု
OK$ INTERNET WALLET
Food2u
အွန်လိုင်းမှ အစားအစာ မှာယူပို့ဆောင်ရေး

**OK$ ဖြင့် ငွေပေးချေမှာယူပါက ပို့ဆောင်ခ အခမဲ့ + လက်ဆောင် ရယူပါ။**

Birthday Delivery Services 09-43163303 Food2u 09-5130403 OK$ 01-37788809, 09-30000066, 450144455 (၂၀၁၆၊ ဒီဇင်ဘာလကုန်အထိသာ)

**ရောင်းမည်**
သယ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ် (၃)၊ (၆)၊ (၈)၊ (၉)၊ လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိတိုက်ခန်းများကိုအမြန် ရောင်းမည်။ (B.C.Cရရှိပြီး)
ဖုန်း။ 09-5401011, 09-73095677,09-5002931

**တိုက်ခန်းရောင်းမည်**
(၁၂½ပေ×၅၀ပေ×၉ပေ)
မြေညီထပ်ပြင်ဆင်ပြီး။
အလင်းရောင်လမ်း၊ဒေါပုံမြို့နယ်
ဖုန်း ၊ ၀၉-၄၂၅၀ ၂၅၂၈၁

**ဝမ်းဆဲဗင်းဝမ်း**
အိမ်ချက် ထမင်း၊ ဟင်း
ချိုင့်ဆွဲပို့သည်။
စားကြည့်ပြီး ကြိုက်သွားစေရမည်။
Ph : 09 978794077, 09 5050321.

**ဆေးသုတ်ဝယ်ဆိုရင်**
Ph:09 73063683
09 795809414

**ပိုင်ရှင်ကိုယ်တိုင်အခန်းကျယ်ငှားမည်**
East Point Condo(ဗန္ဓုလအိမ်ရာ)
40'×90'=3600Sq:ft
ရုံးခန်း၊ သင်တန်းကျောင်း၊ အားကစားခန်းမများ ဖွင့်ရန်ကောင်း
ဖုန်း-၀၉၃၁၄၇၀၉၈၁

## Season One
Concrete Products & Piling Services
( Member of Ta Gaung Bwar Group )





**Piling Services ( Pile License No. PL-16 )**
- Press Pile (60 tons to 420 tons )
- Bored Pile

**Precast Services**
- Various Size of Precast Pile

Do you like Safe & Strength ?
Contact Our Piling Services Now !

Contact Ph : 09 5107245 , 09 8613183 , 09 254896104
Office Ph : 01 372691 , 01 372962 , 01 372963 , 09-5111678
Email : seasononecompany@gmail.com

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

**အကျိုးဆောင်မှ ငှားမည်**
09 773 22 10 22, 09 7777 2016 3, 09 7777 2016 6

| | | | |
|---|---|---|---|
| ရတနာလမ်းမပေါ် | (20'x60') | မြေသီးသန့် | 7 သိန်း |
| တဉ်ကျက်မှုရုံ | (20'x60') | 1RC,Hall,ပစ္စည်းထားကောင်း | 7 သိန်း |
| ဝေဇယန္တာလမ်းမ | (18'x55') | GF,နှစ်ရှည်ရ | 10 သိန်း |
| တဉ်ငွေကြာယံ | (40'x60') | 1RC,2MBR,2BR,3AC | 11 သိန်း |
| လေးဒေါင့်ကန်လမ်းမ | (25'x50') | 1RC,နှစ်ရှည်ရ | 13 သိန်း |
| ဗိုးကောင်းလမ်းမပေါ် | (20'x60') | GF,နှစ်ရှည်ရ | 14 သိန်း |
| သုဝဏ္ဏ VIP I | (90'x90') | 2RC,1MBR,2BR | 15 သိန်း |
| ရွှေဂုံတိုင်လမ်းမပေါ် | (20'x60') | GF,Hall,ကြွခင်း | 15 သိန်း |
| တာမွေ၊ မေတ္တာညွန့် | (60'x60') | ဂိုဒေါင်၊ ရေမီး | 16 သိန်း |
| ဝေဇယန္တာလမ်းသန့် | (40'x60') | 2RC,2MBR,2BR,5AC | 18 သိန်း |
| ဝေဇယန္တာလမ်းမ | (40'x60') | မြေကွက်နှစ်ရှည်ရ | 19 သိန်း |
| ထန်းဘဲ့လမ်းမပေါ် | (32'x95') | မြေ၊ နှစ်ရှည်ရ | 21 သိန်း |
| လေးဒေါင့်ကန်လမ်းမ | (28'x60') | 3½RC,နှစ်ရှည်ရ | 27 သိန်း |
| ဝေဇယန္တာဥယျာဉ်အိမ်ရာ | (75'x75') | 2RC,5MBR,5AC | 28 သိန်း |
| သာကေတစက်မှုဇုန် | (60'x140') | ဂိုဒေါင်၊ ရေမီး | 40 သိန်း |
| ရွှေဂုံတိုင်လမ်းမပေါ် | (50'x150') | 1RC,နှစ်ရှည်ရ | 50 သိန်း |
| ပါရမီလမ်းမ | (80'x80') | မြေ၊ ထောင့်ကွက်၊နှစ်ရှည်ရ | 65 သိန်း |
| ဝဟိုလမ်းမပေါ် | (60'x85') | မြေကွက်နှစ်ရှည်ရ | 65 သိန်း |
| ဝေဇယန္တာလမ်းမ | (60'x120') | 2RC,City mart နီး၊နှစ်ရှည်ရ | 80 သိန်း |
| ဗိုးကောင်းလမ်းပေါ် | (90'x90') | မြေ၊ထောင့်ကွက်၊နှစ်ရှည်ရ | 85 သိန်း |
| ဝေဇယန္တာလမ်းမ | (100'x150') | မြေကွက်နှစ်ရှည်ရ | 150 သိန်း |

ကွန်ဒို၊ လုံးချင်း၊ မြေကွက်၊ ဂိုဒေါင်များအပ်နှံပေးရန် ဖိတ်ခေါ်ပါသည်။

UNIQUE

# UNIQUE STAR

TRAVELS & TOURS

New Year Promotion

(၅)ဦးဝယ်လျှင် (၁)ဦး အခမဲ့

Vietnam-Cambodia (6D/5N) Dec:10, 23 (680 / 780$)

Saigon-MuiNe-Dalat (5D/4N) Dec:10,23 (450 /550 $)

Bangkok-Pattaya (6D/5N) Dec: 3,10,29 (490 /590 $)

Singapore (4D/3N) Dec: 3,10 , 29 (715 $)

S'pore-Malay (7D/6N) Dec: 3,10, 29 (1075 $)

Saigon-Hanoi-Halong (6D/5N) Dec: 3,10,23 (650 / 750$)

Hanoi-Halong Bay (4D/3N) Dec: 3,10,23 (490 / 590$)

Bangkok-Phuket/ Chiangmai (6D/5N) Dec: 3,10,29 (750 / 850$)

Bangkok-Cambodia (6D/5N) Dec: 3,10,29 (650 / 750$)

70/A,Kabaaye Pagoda Rd,Bahan Tsp.01-708 353,705 723,09 514 8079,09 540 1568 -69,09 7310 9133-44.

GOLDEN STAR

ကျိုက်ထီးရိုး(နေ့စဉ်)

ချောင်းသာ (နေ့စဉ်)

ငွေဆောင် (နေ့စဉ်)

Ph: 209200, 544383, 430480

ရွှေခင်းသာ

FULLY AIR-CON EXPRESS

ကားစီးလုံးငှားစီစဉ်ပေးသည်

Ph: 09-420046635, 09-30207754, 09-450098226

## 1982ckESf(B.V.S) bOu smifom;^orsm;\ jrwfq&mueftwmylGESh rdwfqkHpmpm;yGJ usif;yjcif;

၁၉၇၉-၈၂(**B.V.S**)ဘွဲ့ရကျောင်းသား/သူများ၏ မြတ်ဆရာကန်တော့ပွဲနှင့်မိတ်ဆုံညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းများအားလုံး စုံစုံညီညီတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ။ ၄-၁၂-၂၀၁၆(တနင်္ဂနွေနေ့)

အချိန်။ ။ ညနေ၅း၀၀နာရီ

နေရာ။ ။ **MICT ခန်းမ၊ MICT Park**(သမိုင်းအားကစားရုံအနီး)၊ သမိုင်းဝင်း၊ လှိုင်မြို့နယ်။

**ဆက်သွယ်ရန်ဖုန်း-၀၉၅၀၁၄၆၄၅၊ ၀၉၂၅၀၆၃၉၄၇၃၊ ၀၉၂၀၀၀၃၇၃၊ ၀၉၅၀၆၉၃၇၁**

## ရွှေရတုမင်္ဂလာဆုတောင်း

**ချစ်ဖေဖေ ဦးဝင်းကျော် + ချစ်မေမေ ဒေါ်ခင်ခင်စော**

(၂၃.၁၁.၂၀၁၆) ရက်နေ့တွင် ကျရောက်သော ရွှေရတုမင်္ဂလာနေ့ရက်မှသည် နှောင်နှစ်ပေါင်းများစွာတိုင်အောင် ကာယသုခ၊ စိတ္တသုခနှစ်ဖြာ ပြည့်စုံစွာဖြင့် ပျော်ရွှင်စွာ လျှောက်လှမ်း နိုင်ပါစေကြောင်း ဆုမွန်တောင်းလျက်......

| | | |
|---|---|---|
| ချစ်သားများ | - | ကိုနေထိုက်+မချို၊ ကိုစိုးသူဝင်း+မယဉ်ယဉ်ထိုက် |
| ချစ်သမီးများ | - | ကိုအာကာထွန်း+မခင်မျိုးသူဇာ၊ မတင်မျိုးသူဇာ၊ ကိုလင်းဝဏ္ဏ+မချောပြည့်ဝင်း၊ ကိုဟိန်းဇော်+မငြိမ်းပြည့်ဝင်း |
| ချစ်မြေးများ | - | ဝတ်ရည်ထိုက်၊ ပြည့်စုံထိုက်၊ မြရွှေသွေး၊ ခန့်နိုင်ထွဋ်၊ မေသံလွင်၊ မင်းဇေရာ၊ ထက်ရှင်းသန့်၊ အောင်ကောင်းခန့် |
| ချစ်မြစ် | - | ရဲထိုက်လု |

တက္ကသိုလ်ဝင် စာမေးပွဲမှာ ... အမှတ်များလိုသူများ အတွက်

ဂုဏ်ထူးဦးအောင်ခိုင်

2017 English Question 5 Sets

၂၀၁၇ အင်္ဂလိပ်စာ မေးခွန်း ၅ စုံ

၂၇၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ 01 252 919, 09 964 252 919



New One HospiSmartPro
SmartHotelero New Two
New Three FamilePOS

th Since 2007
9 iNFO Net
future through technology
Anniversary Promotion
18th ~ 30th November, 2016

လုပ်ငန်းသုံးကွန်ပျူတာစာရင်းကိုင်စနစ်အမျိုးမျိုးရရှိနိုင်သော
iNFO Net ၏ (၉) နှစ်ပြည့်နှစ်ပတ်လည် အထူးအစီအစဉ်များ

Get free anniversary shirt gift!
နှစ်ပတ်လည်အမှတ်တရအင်္ကျီလက်ဆောင်

Get free APK for online reporting anywhere!
စာရင်းအချက်အလက်များကို နေရာဒေသမရွေးကြည့်ရန်

Get up to 30% off during promotion!
အထူးအစီအစဉ်ကာလအတွင်း (၃၀%) ထိလျော့ဈေး။

ဆက်သွယ်ရန် ..... (၂၄၂၆)၊ ဒုတိယထပ်၊ ထန်းနှာလမ်းနှင့်ဝါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉ ၂၅၄၃၃၁၄၀၃၊ ၂၅၄၃၃၁၀၀၁ Email: infonetygn@gmail.com, Website:infonetygn.com.

GETC
building a better future

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ ဘွဲ့ကြို၊
ဘွဲ့ရနှင့် လုပ်ငန်းခွင်ဝင်နေသူများအတွက်



Communicative English
General English
Business English
Enroll Now
for November Intake!

| မြေနီကုန်း | တာမွေ | အင်းစိန် | မရမ်းကုန်း (ကမ္ဘာ့အေး) |
| --- | --- | --- | --- |
| 01-537895, 09262963776 | 01-549590, 09254148006 | 09259822226/ 7 | 01-663960, 09259822220 |

ဒေါက်တာဇော်ဝင်းသိန်း

Doctor of Business Administration (UK), MBA (UK), CMgr FCMI, Ch MCSI, FCMA, CGMA, FABE, FCCA, CPA

CIMA (UK)
Financial Management

ZAW Business School တွင်ထူးချွန်သူများအတွက် ပညာသင်ဆုများ နှင့် Early Bird Discount များပေးအပ်ချီးမြှင့်မည်။

CIMA World Prize Winner များမွေးထုတ်ပေး၍ ဘာသာရပ်အားလုံးကိုသင်ကြားပေးနေသော မြန်မာနိုင်ငံ၏ တစ်ခုတည်းသော သင်တန်းကျောင်း

Enroll Now
31 Dec 2016 ထိသည်


LCCI (UK)
(စာရင်းကိုင် Diploma သင်တန်းများ)

ZAW BUSINESS SCHOOL (APPROVED CENTRE)

: 0950-13589, :0950-74974, :0979 5556677

၅၆၊ရေကျော်လမ်း(ရွှေဘုန်းပွင့်စေတီတော်အနီး)၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။

ဓူဝ
ရွှေဆိုတာ မင်္ဂလာ မနိုင်းမီတာ ရိုတန်ဖိုး...............
စိန်ရွှေရတနာဆိုင်
မှာ ရွှေဝယ်ရင်း လက်ဆောင်ပစ္စည်းများ ရယူကြပါစို့။



တစ်ကျပ်ပြား
ငါးမူးပြား
ဆိုင်ဖွင့်ချိန် (9:00 မှ 6:30 အထိ)

အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆

SEVEN ဝ
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးရေသည်၊ "ပွဲခ လုံးဝ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644

သီဟလင်း
01-570307
09-5112729
09-5126394

မြန်မာနိုင်ငံသားတိုင်း အကောင်းစား Laptop တစ်လုံးကိုပိုင်ဆိုင်နိုင်ရန်

Core2Duo, RAM 1GB, HDD 40GB, DVD, WiFi ကို ၉၅၀၀၀ ကျပ်
Core2Duo, RAM 2GB, HDD 80GB, DVD, WiFi ကို ၁၁၀၀၀၀ ကျပ်
သတိုးအောင်ဇေယျ ကွန်ပျူတာအရောင်းဆိုင်မှ
(၁၅. ၁၂. ၂၀၁၆)အထိ ရောင်းချပေးနေပါပြီ. .
Facebook တွင် TTAZY ဟု ရိုက်လိုက်ပါ. . .
သိချင်တာအားလုံးကို ရှင်းလင်းစွာဖော်ပြထားပါသည်။
အရစ်ကျစနစ်ဖြင့် ဝယ်ယူလိုပါက ဆက်သွယ်ရမည့်ဖုန်း ၀၉ ၄၄၄၄၆၆၆-၈၁/၈၂/၈၃/၈၄/၈၅/၈၆/၈၇/၈၉



NEW MOTION Travels & Tours
ESCAPE FROM EVERYDAY LIFE
၂၀၁၆ ခုနှစ်ကို နှုတ်ဆက်မည့် New Motion ၏ Christmas ခရီးစဉ်များ

ဥရောပ (Dec 25)
ဩစတြေးလျ (Dec 20)
ဟောင်ကောင် (Dec 30)
ကိုရီးယား (Dec 22)
စင်ကာပူ (Dec 30)
ဒူဘိုင်း (Dec 28)
ဂျပန် (Dec 24)
ထိုင်ဝမ် (Dec 30)
မလေးရှား (Dec 31)
ချင်းမိုင် (Dec 25)
ဘာလီကမ်းခြေ (Dec 30)
ဗုဒ္ဓဂယာ (Dec 24, Feb 07)
ဒေလီ ~ ကာရှ်မီးယား (Dec 20)
ဗီယက်နမ် (Dec 27, Dec 28)
ဘန်ကောက် (Dec 28, Dec 29)
ဘန်ကောက် ~ ဗီယင်ရှိ(မ်) (Dec 29)

No. 20, Ground Floor, Kyun Taw Rd., Sanchaung Tsp, Yangon. Ph: 09-260792884/5/6, 09-73148944/55/66

မိုးမြင့်ကြယ်
ကျိုက်ထီးရိုး (မနက်/ငြိမ်) 33000
ရှောင်းသာ (Guest - ငြိမ်) 33000
(မနက်) (Hotel - ငြိမ်) 42000
ငွေဆောင် (Hotel - ငြိမ်) 50000
(မနက်) (Hotel+ထမင်း) 45000
ပုဂံ / ပုပ္ပါး (Hotel - ငြိမ်) 110000
ကားချိုးနှင့် စင်းလုံးငှားဆောင်ရွက်ပေးသည်။
01-549380, 09-5093704
09-450012971

အာရှနဂါး
မြဝတီ / ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

Since 1985
ငေဒါနာရှင်
ကျိုက်ထီးရိုး + မြဝတီ
ချောင်းသာ + ပေလီ
01-392704, 09 73017110
09795066657, 09785066657

Asia Top မှ ကျိုက်ထီးရိုး / ချောင်းသာ (နေ့စဉ်)
ပုဂံ(ဖွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ-သီဟိုဠ်ရှင်၊ သရက္ခေတ္တရာ၊
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ(မင်းကွန်း) Nov 18, 23, 25
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကဲ့လို၊ ကလော၊ ထမ်းဝမ်းငွေတော်ကတ္တူ
ထားဝယ်၊ ရှင်ကိုးရှင်၊ မျှော်ရှင်၊ မောင်းမကန်ကမ်းခြေ၊ ကျိုက္ခမီ၊ စက်စဲ
ဘားအံ၊ မြဝတီ၊ မဲဆောက်၊ ပေလီ
0943164118, 098635520, 0949764458

GW
0973226006
0973133528
0973077569
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

FULLY LIGHT ခရီးသွားကုမ္ပဏီ
လူကြီးမင်းတို့ သွားလိုရာ ခရီးအား အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်...
လိပ်စာ - ဖဂိုစင်တာ(၁)၊ ဘီဆောင် - ၀၀၁၊ မြေနီကုန်း၊ စမ်းချောင်း
01-503815, 09-333 777 82, 09-42 101 3085

ချင်းမိုင်
၂၃ - ၂၅ ဒီဇင်ဘာ
၂ညအိပ် ၃ရက်
USD 260
AIR KBZ
ပေးရတဲ့ပိုက်ဆံနဲ့တန်လိုသူများ၊ မိမိကိုယ်တိုင်စီစဉ်သည်ထက် ကုန်ကျစရိတ်ပိုမိုသက်သာလိုသူများ၊ စိတ်အနှောင့်အယှက် ကင်းကင်း ကုန်ကျစရိတ်အပြီးအစီးဖြင့် Hassle-free ခရီးသွားလိုသူများ အသေးစိတ်အချက်အလက်များကို သိရှိလိုလျှင် သို့မဟုတ် စာရင်းပေးသွင်းလိုလျှင် ဆက်သွယ်ရန်...
ရွှေခင်းလမ်း ခရီးသွားလုပ်ငန်း
ဖုန်း - ၀၁ ၅၂၄ ၈၄၁
၀၉ ၇၈၈ ၉၉၉ ၈၂၀ ~ ၈၆၀

Merry Christmas & 2017 Happy New Year!
ဘန်ကောက်၊ ပတ္တရား၊ အယုဒ္ဓယ (5D/4N) 29 Dec.,2016 ~2 Jan., 2017 ( USD-550 )
ဘန်ကောက်၊ ကမ္ဘောဒီးယား (5D/4N) Dec.28~01Jan.2017(USD-580)
ဟောင်ကောင်၊ မကာအို (5D/4N) Dec.29~02 (USD-1320)
ပေကျင်း၊ ရှီအမ်း၊ ရှန်ဟိုင်း (7D/6N) Dec. 26~01(USD-1750)
ကိုရီးယား (6D/5N) Dec. 22~27 (USD-1550)
ဂျပန် (8D/7N) Dec.29~05 Jan.(USD-2900)
ဒူဘိုင်း (5D/4N) Dec.28~02 Jan.(USD-1950)
စင်ကာပူ (4D/3N) Dec.29~01 Jan.(USD-750)
တိုး ဒီ နဲ့ GO ပြီ
ဗီယက်နမ် ဟနွိုင်း၊ ဟားလောင်၊ နိမ်ဘင်း (4D/3N) Dec. 23~26 (USD-470) Dec. 30~02Jan. (USD-490)
ဗီယက်နမ် ဟိုချီမင်း(ဆိုင်ဂုံ)၊ မိုနဲကမ်းခြေ၊ ဒါလတ် (5D/4N) Dec.23~27/ Dec.30~03(USD-440)
အမှတ် (၁၀၉)၊ (ပ) ထပ်၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။
ဖုန်း၊ ဖက်(စ်) ၀၁ – ၂၅၀ ၇၃၄၊ ၃၇၈ ၁၂၇၊ ၃၇၈ ၅၀၃
Viber : 09-77 9999 146
09-77 9999 147
/TourDeMyanmar/
ပြည်ပခရီးသွားလိုင်စင်အမှတ် - ၀၀၁၂

မန္တလာတွင် ကျင်းပမည့်
နာမည်ကျော်ကြားကုန်စည်များ အရောင်းပြပွဲနှင့် ၂၀၁၇ အကြို အာမခံမိတ်ဆက်
နေ့ရက် ၁၅-ဒီဇင်ဘာ-၂၀၁၆ မှ ၁၈-ဒီဇင်ဘာ-၂၀၁၆ အထိ
အချိန် နံနက် ၉း၀၀ နာရီမှ ည ၉း၀၀ နာရီအထိ
နေရာ အမျိုးသားကဇာတ်ရုံ (မန္တလေး)
Organized by Best Plus Co.,Ltd
Platinum Sponsor By Global World Insurance
Premium Sponsor By T.Home
Advertising Partner By OK$
Call Now :
+959 432 005 86
+959 2571145 09 +959 421034 844
+959 420101 316 +959 4200 50 922

မြေညီထပ်
တိုက်ခန်းအမြန်ရောင်းမည်။
ရွာမကျောင်းလမ်းအနီး၊
လှိုင်မြို့နယ်။
Ph - 09 420074266

ဒဂုံမြို့သစ်
အင်ကုန်း
အိမ်ကင်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

မိတ္တူစက် တစ်လုံးဝယ် ၊ All in One တစ်လုံးလက်ဆောင်
တန်ဖိုးသင့်ဝယ်ယူနိုင်တော့ CASH BACK များနှင့် ခွဲဝေမည်
KONICA MINOLTA
PRINTING SOLUTIONS
လက်ဆောင်ပစ္စည်းများလည်း ထပ်မံပေးအပ်ပါမည်။
3 Years Standard On-site Service
အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်နေ့အထိ
bizhub C221
Buy any Multifunction Copier
Print|Copy|Scan
PagePro1590MF
Get All in one B/W Laser printer
Print|Copy|Scan|Fax
FREE DELIVERY INSTALL TRAINING
Since 1951
Authorized Distributer
Gandamar Business Solutions

အကောင်းဆုံးနဲ့ အသေးငယ်ဆုံးအိတ်ဆောင်ပရိုဂျက်တာ
vivitek
Vivid Color, Vivid Life
Qumi Q3 Plus
- Pocket Projector
- Android OS
- Wi-fi, bluetooth
- Rechargeable battery
up to 30,000 hours lamp life
HOTLINE : 09-253 547 980


Y A N G O N F I R S T S O H O B U S I N E S S C E N T E R
SPRING LINE
★ Hlaing River Landmark ★
27 NOV 2016
PROJECT PROMOTION EVENT
I Recommend Spring Line
SUPER STAR
May Ywet War
ROOM UNIT CAN VARIABLE
Living And Office Together As Desired
Permanently Possess The Property Rights Of Land
Wealth For Next Generation
Complete And Convenient For Living And Business
Center Of Commercial Location Become The Maximum Value Added
Cluster Of Active Business Center
Boutique Business Hotel Shopping Center Lead To Regional Landmark
Tel: 09 7930 66666
Add: No.461,Kanar Middle Qtr,Hlaing River Road,Insein Township,
Nearby Aung Zay Ya Bridge,Yangon
Facebook: Springline Rbd
Shwe Oak Khai Construction Co.,Ltd.
Hlaing
River
SPRING LINE
Yangon International Airport
Aung zoryar Bridge
FMI CITY
City Mart
8th mile
Yangon Hotel

AUNG NAING SCHOOL OF ACCOUNTANCY

# ဦးအောင်နိုင်

(ရွှေတံဆိပ်ဆုရှင် - CPA)

B.Com(Q), CPA, FLCCI (London-UK), DA(LCCI-UK), FFA(IFA-UK)

U Aung Naing-LCCI(official page), ASA aung naing

# LCCI & ACCA

စာရင်းကိုင်သင်တန်းများ

for 2017, June Exam

စုံနံပါတ်ကြိုတင်ယူ၍ ကျောင်းအပ်နိုင်ပါပြီ

အမှတ် - ၂၄၄(တတိယထပ်)၊ မီးပွိုင့်နှင့် ခုံတံတားကြား၊ ပန်းဆိုးတန်းလမ်း(ထက်)။ Tel: 01-377610, 09-730 66231, 09-730 99752, 09-320 60060

LCCI Approved Centre

---

# NELC

*Don't Worry, Just Speak!*

# Preschool

( ၂-နှစ်ခွဲ မှ ၅-နှစ် )



လစဉ် အတန်းခွဲသစ်လက်ခံသည်။

ကျောင်းကား စီစဉ်ပေးသည်။

ဗိုလ်အောင်ကျော် 01 256516~7 | စမ်းချောင်း 01 501947/09 8612639 | မရမ်းကုန်း 09 73065345 | သုဝဏ္ဏ 09 960603700 | မြောက်ဥက္ကလာပ 09 960604700

ပြင်ဦးလွင်-09 400306019 လားရှိုး-082 26611 တာချီလိတ်-084 52572 မန္တလေး-09 91023900

---

# မင်္ဂလာပါ

အိမ်ပြောင်းအိမ်ရွှေ့ လုပ်ငန်း

မြို့တွင်း/နယ်ဝေးများအတွက်

ဈေးနှုန်းချိုသာစွာဖြင့်

Box ကားနှိုးဖြင့်

အလုံသအာစီစဉ်ပေးသည်။

09-450042704

09-250095116

09-420096296

---

# ဒေါ်သူဇာဝင်း

LCCI Approved Centre

B.A (Econ), D.A, DMA (LCCI,UK), C.A.T(UK), ACCA (part II), D.Comp Acc(UK)

# LCCI 1, 2, 3

MYOB & AutoCount

June-2017 Series တန်းခွဲသစ် ကျောင်းအပ်လက်ခံပြီ

ခုံနံပါတ် ကြိုယူနိုင်ပြီ

Center-1 အမှတ်(၃၀)၊ ပုလဲလမ်း၊ ကျိုက္ကဆံရုပ်ကွက်၊ ဗဟန်းမြို့နယ်။ (မြလမ်းမှတ်တိုင်)

Center-2 အမှတ်(၁၅၀) တတိယထပ်၊ ဆိပ်ကမ်းသာ(အောက်)၊ ကျောက်တံတား

Ph:09-5029621,09-5402724,,01-373030

---

# GLOBAL PHOENIX

အိမ်ခြံမြေ အကျိုးဆောင်

အဆင့်မြင့် လုံးချင်းအိမ်များ၊ ကွန်ဒိုခန်းများကို ငှားလိုသော နိုင်ငံခြားသား ဧည့်သည်များ ရှိနေပါသဖြင့် အိမ်ပိုင်ရှင်များ အမြန်ဆုံး ဆက်သွယ်ပေးပါ။

09-260 2600 29 / 59

---

## ဝမ်းတော်ပြည့်ပညာဒါန

**L.C.C.I Level I & II စာရင်းကိုင်သင်တန်း**

စာရင်းကိုင်ပညာကို အခြေခံမှစ၍ အင်္ဂလိပ်စာမေးပွဲကို ထူးချွန်စွာအောင်မြင်သည်အထိ သင်ကြားပေးမည်။

သင်တန်းဖွင့်မည့်နေ့ ။ ၆-၁၂-၂၀၁၆(အင်္ဂါနေ့)ဖွင့်မည်။ (တန်းခွဲ-၁၃)

သင်တန်းချိန် ။ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး နံနက်(၇း၃၀)မှ(၉း၃၀)ထိ။

သင်တန်းတက်ရောက်လိုသူများသည် ဝမ်းတော်ပြည့် ဘုန်းတော်ကြီးကျောင်း၊ တောင်ဥက္ကလာပမြို့နယ်၊ ယမုတ်တိုင်၊ ပါရမီလမ်း၊ အမှတ်(၃)ဝိုင်း။ ဖုန်း-09795625290, 095410909, 095088264 သို့ ဆက်သွယ်မေးမြန်း၍ ကြိုတင်စာရင်း သွင်းတက်ရောက်သင်ယူနိုင်ပါသည်။

---





THE


# LINK

BOUTIQUE HOTEL

THE LINK BOUTIQUE HOTEL | YANGON — THE LINK BOUTIQUE HOTEL | 78 MANDALAY — THE LINK BOUTIQUE HOTEL | 33 MANDALAY







Central Reservation
Eden Hotels & Resorts
No. 23/25, Kaba Aye Pagoda Road
Golden Valley Ward No. (2)
Bahan Township, Yangon, Myanmar
+95 1 8603204 ~ 6, 8603327
sales@edenhotelsandresorts.com

Your Comfort. Our Promise.

---

သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရှေ့ တိုက် ကို စိုး

# ယာယီတဲဖြင့် နေထိုင်လျက်ရှိသည့် ထွက်ပြေးတိမ်းရှောင်လာသူများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၂**

မောင်တောမြို့နယ် အဘူဂျရားကျေးရွာအနီး ယာယီတဲဖြင့် နေထိုင်လျက်ရှိသည့် ထွက်ပြေးတိမ်းရှောင်လာသူများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ပြီး မူလနေရပ်သို့ ပြန်လည်ပို့ဆောင်ရန် စီစဉ်လျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

**နေရပ်သို့ ပြန်လည်ပို့ဆောင်ရေးစီမံ**

မောင်တောမြို့နယ် အဘူဂျရားကျေးရွာအနီးတွင် အခြားကျေးရွာများမှ ထွက်ပြေးလာသူများသည် ယာယီတဲများဖြင့် နေထိုင်လျက်ရှိကြောင်း သတင်းများအရ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၀ ရက် နံနက် ၁၁ နာရီခွဲက သွားရောက်စိစစ်ရာ ဒါးကြီးစားကျေးရွာနှင့် မျောတောင်ကျေးရွာများမှ ထွက်ပြေး တိမ်းရှောင်လာသူ ၁၂၁၃ ဦးမှာ အဆိုပါနေရာတွင် ယာယီတဲများဖြင့် နေထိုင်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့အား ရခိုင်ပြည်နယ်အစိုးရက ဆန်အိတ် ၁၀၀၊ ငါးခြောက် ပိဿာ ၁၀၀ နှင့် ခေါက်ဆွဲခြောက် ဖာ ၁၀၀ စသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့ပစ္စည်းများ ပေးအပ်ခဲ့ပြီး မူလနေရပ်သို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

**ထောက်ပံ့ပို့ဆောင်**

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့ပစ္စည်းများ ပို့ဆောင်စဉ်။



# ဆူဇူကီးဖလားပြိုင်ပွဲ အုပ်စု (က)တွင် လက်ရှိချန်ပီယံ ထိုင်းအသင်း ဆီမီးဖိုင်နယ်တက်

**ရန်ကုန် နိုဝင်ဘာ ၂၂**

၂၀၁၆ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စု(က) ဒုတိယနေ့ကို ယနေ့ ညနေပိုင်က ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပရာ လက်ရှိချန်ပီယံ ထိုင်းအသင်း နှစ်ပွဲဆက်အနိုင်ရပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားသည်။

ထိုင်းအသင်းသည် စင်ကာပူအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းသည် ယခုပွဲတွင် အကောင်းဆုံးပုံစံ ပြသနိုင်ခြင်းမရှိခဲ့ဘဲ စင်ကာပူအသင်း ဂိုးရနိုင်သည့် အခွင့်အရေးများကို အသုံးမချနိုင်ခဲ့သောကြောင့် နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၈၉ မိနစ်တွင် ဆာရာဝပ်က သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် လက်ရှိချန်ပီယံ ထိုင်းအသင်းက ခြောက်မှတ်ဖြင့် အုပ်စုပထမရရှိကာ ဆီမီးဖိုင်နယ်တက်သွားပြီး လက်ကျန်တစ်နေရာအတွက် သုံးသင်းစလုံး မျှော်လင့်ချက်ရှိနေဆဲဖြစ်သည်။ ဖိလစ်ပိုင်အသင်းက နှစ်မှတ်၊ အင်ဒိုနီးရှားနှင့် စင်ကာပူအသင်းတို့က တစ်မှတ်စီ ရရှိထားသည်။

**(ဖိုးသော်ဇင်)**



ထိုင်းအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်နေစဉ်။ (ဓာတ်ပုံ-affsuzukicup.com)

# မန္တလေးမိုးလေဝသတိုင်းတာရေး ရေဒါစခန်း လာမည့်နှစ်လယ်တွင် ပြီးစီးမည်

**မန္တလေး နိုဝင်ဘာ ၂၂**

မန္တလေးမြို့တွင် တည်ဆောက်နေသည့် မိုးလေဝသတိုင်းတာရေး ရေဒါစခန်း လာမည့် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် စတင်အသုံးပြုနိုင်မည်ဖြစ်ပြီး ကျောက်ဖြူမိုးလေဝသရေဒါစခန်း၊ ရန်ကုန်မိုးလေဝသ ရေဒါစခန်းဟူ၍ တစ်နိုင်ငံလုံးကို လွှမ်းခြုံတိုင်းတာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အထက်မြန်မာပြည်ဌာနခွဲမှ သိရသည်။

ဂျပန်နိုင်ငံ၏ ကူညီပံ့ပိုးပေးမှု Grant Aid ဖြင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက မြန်မာနိုင်ငံအစိုးရနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေသော မန္တလေးမြို့ရှိ မိုးလေဝသတိုင်းတာရေးရေဒါစခန်း တည်ဆောက်နေမှုမှာ ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပြီးစီးမည်ဖြစ်ပြီး ဩဂုတ်လတွင် လုံးဝပြီးစီးကာ စတင်အသုံးပြုနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

အဆိုပါရေဒါစခန်းမှ မိုးလေဝသအခြေအနေအချက်အလက်များကို မြန်မာတစ်နိုင်ငံလုံး လွှမ်းခြုံဆောင်ရွက်နိုင်မည်ဖြစ်ပြီး အချိန်နှင့်တစ်ပြေးညီ ဖြစ်ပေါ်နေသော မုန်တိုင်းအခြေအနေ၊ မိုးရွာသွန်းနိုင်မှုအခြေအနေ၊ မိုးရေချိန်ရရှိမှုအခြေအနေ၊ လေပြင်းတိုက်ခတ်နိုင်မှုအခြေအနေ စသည့် မိုးလေဝသအခြေအနေများကို ကြိုတင်သတိပေးချက်များ ထိရောက်စွာ ထုတ်ပြန်နိုင်ရေးအတွက် ဂျပန်နိုင်ငံမှ ကူညီပံ့ပိုးပေးခြင်းဖြစ်ကြောင်း ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မြန်မာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တည်ဆောက်ပြီးစီးသွားပြီဖြစ်သည့် ကျောက်ဖြူမိုးလေဝသတိုင်းတာရေး ရေဒါစခန်းကို ၂၀၁၅ ခုနှစ်တွင် ဆောင်ရွက်ခဲ့ပြီး ရန်ကုန်မိုးလေဝသတိုင်းတာရေး ရေဒါစခန်းသည် ယခုနှစ် အောက်တိုဘာလတွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ကျောက်ဖြူ မိုးလေဝသတိုင်းတာရေး ရေဒါစခန်းသည် မီတာ ၄၀ အမြင့်ရှိပြီး ရန်ကုန်စခန်းသည် မီတာ ၇၀ အမြင့်ရှိကြောင်း သိရသည်။ မန္တလေးမြို့ စဉ့်ကိုင်မြို့နယ်တွင် တည်ဆောက်နေသည့် မိုးလေဝသတိုင်းတာရေးရေဒါစခန်းမှာ မီတာ ၅၀ အမြင့်ရှိကြောင်း သိရသည်။



မိုးလေဝသတိုင်းတာရေး ရေဒါစခန်း (မန္တလေး) တည်ဆောက်နေမှုကို တွေ့ရစဉ်။

**(ဆုနှင်းလဲ့)**



